
www.burmeseclassic.com

# မြလွနိုးခါ

ဆေးတက္ကသိုလ်

## မြားနှစ်စင်းရဲ့ဒဏ္ဍာရီ




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် — ၅၀၀၃၉၄၀၄၀၇
မျက်နှာဖုံးခွင့်ပြုချက်— ၅၀၀၄၅၅၀၅၀၇
အကြိမ် — ပထမအကြိမ်
၂၀၀၇–ခုနှစ်၊ စက်တင်ဘာလ
အုပ်ရေ — ၅၀၀
တန်ဖိုး — ၁၅၀၀/–
ထုတ်ဝေသူ — ဒေါ်ကေခိုင်ဦး (မြဲ–၀၃၇၆၉)
ရွှေသမင်စာပေ
၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်တိုင်း။
အတွင်း/အဖုံးပုံနှိပ်သူ— ဦးဝင်းဖေ (မြဲ–၀၇၆၅၀)
စိုးထက်ကျော်ပုံနှိပ်တိုက်
တိုက် (၂၀၆)၊ အခန်း (အေ)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

www.burmeseclassic.com

www.burmeseclassic.com


BURMESE CLASSIC

ဒီအကြောင်းတွေဟာ ကျွန်မဘဝထဲက လာတဲ့ ခံစားချက်တွေပါ။ တစ်စုံတစ်ယောက်နဲ့ တိုက်ဆိုင်မှု ရှိချင်လည်း ရှိမယ်။ တစ်ဖက်စွန်း ရောက်နေတယ်လို့ ထင်ချင်လည်း ထင်မယ်။ ဒါပေမယ့် 'မြား'ဆိုတာ ထိမှန်ဖို့ပဲမဟုတ်လား။ ကျွန်မတို့ ဘဝတွေမှာ ဘယ်မြားတွေက ရည်ရွယ်တာတွေကို ထိမှန်ပြီး ဘယ်မြားတွေကတော့ ပစ်မှတ်တွေနဲ့ လွဲချော်ခဲ့ရတဲ့ အကြိမ်တွေ တော်တော်များများ ရှိခဲ့ကြမှာပါ။

လူတစ်ယောက်ရဲ့ ဘဝက မြားတစ်စင်း ဖြစ်နိုင်သလို အဲဒီလူကိုယ်တိုင်က ပစ်မှတ်ဖြစ်နေနိုင်တဲ့ အနေအထားမျိုးရော ကြုံဖူးကြရဲ့လား။

တစ်ခါတလေ ကိုယ့်အတွက် ကိုယ်ဖြစ်ချင်တာတွေ ပြောင်းလဲလိုက်ရတယ်၊ စွန့်လွှတ်လိုက်ရတယ်၊ ရပ်တန့်ပစ်လိုက်ရတယ်။

***နွေသမင်စာပေ***

www.burmeseclassic.com

www.burmeseclassic.com



အဲဒါကို တံကြွမှာလို့ ခေါ်ကြတယ်လေ။

ကျွန်ဘဝကို ကျေနပ်ရဲ့လား။

ဘယ်တုန်းကမှ မကျေနပ်ခဲ့ဖူးဘူး။

ကျေနပ်စရာရယ်လို့ ရှိခဲ့တယ် ဆိုရင်တောင်...

သူလျှာနဲ့ တွေ့ခဲ့တယ်ဆိုတဲ့ အချက်ကိုတော့ ကျေနပ်မိတယ်။

ဘာလို့လဲဆိုတော့ သူကလည်း မြားတစ်စင်းနဲ့ တူလို့ပါ။

ကျွန်မတို့ နှစ်ယောက်က လားရာတော့ မတူကြဘူးရှင့်...။

မာန်



www.burmeseclassic.com

www.burmeseclassic.com


# အခန်း ( ၁ )

ဒီနေ့ဟာ ကျွန်မအတွက်တော့ ဆုံးဖြတ်ချက်တစ်ခုကို အမြစ်မနေ ချရမည့်နေ့ ဖြစ်သည်။

ဆေးခန်းထဲက ထွက်လာသည့် တိုင်အောင် ဆရာဝန်၏ စကားများက နားထဲ၌ တချို့တစ်ဝက် ရှိတုန်းပင် ဖြစ်သည်။ (Heart Failure) နှလုံးရောဂါ ဟုပဲ ဆိုရမည်။ အမြဲတမ်း ဆေးသောက်ရမည်။ ဆရာဝန်နှင့် မှန်မှန်ပြသရမည်။

စိတ်ဆင်းရဲလို့ မရ။ ပင်ပန်းခံ၍ မရ။ သောကကြောင့် အသက်တိုလိမ့်မည်။

တစ်ယောက်တည်း သမီးအတွက် မပင်ပန်းဘဲ နေထိုင်ဖို့ ဘယ်ကပိုက်ဆံ ရနေမှာတဲ့လဲ။ ဆရာဝန်သည် ကျွန်မ၏ လူနေမှု ဘဝကိုတော့ အတော်ကြီး စိတ်ဝင်တစား ရှိလှသည်။ မိန်းမချင်းမို့ ငဲ့ညှာနားလည်နိုင်တာလား။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ တစ်နေ့မှာ မနက်ရော ညလယ်ထိရော အလုပ် မလုပ်ရင် ကျွန်မ ရပ်တည်ဖို့ မလွယ်ဘူး ဒေါက်တာ၊ ကျွန်မ ရုန်းကန်နေမှ အသက်ရှင်ဖို့ ငွေရမယ်၊ ဒေါက်တာ နားလည်ပုံမလား မသိဘူး၊ မိန်းကလေး တစ်ယောက်တည်း အသက်ရှင်သန်ဖို့ ရုန်းကန်တဲ့အခါ ကျွန်မအတွက် အချိန်ရော လူနားတဲ့အချိန်ပါ သိပ်ဆင်းရဲပါတယ်၊ ဘာလို့လဲဆိုတော့ မိနစ်တိုင်းဟာ ကျွန်မ အတွက် အရေးကြီးနေတယ်၊ ကျွန်မ ပီအိပ်ချ်ဒီအတွက် ငွေစု ရဦးမယ် ဒေါက်တာ၊ သိန်းလေးရာဆိုတဲ့ ငွေဟာ ကျွန်မအတွက် မဖြစ်မနေ ရှိရမယ့်ပမာဏပါ"

"သမီး Ph.d ရပြီပဲ ထားပါတော့၊ အဲဒီအချိန်ထိ သမီး ခန္ဓာကိုယ်က သမီး struggle (ရုန်းကန်) လုပ်တာကို ခံနိုင်မယ်လို့ ထင်လား။ အဲဒီအပိုင်းဟာ သမီး ရောဂါနဲ့ဆိုင်တယ် မာန်၊ သမီး အဲဒီအချိန် မရောက်ခင် အတောအတွင်းမှာတင် အသက် အန္တရာယ်ကို ထိခိုက်နိုင်လောက်တဲ့အထိ ဖြစ်သွားနိုင်တာကို မစဉ်းစားဘူးလား၊ သမီး ဖြစ်ချင်တာတွေ မမ သိတယ်၊ သမီး ဖြစ်သင့်နေတာကို မမ ပြောပြရမယ်၊ သမီး မမရဲ့ client ဖြစ်လာတာ ခြောက်နှစ်ရှိပြီ"

သက်ပြင်း တစ်ချက်ကို မှုတ်ထုတ်လိုက်သည်။ အခု အချိန်မှာ ရွေးချယ်ရမှာ အသက်ရှင်ဖို့ရယ်၊ မသေချာသော အနာဂတ်ကို ရှုံးသွပ်မှုရယ်၊ တစ်ခုခုကို ကျိန်းသေပေါက် ရွေးချယ် ရမည်။



www.burmeseclassic.com

www.burmeseclassic.com



"တို့နှစ်ယောက် နိုင်ငံခြားက Ph.d ဘွဲ့ယူပြီးရင် သူတို့နဲ့ ရင်ပေါင်တန်းနိုင်တဲ့၊ သူတို့ထက်တော်တဲ့ မြန်မာမိန်းမတွေ ဖြစ်ရမယ်၊ တို့ လူတွေအတွက် အလုပ် လုပ်ကြမယ်၊ နင်က သုတေသနကို ဝါသနာပါတာ ဆိုတော့ အဲဒီဘက်ကိုလိုက်၊ ငါကတော့ ကလေး တွေကို စိတ်ဝင်စားတော့ ကလေးသူငယ် ကျန်းမာရေးအဖွဲ့ထဲ ဝင်မယ်၊ မြန်မာပြည်က ကလေးတွေရော၊ တစ်ကမ္ဘာလုံးက ကလေးတွေအတွက်ပါ ငါ ကြိုးစားမယ်၊ သူတို့မှာ လိုအပ်နေ တာတွေ ဖြည့်ပေးမယ်၊ အသက်ကြီးတဲ့အခါ ငါ စာရေးမယ်၊ နင်က ပန်းချီဆွဲပေါ့"

"အသက်ကြီးမှ စာရေးမယ်၊ ဟား ဟား... စာရေးတဲ့ အလုပ်ဆိုတာ အနုပညာတွေထဲမှာ အခက်ဆုံးပဲ၊ သင်လို့မရဘူး၊ နင် အဲဒါ သိရဲ့လား၊ စာရေးဆရာဆိုတာ တစ်ရက်မှာ နှစ်ဆယ့် လေးနာရီလုံး စိတ်ရော ကိုယ်ပါ အားတဲ့လူမဟုတ်ဘူး၊ ဝေဒနာ ပင်ပန်းတယ်၊ အရေးကြီးဆုံးက..."

"ပိုက်ဆံပဲ...ငါ သိပါတယ်၊ လူတစ်ယောက်ဟာ စာရေး တာ တစ်ခုတည်းကို Professional (အသက်မွေးဝမ်းကျောင်း) အနေနဲ့ အားကိုးလို့ မရဘူး၊ စာရေးချင်ရင် အဲဒီစာ ရေးနိုင်ဖို့ တစ်ဖက်က ဝင်ငွေကောင်းကောင်းနဲ့ ထောက်ပံ့နိုင်မယ့် အလုပ်တစ်ခု လိုကို လိုအပ်တယ်၊ ဒါကြောင့် ငါ အလုပ် အရင်လုပ်မယ်လို့ ပြောတာပေါ့၊ ပြီးမှ ငါ ငွေအတွက် မပူရဘဲ စာရေးနိုင်မှာပေါ့၊ မိုးမိုး(အင်းလျား)က အသက်သုံးဆယ်မှ စာစရေးတာပဲ၊ ငါကတော့



www.burmeseclassic.com

www.burmeseclassic.com



အသက်မွေးဖြော်ဆယ်လေ့ရှိ ဒါပေမယ့် အနုပညာ တစ်ခုခုကို လုပ်တော့မယ်ဆို အောင်မြင်မှ ပိုက်ဆံရတာပါ။ တစ်ခါတလေ အောင်မြင်နေပြီး ပိုက်ဆံမရတာတွေလည်း ဒုနဲ့ဒေးပဲ၊ နင် ပိုက်ဆံကို ထည့်တွက်တာ မမှားပါဘူး။ နေရာတိုင်းကို နင်က ပိုက်ဆံနဲ့ပဲ တန်ဖိုးဖြတ်တာကို။ ပိုက်ဆံဆိုတာကြီးကို နင် ဘယ်တော့မှ မစဉ်းစားဘဲ နေနိုင်မှာလဲ မာန်"

"တစ်သက်လုံးပဲ... ငါသေတဲ့အထိ ပိုက်ဆံကိုပဲ စဉ်းစားမယ်၊ ငါက နင်ပြောသလို Money Worry ပဲ၊ အဲဒါ ကံကြမ္မာက ငါ့ကို တင်ပေးလိုက်တဲ့ လမ်းကြောင်းပဲ၊ ငါ့မှာ နင့်လို သိန်းထောင်ချီချမ်းသာတဲ့ မိဘတွေ မရှိဘူးလေ"

"ဘာပဲဖြစ်ဖြစ် ကြိုးစားဟာ၊ Ph.d တွေဘွဲ့တက်ခွင့်ရအောင်၊ ပြီးရင် ငါတို့ လုပ်နိုင်တာတွေ အများကြီးပါ"

လုပ်နိုင်တာတွေ အများကြီးဟု ယုလျာက ပြောခဲ့သည်။ ကျွန်မလုပ်နိုင်တာ ဘာများရှိသေးလဲ။ ဆယ်တန်းအောင်ပြီးကတည်းက ကိုယ့်ဝမ်း ကိုယ်ကျောင်းရသည်။ အမေ ဆုံးသွားတာကြောင့် တစ်ယောက်တည်းဘဝကို ရောက်ခဲ့ရသည်။ မိန်းမကိုယ်စီနှင့် အစ်ကိုနှစ်ယောက်က အမေ့ဆေးဖိုး မပေးနိုင်၍ အမေဆုံးတဲ့နောက် ကျွန်မ ရပ်တည်စရာအခဆောင်ရယ်၊ ဘက္ကာသိုလ် တက်ဖို့ရယ် တစ်ယောက်တည်း ဖန်တီးရသည်။ ဘွဲ့တစ်ခုကို သူများတွေ ဘယ်လိုရခဲ့လဲ ကျွန်မ မသိပေမယ့် ကျွန်မအတွက်တော့



www.burmeseclassic.com

www.burmeseclassic.com



နိုင်သမျှ ခွန်အားတွေ၊ ဉာဏ်အားတွေ၊ ရှာသမျှငွေတွေ သွန်ချ ပုံအောပြီး ရခဲ့သည်။

ကျွန်မရခဲ့သော ဘွဲ့က Engineering ။

အင်ဂျင်နီယာမ တစ်ယောက်သည် ကျောင်းချိန်ပြင်ပမှာ ထမ်းဘော ခေါက်ဆွဲဆိုင်၌ ပန်းကန် ကူဆေးသော အလုပ်ကို လည်းကောင်း၊ ညနေဘက် ဆူးလေမှတ်တိုင်က မုန့်ဟင်းခါးဆိုင် တစ်ဆိုင်မှာ မုန့်ပွဲချ, သိမ်းသော အလုပ်ကိုလည်းကောင်း၊ ညဘက်မှာ တရားဝင် ဆယ်ဘန်းကျူရှင်တစ်ခု၌ အချိန်ပိုင်း အင်္ဂလိပ်စာ သင်သော အလုပ်ကိုလည်းကောင်း တစ်ခုပြီးတစ်ခု ပြောင်းလဲ လုပ်ကိုင်ခဲ့ရသည်။

လုပ်နိုင်တာတွေ အများကြီး လုပ်ခဲ့ပြီးမှ B.E ဘွဲ့ကို ရခဲ့တာဖြစ်သည်။ ကျောင်းပြီးတော့ ပြင်ပစီးပွားရေးကုမ္ပဏီတစ်ခုမှာ အလုပ်ရခဲ့သည်။

နှလုံးရောဂါ စ,ရတာ တက္ကသိုလ် ပထမနှစ်ကတည်းက ဖြစ်သည်။ တဖြည်းဖြည်း Grade-1 ကနေ 4 အထိကို ရောက် လာခဲ့ပြီး ပြန်မကျတော့။

ကျွန်မနှင့် ဆံရာဝန်သာလျှင် သိသော ဤအခြေအနေကို ယုလျာက အနည်းငယ်တောင် မရိပ်မိခဲ့။

ယုလျာရှေ့ ရောက်လျှင် မာန်သည် ခွန်အားရှိနေသော မိန်းမငယ်တစ်ယောက် ဖြစ်သည်။ ဘာမဆို ကျော်ဖြတ်နိုင်သည်။ ဘာမဆို ဖန်တီးနိုင်သည်။ တကယ်တော့ ကျွန်မက ဘာမဆို



www.burmeseclassic.com

www.burmeseclassic.com


ရှုံးနေရတဲ့ မိန်းမတစ်ယောက် ဆိုတာကိုတော့ ကိုယ့်ဘာသာ အသိဆုံးဖြစ်သည်။

ရင်ဘတ်ထဲမှနှလုံးသည် တဒုန်းဒုန်းဖြင့် အပြင်ကို ခုန်ထွက်သွားတော့မလား ထင်ရအောင် ခုန်နေသည်။

လူတစ်ယောက်ရဲ့ နှလုံးဟာ အဲဒီလူရဲ့ လက်သီးဆုပ်လောက်ရှိသတဲ့။ ကျွန်မလက်များက အလုပ် လုပ်ရလို့လားတော့မသိ။ ကြီးမားသည်။ လက်ဆစ်ကြီးပြီး လက်ရေက မာကျောသည်။

ထို့ကြောင့် ကျွန်မလက်သီးဆုပ်က သာမန် မိန်းကလေး လက်သီးဆုပ်ထက် ပိုကြီးသည်။ နှလုံးကလည်း ယခု ကြီးနေသည်ဟု Echo အဖြေထွက်သည်။ နှလုံးအဆို့ရှင် ကျဉ်းတာ အဆိုးဆုံး အခြေအနေထိ ရောက်နေပြီတဲ့။ ခွဲစိတ်ကုသ၍ရော။ ခွဲစိတ်ပြီး ချဲ့လိုက်လျှင် ထိုအဆို့ရှင် သိပ်မကြာခင် ချဲ့သည်ထက် ကျယ်သွားပြီး အဖွင့် အပိတ်ကြောင့် ပြန်ကျဉ်းလိုက် ကျယ်လိုက်ဖြင့် သံသရာလည်နေမှာ ဖြစ်သည်တဲ့။

ခွဲစိတ်ကုသလျှင် ကုန်ကျမည့် စရိတ်က သိန်းဂဏန်း မနည်း။ အလုပ်က နားရမည်။ စောင့်ရှောက်မယ့်သူ ငှားရမည်။ အရင်းကြီးကြီး ရင်းပြီး အမြတ်မရတာ သေချာသော အနေအထားမျိုး ဖြစ်သည်။

ဆေးနဲ့ ထိန်းသိမ်းတာ ခြောက်နှစ်ကျော်ပြီ။ နှလုံးအဆို့ရှင် ကျဉ်းရာမှ နှလုံး ပျက်စီးသွားသော Heart Failure အဆင့်(၄) ကလည်း ပြန်ကောင်းမှာ မဟုတ်တော့။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သက်တမ်း သိပ်မရှိတော့ဘူး၊ ထိုစကားမျိုးကို ကျွန်မ ဆူလျှာအား ဘယ်လိုပြောထွက်ပါ့မလဲ။

ယုလျှာရှေ့မှာ ကျွန်မ အသက် ထွက်သွားလျှင် ဒီတစ်သက် သူမ ဖြေမဆည်နိုင်အောင် ရင်နင့်ပြီး ကျန်ခဲ့လိမ့်မည်။ ကျွန်မ သေသိနိုင်သော သေခြင်းတရား၏ နောက်ဆက်တွဲကို မစဉ်းစားနိုင်ဘဲ သတ်တလောကာလမှာ တစ်ခုခုကို ရွေးရတော့မည်။

လောဘတကြီး ရှာဖွေထားသော ငွေကြေးများကို ရောဂါ အတွက် သုံးပြီးတော့ အသက်ရှင်ခွင့်ကို ဆွဲဆန့်ထားရမလား။ အသက်ရှင်နေရင် ဘာတွေလုပ်မလဲ။ ကျွန်မ ကျန်းမာရေးအခြေ အနေဖြင့်တော့ ဘယ်လိုမှ နိုင်ငံရပ်ခြားမှာ စာသင်၍ မရနိုင်တော့။ ကျွန်မ အဖြစ်ချင်ဆုံးဆန္ဒကို ကျွန်မ အသက်ရှင်ခွင့်အတွက် စွန့်ပစ်ရတော့မည်။

ဟမ်းဖုန်းမှ နံပါတ်ကလေးများကို နှိပ်လိုက်စဉ် လက်များက တုန်ယင်လျက် ရှိသည်။ ယုလျှာ၏ဖုန်း မအားဟု Number Busy ပေါ်နေသောကြောင့် နောက်တစ်ခါ ထပ်နှိပ်ရသည်။

"မာန်... ငါ့ကို နင် အဆက်အသွယ် ဖြတ်ထားတာ ခြောက်လရှိနေပြီ၊ ငါက နင် သေပြီလား့လို့၊ အစုတ်ပလုတ်မရဲ့၊ ဘာတွေ ကြိတ်ကြံနေတာလဲ၊ နောက်ရည်းစား ရသွားပြန်ပြီလား"

ပြောရင်း ရယ်သံကိုပါ ကြားရသည်။

"ငါတို့ ညနေ မြကျွန်းသာအင်းလျားကို သွားရအောင် ယုလျှာ"

www.burmeseclassic.com

www.burmeseclassic.com



"ငါ မအားဘူးဟဲ့... ဒီည ကုမ္ပဏီနှစ်ပတ်လည်ပွဲရှိတယ်၊ ဒါပေမယ့် နင်နဲ့ တွေ့ချင်တယ်၊ ငါ့အခန်းကို ည လာအိပ်မလား။ နင့်မှာ သော့ရှိတာပဲ၊ ငါတော့ နင့်ဆီ မလာချင်ဘူး၊ နင်တို့ အဆောင်က မိန်းမတွေ သိပ်စပ်စုတယ်၊ ဘယ်လိုလဲ၊ လာမှာလား"

"နင် ည ဘယ်နှစ်နာရီ ပြန်ရောက်မှာလဲ"

"ဆယ်နာရီလောက်ပေါ့၊ လက်ကိုင်ဖုန်းအသစ် နမူနာတွေ ရောက်လို့ ဒီည မိတ်ဆက်ပွဲပါ၊ လုပ်မှာဆိုတော့ အဲဒီလောက်မှ ပြန်ရောက်မယ်"

"နင်က ညမှ ပြန်ရောက်မှာ၊ ငါတစ်ယောက်တည်း"

"မနက်ဖြန် စနေလေ၊ နင်နဲ့ငါ တစ်ညလုံး စကားပြောလို့ ရတယ်၊ အပြန် ငါ့ကားနဲ့ လိုက်ပို့ပေးပါ့မယ်၊ နင် နေရော ကောင်းရဲ့လား"

"Digoxin တော့ သောက်မြဲ သောက်လျက်ပဲ"

"အေးဟာ... နင့်မှာမှ ဒီရောဂါက လာဖြစ်တယ်၊ နင် မြန်မာဆေးရော ဝယ်သောက်ရဲ့လား။ ခရမ်းဦးချစ်တင်လေ"

"သောက်ပါတယ်"

"ကျန်းမာရေးကို ဂရုစိုက်ဟဲ့...ကဲပါ... ဒီည လာမှာလား"

"လာမယ်"

"ရေခဲသေတ္တာထဲမှာ တစ်လစာ အကုန်ရှိတယ်၊ ချက်ပြီး သား ပြည်ကြီးငါးဘူးက ဒုတိယထပ်မှာ၊ အရွက်တစ်ခုခု ထပ်ကြော် စားလိုက်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်... ငါ ခေါက်ဆွဲပဲ ပြုတ်သောက်မယ်"

"တော်စမ်းပါဟာ... နင် တစ်သက်လုံး ခေါက်ဆွဲပြုတ်သောက်၊ ကြာရင် နင့်ပုံ ခေါက်ဆွဲမျှင်ပုံ ပေါက်လာမယ်၊ Fast Food တွေက တာရှည်ခံအောင် လုပ်ထားတာ၊ ကျန်းမာရေးနဲ့ မညီညွတ်ဘူး၊ နင့်ကို ငါ ဘယ်နှစ်ခါ ပြောရမလဲ၊ အဲဒီဟာတွေက တစ်ခါတလေ စားတာပဲ သင့်တော်တယ်၊ ဒါ နိုင်ငံတကာမှာ ဂယက်ရိုက်နေတဲ့ ကိစ္စ၊ နင် မသိတာလည်းမဟုတ်ဘူး၊ ဘာမဆို လတ်လတ်ဆတ်ဆတ် ဈေးထဲကဝယ်ပြီး ချက်စားတာ အကောင်းဆုံးဟဲ့၊ အဆင်သင့်ဆိုတာ နာမည်ပဲကောင်းတာ၊ နောက်ဆက်တွဲ မကောင်းဘူး၊ ပြီးတော့ နင်က ကျန်းမာရေး မကောင်းတဲ့လူ၊ ပိုဂရုစိုက်ရမယ်၊ ပိုသတိထားရမယ်"

ကျွန်မကို စိတ်ပူပန်စွာ သူပြောတာ စုံလင်လှသည်။ နားထောင်ပြီး စိတ်ထဲမကောင်း။ ကျွန်မ ထမင်းဟင်း ချက်မစား ဖြစ်တာ ကြာလှပြီ။

ပေါင်မုန့်နဲ့ ကော်ဖီ၊ သို့မဟုတ် မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ နီးစပ်ရာဆိုင်က ထမင်းဟင်း၊ ခေါက်ဆွဲကြော်၊ မပင်ပန်းဘဲ အဆင်သင့်စားရတာပဲ စားတာများသည်။

လုပ်ငန်းခွင်မှာတော့ နလုံးရောဂါသည်ဆိုတာ အသိမှား။ အဆောင်ရောက်လျှင် အိပ်ရာပေါ်မှာ ပက်လက်။ လှုပ်တာနဲ့မော၊ ဆေးအရှိန်ကြောင့် အသက်ရှင်နေရသလို ဖြစ်သည်။ ဒီတော့ ထမင်းဟင်း တကူးတက မချက်စားနိုင်တော့။

www.burmeseclassic.com

www.burmeseclassic.com



အစ,ကတည်းက အစားအသောက်ကို ခုံမင်လှသူ မဟုတ်။ ကျွန်မ အကြိုက်ဆုံးကလည်း ပေါင်မုန့် ဖြစ်သည်။ ပေါင်မုန့်ကို အနုမစား။ အညိုအကြွမ်းစား စားသည်။ ထမင်း နေရာမှာ စားတာမို့ ကြွမ်းမှ အဆင်ပြေသည်။ ယုလျာကတော့ ဘိုရှူးမ၊ ငါ့ထက်တောင် ရှူးတယ်ဟု ထင်သည်။ အခြေအနေအရ ကြိုက်သွားတာမို့ ကျွန်မ ခေါင်းငုံ့ပြီးရုံသာ ရှိလေသည်။

"နင်နဲ့ငါ ပြောချင်တာတွေ အများကြီးရှိနေတယ် ယုလျာ"

"ငါ သိပါတယ်၊ ငါလည်း ရှိတယ်၊ ထုံးစံအတိုင်းပေါ့၊ ဒါဆို ဒါပဲဟာ၊ ညကျ နင့်ကိုတွေ့မယ်လေနော်၊ တာ့တာ မာနီ..."

ယုလျာ အိမ်ကိုပဲ တန်းသွားဖို့ စိတ်ကူးမိသည်။ ဒီနေ့ အလုပ်က ခွင့်တင်ထားတာ။ ယုလျာအိမ်က ကွန်ဒိုမီနီယံတစ်ခုမှာ ဖြစ်သည်။

မြို့လယ်ကောင် ဆိုသော်လည်း တိတ်ဆိတ်သည်။ ဓာတ်လှေကားဖြင့် တက်ရ၍သာ တော်တော့သည်။ ဆေးခန်းနှင့် သိပ်မဝေး၍ ဆယ့်ခုနစ်မိနစ်ခန့် လမ်းလျှောက်တာနှင့် ရောက်သည်။ သော့ဖွင့်၍ ဝင်လိုက်သည်နှင့် ~ာင်းပျံ့သော သံပုရာရနံ့က နှာခေါင်းကို လာရောက် ရိုက်ခတ်သည်။ ယုလျာအိမ်သည် ရှင်းသန့်၍ နေသည်။

အိပ်ခန်းထဲသို့ မသွားနိုင်သေးဘဲ ဧည့်ခန်းတွင်း နစ်ဝေဒါက် ထိုင် ဆိုဖာပေါ်မှာ ခဏလှဲလိုက်သည်။ အေးစိမ့်သော အဲယားကွန်း လေကြောင့် မျက်လုံးများ မှေးစင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်သွားတဲ့အခါ ဘာကို အိပ်မက်ရပ့ါမလဲ။

ငယ်စဉ်တုန်းက ကျွန်းမခဲ့သည့် ဘဝကိုလား။ သို့သော် ထိုဘဝက ကျွန်းမာပြီး ပျော်ရွှင်ခဲ့ရတာမှ မဟုတ်ဘဲ။ အင်္ကျီဆို၍ အကောင်း လုံးဝ မရှိဘဲ အဟောင်းထည်သာ နှစ်ထည်လောက်ကိုပင် ခြစ်ကုပ် ဝယ်ယူ ဝတ်ဆင်ရသောဘဝ။

ကျွန်မနှင့် ဆန့်ကျင်ဘက် အစ်ကိုများကတော့ အင်္ကျီ သစ်သစ်လွင်လွင်များဖြင့် ကျောင်းတက်နေကြရပြီး မိဘများသည် မျှော်လင့်ချက် တစ်နင့်တစ်ပိုးဖြင့် သူတို့အပေါ် ရှိသမျှ မြှုပ်နှံထားကြသည်။

ကျွန်မကတော့ ကလေးမို့ ဘာမှမလိုအပ်ဟု သူတို့ ယူဆခဲ့ကြသည်။ အစ်ကိုတစ်ယောက်က အင်္ဂလိပ်စာ၊ တစ်ယောက်က ဘူမိဗေဒ၊ တစ်ယောက်က အဖေ့အသည်း၊ တစ်ယောက်က အမေ့အသည်း။ ကျွန်မက မမျှော်လင့်ဘဲ ကိုယ်ဝန်ရှိ၍ မမွေးချင်ဘဲ မွေးလိုက်ရသောကြောင့် ဆင်းရဲ ရသည့်အထဲ မျက်နှာမွဲခဲ့ရသူသာ ဖြစ်သည်။

သို့သော် အစ်ကိုကြီး ဘွဲ့ရသောနှစ်မှာ အဖေ ကားတိုက်ခံရ၍ ဆုံးသည်။ ရသော လျော်ကြေးများဖြင့် အစ်ကိုကြီးက မိန်းမယူ၍ အစ်ကိုလေးက ဘွဲ့ယူသည်။ အစ်ကိုလေးပါ ဘွဲ့ရ မိန်းမရသောအခါ အမေလည်း နှလုံးရောဂါ စလေပြီ။

အဲဒါတွေကို အိပ်မက်ထဲမှာ ပြန်မမြင်ရရင် သိပ်ကောင်းမှာပဲ။ အပျိုဖော်ဝင်စ မှာ သားရေဖိနပ်စီးပြီး လုံချည်အစုတ် ဝတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ကျောင်းတက်ခဲ့ရချိန် အစ်ကိုတွေက ပြည့်စုံသော ဘဝ ကိုယ်စီဖြင့် အမေနဲ့ ကျွန်မကို ရှိတယ် သဘောမထားခဲ့။

ဘဝဆိုတာ ဝတ္ထုထဲမှာပဲ ဖတ်၍ ကောင်းတာမျိုး။

အပြင်မှာတော့ ဖြတ်သန်းရတာ သိပ်ကြာတာပဲ။ အမေသည် မျှော်လင့်ချက် ထားခဲ့သော သားတွေဆီက ကျေးဇူးကန်းမှုများကြောင့် အသေစောသွားခဲ့သည်ဟု ကျွန်မက ထင်မှတ် ယုံကြည် ထားတုန်း ဖြစ်သည်။

"သားဆိုတာ ခပ်ထုတ်လိုက်တဲ့ ရေလိုပဲ၊ ဘယ်တော့မှ ကိုယ့်ဆီ ပြန်မစီးဘူး။ ငါ အစ,က ဘာလို့ မသိခဲ့ပါလိမ့်၊ မိဘတွေကို လှေကားတွေလို နင်းတဲ့သားတွေ သူတို့ တစ်နေ့ ဘေးမတွေ့ပါစေနဲ့လို့ ငါ ဆုတောင်းပါတယ်"

အိပ်ရာပေါ်မှာ ပက်လက်လှန်ရင်း အမေသည် ထိုစကားများကို နောင်တ အပြည့်ဖြင့် ပြောခဲ့သည်။ အစ်ကိုတွေဆီ အမေ မသိအောင် ပိုက်ဆံသွားတောင်းတော့ ယောင်းမတွေရဲ့ ပိုးစိုးပက်စက်ပြောတာ ခံရသည်။

တော်ပြီ... တော်ပြီ။ ဒါတွေဟာ ပြီးခဲ့တာတွေပါ။

မျက်လုံးများက ပို၍မှေးစင်းလာပြီး မျက်ခွံများက လေးလံလာသည်။

အိပ်မော ကျသွားတဲ့အခါ သိပ်အေးချမ်းသွားမှာပါ။

သောကတွေဟာ အိပ်လိုက်တဲ့အခါ လွင့်ပါးသွားမှာပါ။

ကျွန်မ အသက်ရှင်ခွင့်ကိုပဲ ရွေးချယ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးအချိန် နည်းနည်းပါးပါးကလေးမှာ ကျွန်မ ...ချင်တာတွေထက် ဖြစ်သင့်တာတွေကို ဦးစားပေးရမည်။

သံပုရာရနံ့သည် ပို၍ပို၍ မွှေးလာသည်။ အီလာသည်။ ...ကျွန်မ ကိုယ်,စိတ် နှစ်ပါးလုံး လျော့ရဲ ပျော့ပျောင်းကာ စိတ်ကို ...အုန်းချလိုက်သည်။

ဒီတစ်ခါ အသက်ရှူရတာ နောက်ဆုံး ဖြစ်ရင်တောင် ...သံပုရာနံ့လေး တသင်းသင်းနဲ့ သေရတာ ကောင်းသားပဲ။

ကျွန်မနှလုံးသည် ရင်ဘတ်ထဲကနေ အဝေးတစ်နေရာ ...ထွက်သွားတော့မလို ငြိမ်သက်လာသည်။ ကိုယ့်အသက်ရှူသံ ...ကိုယ် ပြန်ကြားရပြီးနောက် ကျွန်မ စိတ်ချလက်ချ အိပ်ပျော်သွား ...တော့သည်။

အိပ်ပျော်နေတဲ့ လူဟာ အဆင့် လေးဆင့်ကို အိပ်နေချိန် ...အတောအတွင်း အကြိမ်ကြိမ် လူးလာပျံသန်းပြီး အိပ်ရသတ် ...သည်ဟု ဖတ်ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



လုံးလုံး အိပ်မောမကျခင်နှင့် သိစိတ်ပျောက်ချိန် အတွင်းမှာသာ အိပ်မက် မက်တတ်သည်။ အိပ်မက်ထဲမှာ ကျွန်မ မောင်နဲ့ တွေ့သည်။

မောင်သည် ကျွန်မကို ရယ်မောပြလျက် လက်ဖြင့် နှုတ်ဆက်ကာ ကျွန်မနှင့် ဆန့်ကျင်ဘက် အရပ်ဆီသို့ ထွက်သွားသည်။

မောင့်ကို ခေါ်ဆောင်သွားတာ မိန်းမလှ တစ်ယောက် မောင်းသောကား။ မိန်းကလေးသည် ကျွန်မထက် အသက် လေးနှစ်ခန့် ငယ်ရွယ်သည်။ သူမ ဆံပင်များက မော်ဒယ်လ်တွေလို လိမ်တွန့် ကောက်ကွေးလျက် ကျွန်မလို အနက်ရောင် မဟုတ်။ စိန်နားကပ်ရောင် တဖျပ်ဖျပ်နှင့်။

သူမ အဖေက အင်မတန် ဂုဏ်သတင်းကြီးသော လူတစ်ယောက် ဖြစ်သည်။ သူမ အဖေအရှိန်ဖြင့် မောင်သည် ဒီတစ်သက် ဘယ်သူ့ကိုမဆို အောက်ကျခံစရာ မလိုတော့အောင် အလုံးစုံ ပြီးပြည့်စုံသွားသည်။

သို့သော် မောင်နဲ့ကျွန်မက တက္ကသိုလ်တက်ခဲ့တဲ့ လေးနှစ်သက်တမ်းလုံး ချစ်သူတွေ ဖြစ်ခဲ့ကြတာပါ။

မောင့်ပခုံးပေါ် ခေါင်းတင်ပြီး ကျွန်မ သတ္တိတွေ ရှိခဲ့ဖူးသည်။

မောင်နဲ့ ကျွန်မ အနာဂတ်ကို ပုံဖော်ခဲ့ဖူးသည်။

တကယ်တော့ မောင့်ကို ကျွန်မက အိပ်မက်ထဲ၌သာ ချစ်ခွင့်ရခဲ့သူပါ။ ချစ်သူကို လရောင်အောက်မှာ ရှာ၊ ပေါင်းသားကို နေရောင်အောက်မှာရှာ ဆိုသော စကားကို နှစ်ဆယ်ရာစု



www.burmeseclassic.com

www.burmeseclassic.com



နီကလေးများ အသုံးပြုခဲ့ကြပြီး ယခု နှစ်ဆယ့်တစ်ရာစုတွင် ယောက်ျားလေးများက အသုံးပြု ကြသည်။

မောင့်မျက်ဝန်းတွေမှာ လူတန်းစား ခွဲခြားမှုတွေ ရှိနေခဲ့ပါလား။ မောင့်ဦးနှောက်ထဲမှာ အဆိပ်ငွေကြေးများကို မက်မောနေခဲ့ပါလား။ မောင်သည် အရေပြားအလှကို အတွင်းပိုင်းပျက်စီးချင် ပျက်စီးပါစေ တပ်မက်မှုဖြင့် သာယာနေခဲ့ပါလား။

မောင်နဲ့ ကျွန်မသည် နှစ်ဆယ့်တစ်ရာစု၏ နိမိတ်ပုံများဖြစ်သည်။ မိန်းမတစ်ယောက်ကို လက်ထပ်၍ ပင်ပန်းဆင်းရဲကြည့်ဒဏ်ကို မခံနိုင်သော ယောက်ျားနှင့် အချစ်ကို လက်တွေ့ခြင်းတတ်သော မိန်းမတို့သည် ကျွန်မတို့ ဖြစ်နေခဲ့ကြသည်။

ကျွန်မက နှလုံးသားနဲ့ ခံစားပြီး လက်တွေ့ကျနေတဲ့ မိန်းမပါဟု သက်သေပြစရာ မလိုအောင် မောင့်ကို တစ်နင့်ဟစ်ပိုးချစ်၍ မောင်က ထားသွားသော အခါတွင်လည်း မျက်ရည်တစ်စက်မကျဘဲ နေပြနိုင်ခဲ့သည်။

ကျွန်မကို မောင်က လိုက်ခဲ့တာပါ။

ကျွန်မက မောင့်ကို လိုက်ခဲ့တာ မဟုတ်ပါဘူး။

ထို့ကြောင့် မောင်က ထားသွားသောအခါတွင် ကျွန်မမြီးကလေး ထိုမိန်းကလေးနှင့် လက်ဆွဲ နှုတ်ဆက်ခဲ့သည်။

ဟန်ဆောင်ရင်းနဲ့ပေါ့။ မောင့်ရွေးချယ်တာ သိသိကြီးနှင့်ကျွန်မက အရွေးမခံထိုက်သူဟု သိသိကြီးနှင့် မောင့်ကို ဆွဲမထားပါ။

မောင် လွတ်လပ်ပါစေ။ မောင် ပျော်ရွှင်ပါစေ။



www.burmeseclassic.com

www.burmeseclassic.com



နှလုံးရောဂါသည် မိန်းမတစ်ယောက်ဆီက မောင် မျှော်လင့်ထားတဲ့ ဒိတ်ဒိတ်ကြဲ အရာရောက်မှုတွေ၊ ချမ်းသာမှုတွေ၊ မျိုးနွယ်ဆောင့်တင်းမှုတွေ၊ အနာဂတ် ခိုင်မာမှုတွေ မရနိုင်ဘူး၊ ကျွန်မဟာ တစ်ကောင်ကြွက်ပါ။ သိပ်လည်း ဆင်းရဲပါတယ်။ ကျွန်မဆီက မောင် ရသမျှဟာ ရနိုင်သမျှဟာ...

နှလုံးသားထဲက စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာ တစ်ခုပါပဲ။

ကျွန်မ မောင့်ကို ရင်နဲ့ရင်းပြီး ချစ်ခဲ့တာပါ။

ကျွန်မဟာ မောင့်ကို တစ်ခုတည်းသောမှီတွယ်ရာ ကောက်ရိုးမျှင်အဖြစ်နဲ့ ကျွန်မ အသက်နဲ့ ခန္ဓာ တည်မြဲတဲ့အထိ ချစ်ခင်မြတ်နိုးပါ့မယ်ဆိုတဲ့ သန္နိဋ္ဌာန်နဲ့ ချစ်ခဲ့တာပါ။

ကျွန်မ မေ့သွားတာက ကျွန်မ မောင့်မျက်ဝန်းတွေထဲ ဘာသာ မပြန်တတ်ခဲ့ဘူး။

ကျွန်မ ဆင်းရဲတာကို အထင်တသေးနဲ့ မောင် ဘယ်စစ်တလင်းကနေ ဆုတ်ခွာဖို့ ဘယ်အချိန်ကတည်းက ပြင်ဆင်နေမှန်း ကျွန်မ မသိနိုင်ခဲ့ဘူး။

ကျွန်မ အတွက်တော့ အချစ်ဟာ ခွန်အားတစ်ခုပဲ။

မောင်ဟာ ခွန်အားပဲ။ ဘုရားရှင်ပေးတဲ့ ခွန်အားပါ။

တကယ်တမ်း မောင်က စေတန် ဖြစ်နေခဲ့တယ်။

ကျွန်မဘဝရဲ့ နတ်ဆိုးဟာ မောင်ဖြစ်နေခဲ့တာကို ပြုံးပြုံးလေး လက်ခံလိုက်ရတဲ့ ကျွန်မဟာ ဒီညအိပ်မက်မှာ မောင်နဲ့ အကြောင်းတွေ မက်လိမ့်မယ်လို့ ကြိုမထင်ထားပါဘူး။

**မွေသမင်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



မောင် ခုဆို ပျော်နေလောက်ပြီ။ သားတစ်ယောက် လောက် ရနေချင် ရနေမယ်။ အသိုင်းအဝိုင်းကြီးတဲ့ ယောက္ခမ အရှိန်နဲ့ မောင့်မျက်နှာဟာ မော်ကြွားနေမယ်။ ခေတ်မီ သွက်လက်တဲ့ ဇနီးကို လက်ချင်းချိတ်ပြီး ညည့်ခံပွဲတွေမှာ မောင်ဟာ ဘယ်လောက် ကျေနပ် အားရနေလိုက်မလဲ။

အနိမ့်ဆုံးကား တစ်စီးတောင် သိန်း ၂၆၀ လောက်ကို တောင် ခုချိန်ထိ မပြည့်နိုင်သေးလို့ မဝယ်နိုင်တဲ့ ကျွန်မနဲ့ ဆန့်ကျင်ဘက် မောင်ကတော့ သိန်းထောင်ချီ ကားတွေပေါ်မှာ မာန်ဝင့်ကြွားနေမှာပါ။

ဒါပေမယ့် ကျွန်မ ခေါင်း မငုံ့ဘူး။ ခေါင်း မညွှတ်ဘူး။ ဆင်းရဲလို့ ချစ်သူတစ်ယောက်ကို ဆုံးရှုံးခဲ့လိုက်ရပေမယ့် ကျွန်မဟာ ပညာတတ် မိန်းမတစ်ယောက်အနေနဲ့ ချမ်းသာတဲ့ လူတန်းစားကို ဦးမညွှတ်ဘူး။ ကျွန်မ မောင့်ကိုလည်း ခွင့်မလွှတ်ဘူး။

ကျွန်မ ခံစားရသလို၊ နာကျင်ရသလို၊ ကြေကွဲရသလို မောင်ဟာ ဆတက်ထမ်းပိုး ကြေကွဲ ရှုံးနိမ့်ဖို့အချိန်ကို ကျွန်မ မျက်မြင် ကိုယ်တွေ့ ချင်သေးတယ်။

ကျွန်မကို ငွေကြေးကြောင့် ထားခဲ့တဲ့ မောင်ဟာ ငွေကြေး ကြောင့် မျက်ရည်ပေါက်ကြီးငယ် ကျတာကို ကျွန်မ မြင်ချင် သေးတယ်။

ကျွန်မဟာ မောင့်ရဲ့ ရှုံးနိမ့်မှုကို မြင်ချင်နေတဲ့ အချိန် အတောအတွင်းမှာပဲ ကံကြမ္မာကို တဖြည်းဖြည်း ရှုံးနိမ့်လာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ရောဂါရလာတာဟာ ကံကြမ္မာပဲလို့ ကျွန်မ လက်ခံလိုက်ရတဲ့ အချိန်အထိ မောင်နဲ့ ကျွန်မ လွဲရတာ ကံကြမ္မာလို့ မယူဆခဲ့ဘူး။

မောင်က ကံကြမ္မာလို့ အမည်တပ်ခဲ့တာလည်း ကွေကွင်းခြင်း မဟုတ်ဘူးလေ။ ချစ်ခြင်းကို အမည်တပ်ခဲ့တာ။

တကယ်တော့ ကံကြမ္မာဆိုတာ ကျွန်မတို့ဆီ မျက်နှာအမျိုးမျိုးနဲ့ လာတတ်တဲ့ ဧည့်သည်တွေပဲ။ ကျွန်မအတွက်တော့ ကံကြမ္မာကို မုန်းတယ်။ မကျေနပ်ဘူး။ ဖြစ်လာသမျှ အကောင်းပဲလို့ ယောနိ သောမနသိကာရလို့ ကျွန်မ နှလုံး မသွင်းနိုင်ဘူး။

ဒါကြောင့် ကျွန်မနှလုံးဟာ အမုန်းတွေနဲ့ ပြည့်နေပြီး ကျွန်မဟာ အမြတ်မ်း ငွေကြေးကို စိုးရိမ်တကြီး ရှာဖွေတတ်တဲ့ မိန်းမတစ်ယောက် ဖြစ်လာတော့တာပေါ့။

ဘဝက မောင် ရေးပေးခဲ့တဲ့ ကဗျာလို မလှဘူးနော်။



www.burmeseclassic.com

www.burmeseclassic.com



**သေခါနီး လူမမာတစ်ယောက်**
**သူ့အသက်ကို ပြတ်နိုးစွာ ဖက်တွယ်ပုံမျိုးနဲ့**
**မာန့်ဆိုတဲ့ ချစ်သူတစ်ယောက်ကို**
**ပြတ်နိုးစွာ ငါ ဖက်တွယ်မိ။**
**ဝေးရမယ်ဆိုတဲ့ အသိတစ်ခုနဲ့တင်**
**ဆယ်ခါပြန် သေနိုင်တယ်။**

ကျွန်တော်တို့နှစ်ယောက် ကံကြမ္မာလို့ပဲ ပြောရမလား။

- လိမ္မော်ရောင် တိမ်တွေ တောက်ပနေတဲ့ နေဝင်ချိန်ကို နှစ်ယောက်အတူ ကြည့်ဖူးတယ်။

- လှိုင်မြစ်ကို ဖြတ်တိုက်လာတဲ့ လေနုအေးတွေကို နှစ်ယောက် အတူ ကြည့်ဖူးတယ်။

- ကျွန်တော့်ချစ်သူကို လက်သည်းနီ ဆိုးပေးဖို့ ကြိုးစား တုန်းက လက်တွေ တုန်ဖူးတယ်။

- ကျွန်တော့်ချစ်သူကို စိတ်ဆိုးအောင် တစ်ညနေစပြီးတော့ ပြန်ပို့ပေးတဲ့အချိန် နှစ်ယောက်အတူ ကားပေါ်မှာ စိုင်းထီးဆိုင် သီချင်း နားထောင်ရင်း ဖွဖွလေး ဖက်ထားဖူးတယ်။

- ကျွန်တော့်ချစ်သူ မိုးရွာထဲ တစ်ညနေပြန်ရတော့ ပွစိ ပွစိနဲ့ စိတ်ကောက်ရင်း ဖုန်းအဆက်အသွယ် တစ်ရက် ဖြတ်ဖူး တယ်။

**မွေးသမင်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



မ ကျွန်တော့်ချစ်သူ နောက်တစ်နေ့ ညနေ ဖုန်းဆက်တော့ လွမ်းတဲ့စိတ်နဲ့ နှစ်ယောက်အတူ ကြည်နူးရင်း ခမ္မစေတီ လမ်းမပေါ် လျှောက်ဖူးတယ်။

မ ကဲ... ကံကြမ္မာရေ... တို့နှစ်ယောက်
မှင်းကို အပြစ် မပြောဘူး။
ဒါတွေဟာ ချစ်လို့ ဖြစ်တာပေါ့...
ဒါတွေဟာ ချစ်လို့ ဖြစ်တာပေါ့...
မာန့်ကို ချစ်တယ်...

သိပ်
(မောင်)

ကျွန်မ အဲဒီကဗျာလေးကို ဖတ်ပြီး ရင်ထဲမှာ ကြည်နူး လိုက်ရတာ။ စိတ်ထဲမှ မောင့်ကို သိပ်ချစ်တာပဲ။ မောင့်ကိုလေ တကယ်ချစ်တာဟု ထပ်တလဲလဲ ညည်းနေပေမယ့် အပြင်မှာ ပြုံးနေရုံမျှသာ။

မောင်က အားမလို အားမရဖြင့်...

"မာန်ကလည်း ဘာမှလည်း မပြောဘူး"

"ဘာပြောရမှာလဲ မောင်ရဲ့"

"ဟင်... တစ်ခုခုတော့ ပြောပေါ့၊ ကောင်းလိုက်တာ ဘာညာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မောင် ဒီကဗျာကို ဘယ်က ကူးလာတာလဲ"

"ဟာကွာ"

"ဟုတ်တယ်… မောင်မှ ကဗျာ မရေးတတ်ဘဲ၊ ဒါ တာရာမင်းဝေ ဝတ္ထုထဲကလား၊ မင်းခိုက်စိုးစန် ဝတ္ထုထဲကလား၊ ဒီအသုံးအနှုန်းမျိုးက ဖတ်ဖူးနေတာပဲ"

"ကိုယ့်ဟာကိုယ် ရေးတာပါ"

"မယုံဘူး"

"ဟဲ… ဟဲ… အပေါ်နှစ်ပိုဒ်က မဂ္ဂဇင်း တစ်ခုထဲက ကူးထားတာ"

"ကျန်တာကရော…"

"ကျန်တာက မောင့်ဒိုင်ယာရီထဲက"

"ဒိုင်ယာရီ"

"ဟုတ်တယ်… မောင့်မှာ မာန်နဲ့ဆိုင်တဲ့ ဒိုင်ယာရီ သတ်သတ်တစ်အုပ် ရှိတယ်၊ အဲဒီမှာ မာန် ဒီနေ့ဘာဝတ်လဲ၊ ဘာပြောလဲ၊ အကုန်မှတ်ထားတယ်၊ မာန် ကျောင်းမလာတဲ့ နေ့တွေလည်း မှတ်ထားတယ်"

"ဘာလုပ်ဖို့လဲ မောင်ရဲ့"

"ပြန်ဖတ်ကြည့်ရင် သိပ်ရင်ခုန်ရတယ် မာန်ရဲ့"

"မာန်ကတော့ စာဖတ်ရမှာ ပျင်းတယ်၊ ကိုယ်ရေးတာ ကိုယ်ပြန်ဖတ်ရင် ရှက်စရာကြီး နေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မောင်ပေးသော ကဗျာကို ညဘက် အဆောင်မှာ ယုလျာနှင့် အတူ ပြန်ဖတ်ကာ ကြည်နူးလွန်းစွာ မျက်ရည်ကျရတာကိုတော့ မောင့်အား ပြန်မပြောပြဖြစ်ခဲ့။

"ငါ အကြိမ်ကြိမ် လဲကျဖူးတယ် ယုလျာ၊ လဲကျတိုင်းမှာ ငါ ပြန်ထ,ခဲ့တယ်၊ အဲဒီလို ကြုံခဲ့တိုင်းမှာ တစ်ခု တွေးမိတယ်၊ ဘဝရဲ့ အခက်အခဲဆိုတာ တစ်ခုပြီးတိုင်း တစ်ခု ထပ်လာတတ်တာ မျိုးလားလို့၊ အရမ်းမြင့်တယ်လို့ထင်ရတဲ့ တောင် တစ်တောင်ကို ကျော်ပြီးတာနဲ့ သူ့ထက်ကြီးတဲ့ တောင်တစ်တောင်က အသင့် စောင့်နေပြန်ရောပဲ၊ နင် သိလား...၊ သူ ဒီနေ့ ငါ့ကို ယုဇနမှာ ချိန်းတယ်၊ သူ့အသံက အေးဆေးလွန်းလို့ ဘာမှ အထွေအထူး ရှိမယ်လို့ ငါ မထင်ခဲ့ဘူး၊ လေးနှစ်နော်...။ လေးနှစ်ဆိုတာ အချိန် အများကြီးကြာတယ်၊ အဲဒီအချိန်အတွင်းမှာ ငါ သူ့ကို ဘာမဆို ရင်ဖွင့်ခဲ့တယ်၊ သူနဲ့ ငါဟာ နေ့တိုင်း ကျောင်းမှာ တွေ့ကြတယ်၊ ညတိုင်း ဖုန်းဆက်ကြတယ်၊ ညဘက် အိပ်ချိန်ရယ်၊ အလုပ် လုပ်ချိန်ရယ်ကလွဲလို့ ငါ့အတွက် သူဟာ နင့်ထက်တောင် ပိုနီးတယ်လို့ ငါ ထင်ခဲ့တယ်"

"မတူဘူးလေဟာ... သူက ချစ်သူ... နင်နဲ့ ငါက သူငယ်ချင်းလေ"

"ဒါဆို ဘယ်သူက သစ္စာဖောက်တတ်လဲ"

ကျွန်မ ပြန်ပြောပြတာ အေးဆေးလွန်းသဖြင့် ယုလျာက အရယ်မပျက် ပြန်နောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမဆို သစ္စာဖောက်နိုင်တာပဲ မာန်၊ ဘာလဲ နင် သိခ်နဲ့ လက်ထပ်တော့မလို့လား၊ နင့်မှာ အလုပ်မရှိသေးဘူးလေ၊ ပြီးတော့ သိခ်နဲ့ နင့်ကို သိခ် အိမ်ဘက်က သိတောင်မသိဘူး"

"ဒီနေ့ ငါတို့ လမ်းခွဲကြတယ်"

"ဘာ..."

"ဟုတ်တယ်... သူနဲ့ငါ ယူဇနေမှာတွေ့ကြတယ်၊ သူနဲ့အတူ ကောင်မလေးတစ်ယောက် ပါလာတယ်၊ သူက ငါ့ကို အဲဒီကောင်မလေးနဲ့ မိတ်ဆက်ပေးတယ်၊ သူတို့ ရှေ့လမှာ လက်ထပ်တော့မယ်တဲ့၊ ထုံးစံအတိုင်း ဆီဒိုးနားမှာပေါ့"

"ဒီကောင် မိုက်ရိုင်းလှချည်လား၊ မာန် နင် ဒီအတိုင်း ငြိမ်ပြီးပြန်ခဲ့ရသလား ဟင်"

"ယုလျာ သူက ကြိုတင်ကြံစည်ပြီး အထ,မြောက်ခါနီးမှ ငါ့ကို အသိပေးတာလေ၊ ငါ သူ့ကို ဂုဏ်ယူပါတယ်လို့၊ ပြီးတော့ ငါ့အသည်းနှလုံးကို ဆွဲထုတ်သွားတဲ့ မိန်းကလေးနဲ့ ငါ လက်ဆွဲနှုတ်ဆက်လိုက်ပါသေးတယ်၊ ငါ ဒီလောက်ပဲ တတ်နိုင်ခဲ့တယ် သူငယ်ချင်းရယ်"

ရင်ဘတ်ထဲမှာ နာလွန်း၍ အသက်ရှူရတာ မဝ,တော့ချေ။ မောင့်ကြောင့် ငိုရလိမ့်မယ်။ မောင့်ကြောင့် ခံစားရလိမ့်မယ်လို့ လုံးဝ ထင်ကိုမထားခဲ့။ ကျွန်မ ချစ်သမျှကို မောင်က ထပ်ဝရ တုံ့ပြန်လိမ့်မည်ဟု ယုံကြည်ခဲ့မိလေသမျှ မှားခဲ့ပြီ။ ကျွန်မက မောင့်ကို ယုံခဲ့တာပါ။

www.burmeseclassic.com



အင်ဂျင်နီယာ တစ်ယောက်ဟာ တည်ဆောက်ရေးနဲ့ ပြုပြင်ရေးကို ကျွမ်းကျင်ကောင်း ကျွမ်းကျင်နိုင်ပေမယ့် အချစ်ကို ပုံဖော်ရာမှာတော့ ရှုပ်ထွေးလှသည်။

ပါးပြင်ပေါ်သို့ လက်ဖဝါး၏ နူးညံ့မှုကို သိရှိခံစားလိုက်ရသောအခါ ကျွန်မ မျက်လုံး ဆတ်ခနဲပွင့်သွားသည်။

ညနေခင်းဝတ်စုံ အနက်ရောင်ဖြင့် လှချင်တိုင်း လှနေသော ယုလျာ။

"ဘာတွေ အိပ်မက်ပြီး ငိုနေတာလဲ၊ နင် စိတ်ဆင်းရဲစရာ တွေ့လာပြန်ပြီလား"

မျက်ရည်များကို ကမန်းကတန်း ပွတ်သုတ်ပြီး ထ,ထိုင်လိုက်တော့ ဝမ်းဗိုက်ထဲမှ ဆာလောင်မှုကို သတိပြုမိသည်။

"နင် ဘာမှ မစားထားသေးဘူး မို့လား၊ ထ... ငါ နင့်အတွက် ဟိုတယ်က Dinner Set တစ်ယောက်စာ ဝယ်လာတယ်၊ ထမင်းစားပွဲပေါ်မှာ တင်ထားတယ်၊ ထ,စားချေ၊ ငါ အဝတ်လဲလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ် အစားအစာများကို မကြိုက်သော်လည်း ကြက်ကင် အနည်းငယ်ကိုတော့ စားဖြစ်သည်။ ငါးမိနစ်ကျော်ခန့်မှာ ညအိပ် ခန်းဖြင့် ယုလျာ အနားလာထိုင်သည်။

"နင့်မျက်နှာ ကြည့်ရတာ ဖြူဖျော့နေတာပဲ၊ ပြောပါဦး... ဘာတွေ သတိရပြီး ငိုနေတာလဲ"

"မောင့်ကို..."

"အဲဒီကောင်ကို နုတ်နုတ်စင်း သတ်ပစ်ဖို့ ကောင်းတာ၊ နင် ဘာကြောင့် သတိရနေသေးတာလဲ၊ ကိုယ့်အတွက် ကိုယ် ကြည့်တဲ့ လူမျိုး။ မိန်းမတစ်ယောက်ကို မလိုရင် တစ်သျှူးလို ထွင်ပစ်တဲ့ လူမျိုး။ ရွံစရာ..."

"သူနဲ့ လမ်းခွဲတဲ့နေ့က အကြောင်းတွေ ပြန်မက်တာ"

"နင့်မသိစိတ်ထဲမှာ သူရှိနေတုန်းပဲကိုး၊ ဩော်...ဒါနဲ့ သူတို့ကုမ္ပဏီ အမှုတစ်ခုဖြစ်နေတယ်၊ သိလား... ကြည့်ရတာ အတွင်းလူအချင်းချင်း သစ္စာမရှိကြလို့နဲ့ တူတယ်"

"ငါ မသိချင်တော့ပါဘူး"

"ဘာပဲဖြစ်ဖြစ် ဝမ်းသာရတာပေါ့၊ နင့်ကို ဒီလောက် ဒုက္ခပေးသွားခဲ့တဲ့လူ ကျဆုံးတော့မယ်ဆိုတာ ဝမ်းသာစရာပဲ၊ ငါတော့ ဝမ်းသာတယ်"

"တော်ပြီ... ငါ မစားနိုင်တော့ဘူး၊ နင်ဝယ်လာတာ စားလိုက်တာ၊ ကျန်တာတွေ ရေခဲသေတ္တာထဲ ထည့်သိမ်းထား လိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း နှစ်ယောက်သား တစ်ယောက်ခါး တစ်ယောက်ဖက်၍ အိပ်ရာထဲတွင် ငြိမ်နေခိုက် ဘယ်က ဘယ်လို စ,ပြောရမလဲဟု ကျွန်မ စဉ်းစားသည်။

"နင်တို့ ငါတို့အသက်တွေ သုံးဆယ်နား နီးပြီနော်" ယုလျာက စကားစ,သည်။

"ဒါပေမယ့် ငါတို့နှစ်ယောက်လုံး ဆယ့်ခုနစ်နှစ်အရွယ် တုန်းကလိုပဲ အထီးကျန်နေကြတယ်"

ကျွန်မက စောင်ကို ရင်ဘတ်ထိ ဆွဲတင်လိုက်ပြီး ယုလျာနှင့် မျက်နှာချင်းဆိုင် နေရာမှ တစ်ဖက် စောင်းလိုက်သည်။

"ယုလျာ ဟာသ,ဆိုတာ ကြားဖူးလား"

"အင်း... ရယ်စရာလေ"

"မှတ်တယ်... လူတစ်ယောက် သေဆုံးတော့မယ့် အချိန်ဟာ ဟာသအချိန်တဲ့"

"နင့်ဟာကလည်း ကြိုကြိုးစည်ရာ"

"ငါပြောတာ နားထောင်ဦးလေ၊ လူ့ဘဝ တစ်လျှောက်လုံး ရှုန်းကန်လှုပ်ရှားပြီး ရပ်တန့် အနားယူရမယ့်အချိန် ရောက်လာတာ စိတ်ကြည်နူးစရာ ကောင်းတဲ့ အချိန်ပေါ့၊ သေတယ် ဆိုတာ ဘူတာတစ်ခုမှာ ရထား ခဏရပ်သလိုပါပဲ"

"နင် စိတ်ဓာတ်ကျနေတာလား မာန်"

"ငါ မောနေတာ၊ ငါ မောလှပြီ ယုလျာရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အသက်သုံးဆယ်ဆိုတာ မိန်းမတစ်ယောက် မောလို့နားရမယ့်အချိန် မဟုတ်ဘူးလို့ ငါတော့ထင်တာပဲ၊ မောလို့ နားရတယ်ဆိုတာ အရှုံးပေးလိုက်ရတာပဲ၊ နင် အရှုံးပေးချင်နေပြီလား"

"အရှုံးပေးချင်တာ မဟုတ်ဘူး၊ ငါ ရှုံးနေတာ"

"ဘာကိုလဲ"

"ငါ့ဘဝကိုလေ၊ ငါ ဒီနေ့ နိုင်ငံခြား မသွားတော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်"

လှဲအိပ်နေရာမှ ယုလျာ ထ,ထိုင်ကာ ကျွန်မ မျက်နှာကို သူ့ဘက် ဆွဲလှည့်သည်။

"နင် ဘာတွေဖြစ်လာလဲ မာန်၊ နင် ဒီလောက် စိတ်ဓာတ်ကျနေတာ ငါ တစ်ခါမှ မမြင်ဖူးဘူး"

"မဟုတ်ဘူး၊ ငါ အခု အူလှိုက် သည်းလှိုက်နဲ့ ငိုပစ်ချင်နေတာ၊ ငိုပစ်လိုက်ရင် ငါ့ရောဂါ ပျောက်သွားမလားလို့"

"ငါ့ကို စိတ်ပူအောင် လုပ်နေတာလား၊ နင်နဲ့ငါ ခင်လာတာ ဆယ်စုနှစ် တစ်ခု ကျော်ခဲ့ပြီ၊ ငါ့တို့မှာ လျှို့ဝှက်ချက်ဆိုတာ မရှိဘူး။ နင် ငါ့ကို ပြောချင်တာရှိရင် ချန်မထားနဲ့၊ အကုန်ပြော"

"ပြောမှာပါ၊ ငါ... ငါ သက်ဆိုးရှည်မယ် မထင်ဘူး"

ယုလျာ မျက်လုံးများ ပြူးကျယ်လျက် ကျွန်မကို ငေးစိုက်ကြည့်သည်။ နှုတ်ခမ်းများ တဆတ်ဆတ် တုန်လျက်။ ကျွန်မဘာ အနေ ငိုလိုက်ရင် ခံစားရတာတွေ သက်သာသွားမှာ သိနေပျက် ငိုလို့မရ။ အိပ်မက် မက်ရင်းသာ ငိုနေကျင့် ရသလိုရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် ချုပ်တည်းထားရတာ သိပ်များပြီး ငိုလို့မရတော့တာများလား၊ ရုတ်တရက် ယူလျှာ ထ,ရယ်သည်။

"နောက်စရာရှာလို့ မာန်ရယ်... နင်လားသေမှာ၊ နင့်မှာ ဒီလောက် ဒုက္ခ သုက္ခတွေနဲ့တောင် ဒီအခြေအနေ ရောက်အောင် နင် ကြိုးစားလာခဲ့တာ၊ နှလုံးရောဂါသည်လို့ နင့်ကို ဘယ်သူ ထင်လို့လဲ၊ ကဲ... ဆေးတွေ တိုးတက်နေတာ နင် မသေပါဘူး"

"နင် မယုံဘူးလား"

"ဟော့အေး...နင့် ခံနိုင်ရည်ကို ငါ ယုံလို့ပါ၊ နင် အလုပ် ကောင်းကောင်းရရင် ပိုက်ဆံရမယ်၊ အဲဒီတော့ ခွဲစိတ်လို့ရတာပဲ"

"ငါ နောက်နေတာ မဟုတ်ဘူး ယူလျှာ၊ အတည် ပြောနေတာ"

"ဒါဆို နင် ဘာဆက်လုပ်မယ် စိတ်ကူးထားလဲ"

"ရွှေလမှာ အလုပ် ထွက်စာတင်မယ်"

"ပြီးတော့ရော..."

"ငါ နင်နဲ့ လာနေမယ်လေ၊ နင်သာ လက်ခံထားရင်ပေါ့"

"နေတာက ရပါတယ်၊ နင်တစ်ယောက်တည်း ငါ စိတ် မချဘူး၊ ဒီလိုဆိုရင် နင် ဆေးရုံတက်နေရင်ကော နှစ် ငှားလိုက် မယ်ဟာ"

"ဆေးရုံ တက်ခိုင်းပေမယ့် ဘာမှထူးမှာမဟုတ်ဘူး ယူလျှာ၊ ငါ့အတွက် အခုအချိန်မှာ အလိုအပ်ဆုံး အရာက အေးအေး ဆေးဆေး နားဖို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို တစ်နှစ်ပဲ ခံတော့မယ်လို့ နင်ကိုယ်တိုင် ယုံနေသလား မာန်"

"Heart Failure Grade 4 လေ၊ ငါ့နှလုံးကပျက်စီးနေပြီ ယုလျှာ၊ လူတွေဖျက်ဆီးလို့ ငါ့နှလုံးက အဆိပ်အတောက်တွေ ထိပြီး ပျက်စီးနေပြီ...သိလား၊ အမှန်ဆို နင့်ကို မပြောပြချင်ဘူး"

"ငါ့ကို မပြောတော့ နင် ကျိတ်ခံစားနေရမှာပေါ့၊ ငါ သိတော့တယ် နင် သေပါတော့မယ်ဆိုတာ ယုံလို့ကိုမရဘူး၊ နင် ကိုယ်တိုင်ပြော အသက် ရှင်ချင်သေးတယ် မဟုတ်လား"

"ဟင့်အင်း..."

"မာန်"

"ငါ အသက်မရှင်ချင်တော့ဘူး ယုလျှာ၊ အသက်ရှင်ရတာ ငါ့အတွက် အရမ်းပင်ပန်းတယ်၊ ငါ့မှာ ရှေ့ဆက်ပြီး တင်းခံနေရင် တောင် ငါ့နှလုံးက မခံနိုင်တော့ဘူး၊ ငါ့အတွက် ပြင်ဆင်ချိန် ရောက်နေပြီလို့ ငါ ထင်တယ်"

လာခဲ့တဲ့ လမ်းတစ်လျှောက် ချောမွေ့မှုဆိုတာ ဘာတစ်ခုမှ မရှိခဲ့ဘဲ ထိုလမ်းကို လျှောက်နိုင်သလောက် လျှောက်ခဲ့ပြီးပြီ။ ဒီခရီးကလည်း ဘယ်တော့မှ ငြိမ်းချမ်းမှုဆိုတာ မရှိခဲ့သော ခရီး။ ဆုံးတဲ့အထိ ဆက်လျှောက်ဖို့ဆိုတာ မလွယ်ကူ။

"နင် ရယ်စရာတွေ ပြောနေတာလား"

"ရယ်စရာ... မွေးကတည်းက အပယ်ခံ ဖြစ်လာတဲ့ ငါ့မှာ ရယ်စရာဆိုတာ အရွဲ့တိုက်စရာလို့ပဲ မြင်ခဲ့တာ၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်း အသက်ရှူကျပ်ခဲ့တယ်၊ အသက်ရှူရတာ တစ်ခုတည်း တောင် ဒီလောက် ကျပ်တည်းရင် အသက်ရှင်ရတာ ပိုကျပ်တည်း မှာပေါ့၊ အဲဒါ ရယ်စရာလား... အခု ငါလွတ်လပ်ချင်ပြီ၊ ဘာမှ လည်း ထပ်မဖြစ်ချင်တော့ဘူး၊ ဘာမှလည်း မလိုချင်တော့ဘူး။ ဘာလို့လဲ နင်သိလား ယုလျာ၊ ငါ ခုချိန်ထိ ဘာမှ မရခဲ့ဖူးလို့ဘဲ"

"မဟုတ်သေးဘူးလေဟာ၊ နင် အင်ဂျင်နီယာ ဖြစ်လာခဲ့ တယ်၊ အခု နင် တစ်လ လေးသိန်းခွဲ ရတဲ့ အလုပ်တစ်ခုလည်း ရှိတယ်၊ ဒါ နင်ရခဲ့တာတွေပေါ့"

"ငါ အဲဒါတွေကို သက်သာချောင်ချိတဲ့ဈေးနဲ့ ရခဲ့တာ မဟုတ်ဘူးလေ"

"ဒါကတော့ဟယ် နင့်မှာ မိဘမှ မရှိတာ"

"သူတို့ ရှိနေရင်လည်း သူတို့ဆီကနေ စိတ်အေးချမ်းသာ စွာနဲ့ ပညာသင်နိုင်ဖို့ အခွင့်အရေး ငါ ရမှာမဟုတ်ဘူး။ သူတို့ ပေးနိုင်သလောက်ပေးခဲ့တာ ငါ့ကိုမဟုတ်ဘူး၊ သူတို့ ငါ့ကိုမေတ္တာ တစ်ခုတောင် ပေးဖို့ တွန့်ဆုတ်ခဲ့ကြတယ်၊ ငါတို့ ဘာသာအရ တော့ ဒါ ငါ့အကုသိုလ်ကံကြီးလို့ပဲပေါ့၊ ငါ အရွယ်ရောက်လာ တဲ့အချိန်မှာ ငါ့ညီအစ်ကို မောင်နှမ အရင်းခေါက်ခေါက်တွေ ပေးခဲ့သမျှက ဥပေက္ခာတွေ၊ မသိကျိုးကျွံတာတွေ၊ ရက်စက်တာ တွေပဲ"

"ဒါတွေ ငါ သိပြီးသားပါ၊ ဖြစ်ခဲ့သမျှ နင် ပြန်တွေးနေရင် နင်ပဲ ပိုစိတ်ထိခိုက်ရမှာပေါ့၊ ဘာပဲပြောပြောဟာ နင် လုပ်ပြနိုင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့ ရှိနေတာပဲ၊ သူတို့ အထောက်အပံ့ မရှိလည်း နင် နေနိုင်တာပဲ"

"အခု ငါ သက်ဆိုးမရှည်တဲ့ ရောဂါကြီးနဲ့ ငါ မကြာခင် သေရတော့မယ် ဆိုတာတောင် ငါ့မှာ ရင်ဖွင့်စရာ သွေးသားရင်းချာ မရှိဘူး"

"ငါ ရှိတယ်လေ၊ နင်နဲ့ငါ သွေးမတော်ပေမယ့် ငါတို့ တစ်ယောက်ဒုက္ခ တစ်ယောက် နားလည်ပေးခဲ့ကြတာချည်းပဲ"

"အဲဒီအတွက် ငါ သေတဲ့အထိ ကျေးဇူးတင်နေမှာပါ"

"သေတဲ့စကားမပါဘဲနဲ့ ပြောလို့မရဘူးလား၊ ငါ အဲဒါကြီး ကြားရတာ ကျောချမ်းလွန်းလို့"

"နောင်ဘဝကျရင် ငါ အေးချမ်းမှာပါနော်၊ ငါ့မှာ ငါ့ကို မြှောက်ပေးနိုင်တဲ့ မိဘတွေရယ်၊ သစ္စာရှိတဲ့ ချစ်သူရယ်၊ ထိမ်မှာတဲ့ သူငယ်ချင်းရယ်၊ အဲဒီအခါ ဘဝဆိုတာ ပျော်စရာ ကောင်းလာမှာပါ"

"ငါတို့ဘာသာမှာ အဲဒါတွေ မရှိဘူးလေ၊ ဒါပေမယ့် နင် ဖြစ်စေချင်တာတွေ ဖြစ်မှာပါ"

ကျွန်မနဲ့ သူသည် ကိုးကွယ်သော ဘာသာ မတူကြပါ။ သို့ရာတွင် ကျွန်မတို့ကြား၌ ထိုအရာသည် ဆွေးနွေးထိုက်သော ခေါင်းစဉ်တစ်ခု မဟုတ်ခဲ့။ ကျွန်မတို့သည် လူကို လူတစ်ယောက် အဖြစ်သာ ရှုမြင်ကြသည်။ ခံစားချက်နှင့် လက်တွေ့ ဆောင်ရွက် ချက်ကို အရေးထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အငြင်းပွားရမည့်၊ သံသယရှိရမည့် ခေါင်းစဉ်များအား တတ်နိုင်သလောက် ရှောင်ရှားခဲ့ကြသည်။

ထို့ကြောင့် ရင်းနှီး ချစ်ခင်မှုကို ဆယ်စုနှစ်တစ်ခုကျော်အောင် ထိန်းသိမ်းထားနိုင်ခဲ့ကြခြင်း ဖြစ်သည်။ ဘာသာမတူတာ တူတာထက် တစ်ယောက်ကို တစ်ယောက် အမှန်အတိုင်း မြင်ဖို့က အရေးကြီးသည်။

"အရေးကြီးတာတစ်ခုက နင် လက်ထပ်ဖို့သင့်နေပြီ ယုလျာ"

"အထူးအဆန်းလုပ်လို့၊ ငါက ဘယ်သူ့ကို လက်ထပ်ရမှာလဲ၊ ငါ့နားမှာရှိတာ အိမ်ထောင်သည်တွေချည်းပဲ၊ လူလွတ်ဆိုမူးလို့ ရှူစရာတောင် မရှိဘူး"

"နင့်အိမ်က သဘောကျတဲ့ အထဲက တစ်ယောက်ယောက်နဲ့ပေါ့"

"မဖြစ်နိုင်ဘူး မာန်၊ တစ်သက်လုံး တစ်အိပ်ရာတည်း အတူအိပ်ရမယ့် လူဟာ ကိုယ်ချစ်တဲ့လူဖြစ်ဖို့က အဓိကပဲ၊ တစ်အိမ်တည်း အတူနေပြီး ရန်သူတွေ ဖြစ်နေလို့ကတော့ ဘယ်မှာ စိတ်ချမ်းသာရမှာလဲ"

"နင် အချစ်ကို ကိုးကွယ်နေတုန်းပဲနော်"

"ကိုးကွယ်တယ်၊ အင်း... ချစ်မှပဲ လက်ထပ်မယ်"

"ဒါပေမယ့် နင့်အသက်ကို ပြန်ကြည့်ဦး"

"အသက်လေးဆယ်မှ ဘဝ စတာပါဟာ၊ အသက်ကြီးလို့ မချစ်ရဘူးဆိုတာ ဥပဒေမှ မရှိဘဲ၊ ပြီးတော့ ငါက ယုံတဲ့လူပဲ ကြိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



“တော်တော်ကလေးချီချင်တဲ့ မိန်းမပဲ”

“ကလေးတွေက ချစ်ဖို့ကောင်းတယ်၊ လူကြီးဆို ပညာသည်နဲ့ တွေ့နေဦးမယ်၊ နင့်လိုပေါ့၊ လေးနှစ်လုံးလုံး ပိပိရိရိလိမ်ပြီးမှ ထားခဲ့တာမျိုးလေ၊ ကလေးတွေနဲ့ကျတော့ ကိုယ်ထားတာပဲ သူတို့ခံရမှာ၊ ကိုယ်က သူတို့အရွယ်ကို ဖြတ်သန်းနေခဲ့ပြီးပြီကိုး”

“တော်ပါ... နင်လည်း အထားမခံခဲ့ဖူးလို့လား။ ငါတို့နှစ်ယောက်လုံး တူတူပဲ၊ တခြားနေရာတွေမှာသာ သိတာ တတ်တာ၊ ယောကျ်ားနဲ့ ပတ်သက်ရင် ခံရတာချည်းပဲ၊ ငါကတော့ စိတ်ဝင်စားလို့ကို မရတော့တာ”

“အေးဟာ... ဘာလို့လဲ မသိဘူး။ အချစ်ရေးက အဆင်ကို မပြေဘူး။ တခြားဟာတွေ လုပ်ယူလို့ရပေမယ့် အဲဒီကိစ္စက ဘယ်လိုမှ အထ,မမြောက်ဘူး”

ယုလျာ၏ ချစ်သူက ကျွန်မတို့ထက် ငါးနှစ်ခန့် အသက်ကြီးသော ဆရာဝန်တစ်ယောက်ဖြစ်သည်။ ယုလျာအား ချစ်လေးဟု ညင်သာစွာ ခေါ်တတ်ပြီး ရုတ်တရက် ထရိတ်ဒါးဟိုတယ်၌ အခြားတစ်ယောက်နှင့် လက်ထပ်သွားခဲ့သည်။ ယုလျာကို လုံးဝ အသိမပေးခဲ့။ ဖုန်းဆက်မှ ဇနီးဖြစ်သူနှင့် တိုးကာ သိရခြင်းမို့ သူလည်း တစ်ကျောင်း တစ်ဂါထာ တစ်ရွာတစ်ပုဒ် ဆိုတာလို ဆန်းသည်။ ထို့နောက်ပိုင်းကတည်းက ယုလျာ အသက်ကြီးသော ယောကျ်ားများကို ကြည့်မရတော့ချေ။ ပညာမျိုးစုံ တတ်ပြီးသားဟု ယူဆထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ညနေခင်းပွဲမှာ ငါ အထက်တန်းကျောင်းတုန်းက သူငယ်ချင်းတစ်ယောက်နဲ့ တွေ့တယ်၊ သိလား မာန်"

"ဘယ်သူလဲ... နင် ငါ့ကို ပြောပြဖူးလား"

"မပြောပြဖူးဘူး၊ သိပ်အခင်ကြီးထဲကတော့ မဟုတ်ဘူး သူက အခု မိန်းမနဲ့ကွဲနေတာတဲ့၊ ငါပြောချင်တာ သူ ဘာကြောင့် လက်ထပ်ခဲ့ရတယ် ဆိုတာ စိတ်ဝင်စားစရာကောင်းနေလို့ မာန်"

"ဟုတ်လား... ပြောပါဦး၊ သိချင်လို့ ချမ်းသာတဲ့ မိန်းမနဲ့ဆို စိတ်ညစ်စရာ မလိုတော့ဘူးလို့ ထင်ပြီး လက်ထပ်ခဲ့တာလား နင့် ကိုကိုလို သူ ကြိုးကိုင် ခြယ်လှယ်လို့ရမယ့် မိန်းမမျိုးကိုမှ လက်ထပ်ခဲ့တာ မျိုးလား"

"ယုံကြည်ချက်အတွက် လက်ထပ်ခဲ့တာတဲ့"

ကျွန်မရော ယုလျာမှာပါ ယုံကြည်ချက်နှင့် ပတ်သက်၍ ပညာရေး အပေါ်မှာသာ ကျွန်မတို့ အာရုံစိုက်ခဲ့ကြသည်။ အချစ် အပေါ်မှာ ကျွန်မတို့နှစ်ဦးလုံး ယုံကြည်ချက် မရှိခဲ့ကြ။ ထားရကောင်း မှန်းလည်း မသိခဲ့ကြ။ ကျွန်မ မောင့်ကို ချစ်ခဲ့ခြင်းမှာ ဘာကိုမှ ထူးပြီးယုံနေသော အချက်ကြောင့်မှ မဟုတ်ခဲ့။ ကျွန်မအတွက် မောင့်ကို ချစ်ခဲ့ခြင်းဖြစ်လေသည်။ ယုလျာကလည်း ကွက်လပ်တစ်ခု ဖြည့်သောအနေနှင့် ချစ်သူ ထားခဲ့ခြင်းသာ ဖြစ်သည်။

"သူက ဘာကို ယုံတာတဲ့လဲ"

"သူ့ဘဝတစ်ခုလုံး အဲဒီမိန်းမနဲ့ လက်ထပ်လိုက်ရင် အဆင် ပြေမယ်လို့ ယုံတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာထူးလဲ... သိခ်နဲ့ တစ်စားတည်းပဲ၊ ယောကျ်ားတွေ အားလုံး ဒီတိုင်းပဲ၊ မိန်းမတစ်ယောက်ကို ချိန်ခွင်ထဲ ထည့်ပြီး ချိန်လိုက်ရမှ ကျေနပ်ကြတာ၊ ငါ့မိန်းမက ဘယ်သူ့သမီးကွ၊ ငါ့မိန်းမက ဘာကွ ဆိုတာမျိုးပဲ သူတို့ပြောချင်ကြတာ"

"ငါ့သူငယ်ချင်းက ချမ်းသာပြီးသား မာန်၊ ဒီကောင် MBA ကို အင်္ဂလန်က သွားယူလာတဲ့ကောင်၊ သူ လက်ထပ်လိုက်တဲ့ မိန်းမက ဈေးသည်၊ ဆယ်တန်းတောင် မအောင်ဘဲ ဆန်ဆိုင်ဖွင့်ပြီး လူတန်းစေ့ နေနိုင်တယ်"

"စိတ်တော့ ဝင်စားစရာပဲ"

"သူယုံတဲ့ အဆင်ပြေမယ် ဆိုတာမျိုးက တစ်ယောက်နဲ့ တစ်ယောက် အပေးအယူ မျှတပြီး လက်တွဲနိုင်မယ်လို့ ယုံတာ၊ နင် သိခ်ကို အဲသလိုတော့ ယုံခဲ့တယ်မဟုတ်လား"

"အင်း..."

"သိခ်ကရော နင့်ကို ယုံခဲ့လား"

ကျွန်မ မသိပါ။ ဤသို့ တစ်ခါမှတောင် မစဉ်းစားခဲ့ဘူးပါ။ မောင်သည် ကျွန်မကို ဘယ်လို ထင်မြင်ယူဆခဲ့၍ ချစ်ခဲ့ဖူးပါသနည်း။ ကျွန်မမှာ အချိန်ပြည့် မေးပန်းခြင်းများနဲ့ ပြည့်နှက်နေကာ မောင့်ပခုံးကို မှီခိုဖို့သာ စဉ်းစားခဲ့၍ ကျွန်မ ပခုံးကို မောင် မှီချင်သော အခိုက်အတန့် ရှိခဲ့လိမ့်မယ်ဟု ကျွန်မ မတွေးခဲ့ဘူးပါ။

"ငါတို့နှစ်ယောက်လုံး အခုစိန့်ပတ်သက်ရင် တစ်ကိုယ်ကောင်းများ သိပ်ဆန်နေခဲ့သလားလို့ ငါ တွေးမိတယ် မာန်၊



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ဟာ ငါတို့လိုအပ်ချက်ကိုပဲ စဉ်းစားခဲ့တယ်၊ တစ်ခုခု အဆင်မပြေရင် ငါတို့ အပြစ်တွေပဲ မြင်ကြတယ်၊ ငါသူငယ်ချင်းကတော့ နှစ်ဖက်မျှ မစဉ်းစားပေးနိုင်သရွေ့ လူတစ်ယောက်ဟာ ဘယ်တော့မှ ဘာကိစ္စမှာမှ တင်းတိမ် ရောင့်ရဲမှုကို ရမှာမဟုတ်ဘူးလို့ ပြောတယ်"

"သူက ဘာလို့ ကွာရှင်းခဲ့တာလဲ"

"သူထင်သလို ဖြစ်မလာခဲ့လို့ပေါ့၊ သူ့အတွက် အချစ်က အဓိကမကျဘဲ ယုံကြည်ချက်က အဓိကကျနေတယ်၊ သူ့မိန်းမ အတွက်ကျတော့ ဘာက အဓိကကျမှန်းကို သူ မသိဘူး၊ သူ့ အိမ်ထောင်သက် ငါးနှစ်ရှိနေပြီ သိလား၊ သူတို့ကွာရှင်းကြတော့ လူတော်တော်များများ အံ့သြကြတယ်၊ အဆင်ပြေနေတဲ့ လူနှစ်ယောက် ဘာလို့ ရုတ်တရက် ကွာရှင်းကြသလဲပေါ့၊ သူက အပြင်ပန်း အဆင်ပြေဖို့ထက် အတွင်းက အဆင်ပြေဖို့ အရေးကြီးတယ်တဲ့"

"အံ့သြစရာပဲနော်၊ သူ လေးလေးနက်နက် တွေးသားပဲ"

"ငါတို့က အစ,ကဆို မိန်းမတွေ လက်ထပ်ရတာ သိပ်ခက်ခဲပင်ပန်းတယ်လို့ တစ်ဖက်သတ် ထင်ခဲ့ကြတဲ့သူတွေလေ၊ ဒါကြောင့် တို့နှစ်ယောက်လုံး လက်ထပ်ဖို့ဆိုတာ ခေါင်းရှောင်နေကြတာပဲ၊ သူ့ကျတော့ တန်ဖိုး ကြီးကြီးမားမားနဲ့ ဘဝတစ်ခြမ်း ဖွဲ့ပေးပြီး လက်ထပ်ခဲ့ဖူးတဲ့သူ၊ ဒါပေမယ့် သူ အဆင်မပြေဘူး၊ လက်ထပ် လိုက်တဲ့ လူတိုင်းဟာ စိတ်နောက် ကိုယ်ပါ ဆုံးဖြတ်လို့ရစတမ်း ဆိုရင် ကွာရှင်းပြတ်စဲတာတွေ ဒီထက် ပိုများလာမယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် နှင်တစ်ယောက်တည်း တစ်သက်လုံးနေလို့ မရဘူး ယုလျှာ"

"နှင်ရော..."

"ငါ့ရောဂါနဲ့ ငါ အိမ်ထောင်ပြုလို့ မဖြစ်ဘူးလေ၊ ငါ မရှိတော့ရင် နှင် လက်ထပ်ဖို့ ကြိုးစားရလိမ့်မယ် ထင်တယ်၊ နှင့်ကို ငါ စိတ်မချဘူး"

အများတကာအတွက် ထိုစကားသည် ရယ်စရာ ဖြစ်ကောင်းဖြစ်မည်။ ကျွန်မတို့အတွက်တော့ တစ်ယောက်တည်း လွတ်နေခြင်းဖြင့် စိတ်လွတ် ကိုယ်လွတ် ဦးတည်ချက် မှားသွားနိုင်ကြောင်း သိထားကြ၍ တစ်သက်လုံး သူ့ကို တစ်ယောက်တည်းမနေစေချင်။

အသိုက်အမြုံကလေးနဲ့ဆို သူဟာ ပျော်ရွှင်နေတဲ့၊ ကိုယ့်ဘဝကိုယ် ကျေနပ်တတ်တဲ့ မိခင်တစ်ယောက် ကျိန်းသေဖြစ်မှာပါ၊ သူ့မှာ တစ်လ ရှစ်သိန်းရသော အလုပ်တစ်ခု ရှိသည်။ နေစရာ ကွန်ဒိုတစ်ခန်း ရှိသည်။ မောင်းစရာ ကားတစ်စီး ရှိသည်။ လက်ထပ်လိုက်၍ သူ့ဆီမှာ ဘာကိုမှ တပင်တပန်း ကြိုးစားအားထုတ်စရာ မလိုတော့အောင် ပြည့်စုံနေပြီးသား အခြေအနေ။ တစ်ခုပဲ... သူ့ကို နားလည်မည့်သူ။

"အစ.တုန်းက နှင်နဲ့သိခ်ကို လက်ထပ်ဖြစ်မယ်လို့ ထင်ခဲ့တာ၊ နှင်တို့လက်ထပ်ပြီးမှ ငါလည်း ကိုကိုနဲ့ လက်ထပ်မယ်ပေါ့၊ တကယ်တမ်းကျတော့ ထင်သလိုဖြစ်မလာခဲ့ဘူး၊ မယုံဘော့ရော ဘာဖြစ်မှာလဲ၊ အထီးကျန်တာ ခုမှမဟုတ်ဘူး၊ မွေးကတည်းက..."

www.burmeseclassic.com



"ရေဆာလာပြီ"

"ငါ အအေးဖျော်ပေးမယ်၊ သောက်မလား၊ Tan လေ"

"အင်း..."

နာရီက ဆယ့်နှစ်နာရီ ထိုးတော့မည်။ အိပ်ချင်စိတ်က ပေါ်မလာသေး။ နလုံးခုန်သံက ကျယ်နေပြီး နားဖြင့် ကြားနိုင်လောက်သည်။

ပတ်ဝန်းကျင်တွင် ဘာသံမှ မကြားရ။ ခဏအကြာမှာ လိမ္မော်ရည် ဖန်ခွက် နှစ်ခွက်ဖြင့် ယုလျှာ ပြန်ရောက်လာသည်။ တစ်ခွက်ကို ကျွန်မဆီ ကမ်းပေးသည်။ ဖန်ခွက်ထဲတွင် ရေခဲတုံး သုံးတုံးက ပေါ်လောပေါ်လျက်ရှိသည်။ တစ်ငုံခန့် သောက်လိုက်သောအခါ အေးစက်သော အရသာသည် လည်ချောင်းတစ်လျှောက် စီးဝင်သွားသည်။

"နင့်နလုံး လှုပ်နေတာ အပြင်ကတောင် မြင်နေရသလိုပဲ။ ဟုတ်လား"

ကျွန်မ ရင်ဘတ်ကို ကျွန်မငုံ့ကြည့်ပေမယ့်မမြင်ရ၊ ဟုတ်မှာပါ။

"ငါ့နလုံးက ကြီးနေတယ်၊ Echo အဖြေက ရလဒ် မကောင်းဘူး၊ သေခါနီး လူမမာ မမြင်ဘူးရင် ငါ့ကိုကြည့်ထား"

"ရောဂါသည်က ငါ့ထက်တော့ လှသေးတာပဲ၊ နင့်မျက်လုံး တွေက အရင်အတိုင်းပဲ မာန်၊ တောက်နေတာပဲ၊ ဘယ်တော့မှ စိတ်ဓာတ်မကျဘူးဆိုတဲ့ အရောင်တွေနဲ့၊ ငါတို့ စတွေ့တာတည်းက နင့်မျက်လုံးတွေကို ငါ သဘောကျသွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ နှင့်ကို ရှိုင်းတယ်လို့ ထင်တာပဲ၊ ငွေရှိတဲ့ လူအားလုံးဟာ တစ်နေ့ရာမဟုတ် တစ်နေ့ရာ ရှိုင်းကြတာပဲ"

"အခုရော ငါ ရှိုင်းသေးလား"

"သိပ်တော့ မရှိုင်းတော့ပါဘူး။ ငါ တော်လို့နေမှာ"

"မသူတော်မ... အစုတ်ပလုတ်မ... ကိုယ့်ဂုဏ် ကိုယ်ဖော်မ"

ကျွန်မတို့ ရယ်သံများသည် အခန်းတွင်း ပျံ့နှံ့သွားသည်။ ကျွန်မ အာရုံထဲတွင် ကျွန်မတို့ စ,တွေ့ကြသော ညနေခင်းကို မြင်ယောင်လာသည်။

အဲဒီအချိန်တုန်းက ကျွန်မ ဆယ်တန်းအောင်ပြီးစ။ ခေါက်ဆွဲ ဆိုင်မှာ အလုပ် လုပ်ရတုန်း။ ဘိုကလေးဈေးရှေ့မှ ညနေပိုင်းသည် အင်မတန် လူစည်သည်။ ခေါက်ဆွဲသုပ်၊ မုန့်ဟင်းခါး အကြော်လွတ်၊ ချဉ်ဘီသုပ်၊ မုန့်တီ အရည်နဲ့တစ်ပွဲ စသဖြင့် မှာသူ အသံများကို တစ်သဝေမတိမ်း မှတ်ဖို့ရာ ခဲယဉ်းလှသည်။

"မုန့်ဖတ်သုပ် ညှပ်ခေါက်ဆွဲနော်၊ ငရုတ်သီး သိပ်မစည်နဲ့၊ ဆိုင်သုပ် မဟုတ်ဘူး၊ ဗမာသုပ်... ဟင်းရည်မယူဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက် ရှည်လျားသော အမှာမျိုးကို လူကျချိန်မှာ အတိအကျ မမှတ်မိနိုင်။ ဆိုင်ရှင် သုပ်ပေးလိုက်တာ မုန့်ဖတ်နှင့် ညှပ်ရောဖွ ဗမာအချိုသုပ်။ မုန့်ပွဲချပေးပြီး သိပ်မကြာခင်…

"ဟော့… ဒီမှာ… ငါ နှင့်ကို ဘာမှာတာလဲ"

"ဟာင်…"

"နှင့်ကို မှာတာ ညှပ်ခေါက်ဆွဲလေ၊ ဒီမှာ မုန့်ဖတ်တွေ ပါနေတယ်၊ ငရုတ်သီးလည်း မပါဘူး၊ ဒီလိုဟာမျိုး ငါ မစား တတ်ဘူး"

"ဟို… စိတ်မရှိပါနဲ့နော်၊ ပြန်လဲပေးပါ့မယ်"

"မလဲနဲ့… မစားတော့ဘူး၊ ဒီမှာ ပိုက်ဆံ…"

လူအများစုနှင့် လုပ်ကိုင်ရသော အလုပ်မျိုးမို့ အမှားအယွင်း နည်းနည်းပါးပါးခန့်ကိုမှ ခွင့်မလွှတ်နိုင်သော မိန်းကလေးသည် ကျွန်မနဲ့ ရွယ်တူသာသာ။ နားဆွဲရှည်ရှည်နှင့် ဝတ်စားထားသော အဝတ်အစား တန်ဖိုးကပင် မနည်းလှ။ ဒီလို လမ်းဘေးဆိုင်မှာ ထိုင်စားတာပဲ မဆိုးဟု ဆိုရမည်။ သို့ရာတွင် ပိုက်ဆံအရောင်ကို သူ့မျက်ဝန်းထဲမှာ တွေ့ရသည်။ လူတွေကို ငုံ၍သာကြည့်တတ်မည့် မျက်လုံးမျိုးသည် ကျွန်မ သည်းခံမှုကို စိန်ခေါ်သကဲ့သို့ ရှိသည်။

"အများစုနဲ့ ဈေးရောင်းရတာ ဒီလောက် မှားတာတောင် သည်းမခံနိုင်ဘူးလား"

"ပိုက်ဆံပေး ဝယ်စားတာဟဲ့ အလကားစားတာ မဟုတ်ဘူး။ လမ်းဘေး ဈေးရောင်းပြီးတော့ ကြီးကျယ်နေတယ်"

www.burmeseclassic.com



"လမ်းဘေးမှာ စျေးမရောင်းလို့ တိုက်ခေါင်မိုးပေါ် ကာက်ရောင်းရမလား။ နင့်ကို ငါ တောင်းပန်ပြီးပြီပဲ၊ ပြန်လဲပေးမယ်လည်း ပြောပြီးပြီပဲ၊ ဒီထက်ပိုပြီး မစော်ကားစမ်းပါနဲ့၊ လမ်းဘေးမှာ ရောင်းတဲ့စျေးကနေ ဝယ်ချက်စားပြီး နင် ဒီအသက် ရောက်လာတာ နှင့်အမေ ပြန်မေးကြည့်ဦး"

လူတချို့ ဝိုင်းကြည့်နေကြတာကို ဂရုမစိုက်နိုင်။ ဒီလိုရိုင်းတဲ့ မိန်းကလေးမျိုးကို ခေါင်းမငုံ့ချင်။ ဆိုင်ရှင်ကလည်း အစ,အဆုံး မြင်ထား၍ ဘာမှဝင်မတောင်းပန်။ ကျွန်မကို စူးစိုက်စွာကြည့်ပြီး လမ်းဘေး ချရပ်ထားသော ကားတစ်စီးပေါ် သူ တက်သွားလေသည်။

ထိုကိစ္စကို မေ့မေ့ပျောက်ပျောက်ဖြစ်ပြီး သိပ်မကြာခင် အင်းဝ စာအုပ်တိုက်ထဲ၌ စာအုပ်ရွေးရင်း ပြန်ဆုံကြပြန်သည်။ မှတ်မိသော်လည်း စ၍မခေါ်မိ။

"နင်... အသုပ်ဆိုင်က..."

"ဘာလုပ်မလို့လဲ၊ အသုပ်ဆိုင်က ဆိုတော့ စာမဖတ်အတတ်ရတော့ဘူးလား၊ နင်တို့လိုလူတွေပဲ စာတတ်ရမှာလား"

အဲဒီအချိန်တုန်းက မြင်မြင်သမျှကို ကျွန်မ မကောင်းမြင်ခဲ့သည်။ ဂုဏ်ထူး သုံးဘာသာ ထွက်ထားသဖြင့် ဝါသနာပါသော Engineering တက်ဖို့ ငွေအခက်အခဲ ကြုံနေချိန်မှာ ဗိုက်ခဲ့ရှိသူတွေရဲ့ သားသမီးတွေဆို ဘာမှ စိတ်ပူစရာမလို ပျော်တာကို တွေးတိုင်း ဒေါသ ထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကျတော့ ဂုဏ်ထူးလေး တစ်ဘာသာရတာကိုတောင်မှ အင်မတန်တော်လှပြီ။ တက္ကသိုလ်ဆိုတာ သူတို့အတွက် ငွေဖြုန်းတီးရာ၊ မိဘအင်အား ပြိုင်ဆိုင်ရာ၊ ရင်ခုန်စရာ၊ အချစ်ရှာရန်ထက်ပိုပြီး အဓိပ္ပာယ်မရှိကြ။ သူတို့ဘဝတွေက လွယ်ကူပြီး ကျွန်မမှာတော့ ခက်ခဲနေခဲ့သည်။ ငွေချမ်းသာတဲ့သူဆို အလိုလို ကြည့်လို့ကိုမရ။

"နင့်ကို တောင်းပန်ရင် ငါနဲ့ သူငယ်ချင်း ဖြစ်လို့ရမလား"

မျှော်လင့်မထားသော စကားဖြစ်၍ ကျွန်မ အံ့သြသွားပါသည်။

"ဘာဖြစ်လို့လဲ"

"ငါ နင်နဲ့ ခင်ချင်လို့... ရပြီလား"

သိပ်မကြာခင် သိလာတာ ယုလျာသည် တော်တော်ကြီးချမ်းသာသော မိဘများမှ မွေးလာသည့် အကြီးဆုံးသမီး ဖြစ်သည်။ ညီမကလေး နှစ်ယောက်ရှိပြီး စာမေးပွဲ မကြာခဏကျတတ်သော ယုလျာသည် သူတို့အိမ်တွင် လူအထင်သေးခံရဆုံး တစ်ယောက်ဖြစ်သည်။

ကျွန်မနဲ့တွေ့ချိန်က ယုလျာ ဆယ်တန်း တစ်နှစ်ကျထားချိန်။ ယုလျာကို စာကျက်လမ်းညွှန် လုပ်ပေးဖို့ ကျွန်မကို အကူအညီတောင်းရင်းနဲ့ ကျွန်မတို့ နှစ်ယောက် အလွန်ရင်းနှီးသွားခဲ့ရသည်။

"ငါက စာတော်တဲ့လူတွေဆို တစ်စက်မှ ကြည့်မရဘူး။ နင့်ကိုလည်း ကြည့်မရဘူး"

"ငါ့ကို..."



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ နင့်မှာ ကိုယ့်ကိုယ်ကို ယုံကြည်မှု လွန်ကဲနေတဲ့ စိတ် ရှိတယ်"

"ကိုယ့်ဟာကိုယ် ရပ်တည်ရတာကိုး"

"ဒါပေမယ့် နင့်လို တော်ချင်တယ်"

ကျွန်မတို့သည် တစ်ခါတစ်ရံ သူငယ်ချင်းလို၊ တစ်ခါတစ်ရံ ညီအစ်မလို၊ တစ်ခါတစ်ရံ ဆရာနှင့် တပည့်လို အနေအထားမျိုးဖြင့် ဆက်သက်ကြသည်။ တစ်ယောက်၏ အားနည်းချက်ကို တစ်ယောက် အားတိုက်ဖို့လည်း ဝန်မလေး။

တစ်ယောက် ချွတ်ယွင်းချက်ကို တစ်ယောက် ဖြည့်ဆည်း ပေးဖို့လည်း မတွန့်ဆုတ်ခဲ့ကြ။ ကျွန်မတို့နှစ်ယောက်မှာ လိုအပ် ချက်ချင်းလည်း မတူကြ။ ကျွန်မက ငွေကို အလွန်အမင်းလိုအပ် နေတာရှိပြီး သူကတော့ ဉာဏ်ကောင်းစွာဖြင့် စာမေးပွဲများအောင်ဖို့ ကို လိုအပ်သည်။

သို့ရာတွင် သူသည် မိဘပေးသော မုန့်ဖိုးကို အတိုင်းအတာ တစ်ခုထိသာ သုံးခွင့်ရှိသူမို့ ကျွန်မလို လွတ်လပ်စွာ ငွေသုံးစွဲခွင့်ကို အပ်မက်လေသည်။ အဆင်သင့် လက်ဖြန့်တောင်းရသော ပိုက်ဆံကို သုံးရတာ သူက မလွတ်လပ်ဟု ထင်ကောင်းမှာပဲဟု တောင့်တမိသူ ဖြစ်သည်။

ကျွန်မတို့သည် ငွေကို ပုံစံနှစ်မျိုးဖြင့် ရရှိသူများဖြစ်ပြီး အသက်ကိုလည်း ပုံစံနှစ်မျိုးဖြင့် ဖြတ်သန်းကြသူများ ဖြစ်သည်။ တစ်ယောက်က တစ်ယောက်ကို အားကျလျက် ကိုယ်ရသော



www.burmeseclassic.com

www.burmeseclassic.com



ဘဝကို မငြီးငွေ့နပ်မှု ကိုယ်စီဖြင့် အသက်ရှင်နေကြရလေသည်။ ကျွန်မနဲ့ သူ့မှာ အရှည်သိပ်မကွာသော ဆံပင်များ ရှိကြပြီး သူ့ဆံပင်များက စက်ဖြင့် ဖြောင့်ထားလေသည်။ သူ တစ်လရသော မုန့်ဖိုးသည် ဆံပင်ပေါင်းဆေး၊ ဆံပင်သန်ဆေးများ၊ ခေါင်းလျှော်ရည် အကောင်းစားဖိုးများကြောင့် ဘယ်တော့မှ လောက်င,သည်မရှိ။

ကျွန်မမှာတော့ ကျောင်းစရိတ်နှင့် စားစရိတ် ချိုးခြုံခြွေတာကာ နေစရိတ်ပြည့်မီအောင် တစ်လ တစ်လကို မနည်းရုန်းကန်ရှာဖွေရသည်။ တစ်ခါတစ်ရံ ကျွန်မတို့ နှစ်ယောက်လုံး ပိုက်ဆံပြတ်လပ်နေကြပြီး နှစ်ယောက်ပေါင်းမှ ငါးရာရှိကြသည်။ ထိုအခါမျိုးတွင် တစ်ပွဲ တစ်ရာတန် မုန့်တီသောက်ကြသည်။

တစ်ခါတစ်ရံ သူ မုန့်ဖိုးရချိန် ကျွန်မ ငွေလျှံချိန်ဆို Moon-Bakery မှာ အအေးသောက်၍ ရှမ်းခေါက်ဆွဲ စားကြ၊ ရုပ်ရှင် ကြည့်ကြသည်။ နှစ်ယောက်လုံး ရုပ်ရှင်ကိုတော့ သောကြာနေ့တိုင်း ကြည့်ဖြစ်သည်။

သူက မျက်နှာကို လှပစွာ ဆေးခြယ်တတ်ပြီး ကျွန်မက အမြဲ မျက်နှာပြောင် နေတတ်လေသည်။

ကျွန်မ မောင်နဲ့ စချိန်းတွေ့သောနေ့က ကျွန်မမျက်နှာကို ယုလျှာက စိတ်ရှည်လက်ရှည် ပြင်ဆင်ပေးခဲ့သည်။

"ဒီနေ့ နင် သူ့ကို အဖြေပေးမှာဆိုတော့ နှုတ်ခမ်းနီက အဓိကပဲ"

"ဘာ့ကြောင့်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်တာပေါ့... သူက နင့်နှုတ်ခမ်းကိုပဲ ကြည့်နေမှာ၊ ဒီတော့ နင့်နှုတ်ခမ်း အရောင်လေးက ဆွဲဆောင်မှု ရှိနေရမယ်၊ Gloss တင်လိုက်တော့ ပုလဲရောင် လက်လက်ကလေးနဲ့ နင့်ကို သူ စွဲသွားစေရမယ်"

"ငါ မနေတတ်ဘူးဟဲ့"

"နေတတ်အောင် နေရမယ်၊ အလှမကြိုက်တဲ့ ယောကျ်ား တစ်ယောက်မှ မရှိဘူး မိမာန်၊ ငါ ပြောတာ နားထောင်၊ နင် ကြွကြွရွရွလေးနေတော့ နင့်ကို ပိုသဘောကျတာပေါ့၊ အဆောင်မှာ တစ်ခန်းလုံး ဝေဘီ တို့လို့တွဲလောင်း၊ အတွင်းခံ မလျှော်ရသေးတာ တွေ ပွယနေတာ သူမြင်တာမှတ်လို့ ကိစ္စမရှိဘူး... ရည်းစားဘဝ ဆိုတာ အဲပေါ်ယံပဲ၊ နင့်ကို သူလည်း ဖုံးကွယ်ထားတာတွေရှိမှာပဲ"

"ငါက ကျောင်းမှာ အမြဲတမ်း စုတ်ပြတ်နေတာ"

"ဒါကြောင့် အခု လှနေဖို့လိုတာပေါ့၊ နင်နဲ့ သူ လူမမြင် အွယ်ရာတွေ လျှောက်မသွားနဲ့နော်"

"နင်ကလည်း ခုမှ အဖြေပေးမယ့် ဥစ္စာ"

"သူက ချောလား"

"ဘယ်လို ပြောရမလဲ၊ အရပ်မြင့်တယ်၊ အသား ဖြူတယ်၊ ဒီလောက်ပဲ ပြောတတ်တယ်၊ နင်နဲ့ မိတ်ဆက်ပေးမယ်လေ၊ သူက ငါ့မှာ သူငယ်ချင်းတစ်ယောက်ပဲရှိတာ သိတယ်"

"နင်နဲ့ငါ ကျောင်းတူရင် ပြီးရော၊ ဘာပဲဖြစ်ဖြစ် တစ်နေ့ တွေ့ရမှာပါ၊ ကဲ... ဂွတ်လပ် သူငယ်ချင်း"

www.burmeseclassic.com

www.burmeseclassic.com



အဖြေပေးမယ့် နေရာကို ထိုနေ့က မောင် ရောက်မလာခဲ့ချေ။ နေကပူ… မိတ်ကပ်ကပူ၊ ချွေးကထွက်၊ ရင်ဘတ်ကနာကာ အပြန်မှာ ဆေးခန်းဝင်ပြရသည်။ အီးစီဂျီ ဆွဲပြီး အက်ခ်ိုးပါရိုက်ရန် ငွေမလောက်၍ ယုလျာကို ဖုန်းဆက် ခေါ်ရသည်။

ညနေစောင်းတော့ အဖြေထွက်လာခဲ့သည်။ နှလုံး အဆို့ရှင်ကျဉ်းသောရောဂါ။ ယုလျာက ချိန်းထားပြီး ရောက်မလာသော မောင့်ကို ဒေါပွကာ ကျွန်မကို သူ့ကားဖြင့် တင်ခေါ်ပြီး မောင်နေထိုင်ရာ အဆောင်သို့ လိုက်သွားခဲ့ကြသည်။ ဟိုရောက်တော့မှ မောင် ဘာကြောင့် မလာနိုင်လဲဆိုတာ သိသည်။ ခြေထောက်မှာ သံစူး၍ ခြေထောက် လုံးဝ မထောက်နိုင်သောကြောင့် မရောက်လာနိုင်တာ။

အဖြေကို နှုတ်ဖြင့် မပေးသော်ငြား မျက်လုံးချင်းကဖြင့် စကားပြောနိုင်ကြလေပြီ။

"သူ့မျက်လုံးတွေက ကျဉ်းတယ်နော် မာန်"

"ဟုတ်သား… ငါတော့ ပုံမှန်ထင်တာပဲ"

"နင်က ကြိုက်နေတာကိုးဟဲ့၊ မျက်လုံးစွေနေလည်း ကြိုက်တော့ တည့်တယ် ထင်မှာပေါ့၊ ကိုယ်ထင်ရင် ခုတင်တောင် ရွှေနန်း ဖြစ်သေးတာပဲ"

"နင် သူ့ကို ဘယ်လိုမြင်လဲ"

"အတွေးကြီးမယ့်ပုံ… ပြီးတော့ လူ့ဘဝတစ်ခုလုံးမှာ စိတ်မချရမယ့် စိတ်ဓာတ် ရှိမယ့်ပုံပဲ၊ ဘာလို့လဲဆိုတော့ သူ့ဟာသူ

www.burmeseclassic.com



ခြေထောက် သံစူးလည်း ကားငှားလာရင် ရတာပဲ၊ နင်က စောင့်နေတာလေ၊ နင်စောင့်နေတာကို သူ ကိုယ်ချင်းစာရမှာပေါ့၊ နင့်ဘက်ကို ကိုယ်ချင်း မစာတတ်ဘူး မာန်၊ နင် သူ့ကြောင့် စိတ်ချမ်းသာရပါ့မလား၊ ငါ စိတ်ပူတယ်"

"နင်ပြောသလို ငါတော့မထင်ပါဘူး၊ သူ ငါ့ကိုချစ်တယ်"

"အေး...အဲဒီချစ်တာကြီးကိုက မယုံရတာ၊ နင်တို့ ငါတို့က စိတ်ချမ်းသာဖို့ လိုအပ်နေကြတာလေ၊ အချစ်ကြောင့် စိတ်ဆင်းရဲရင် သေဖို့ပဲကောင်းတော့တယ်၊ လူ့ဘဝမှာ အိမ်ထောင်ရေး၊ စီးပွားရေး၊ အချစ်ရေး၊ လူမှုရေး၊ပညာရေး၊ ငါးမျိုး တစ်ခုကို ၂၀ ရာခိုင်နှုန်းစီ ရှိတာ၊ အချစ်ရေး စိတ်ဆင်းရဲရရင် သွားပြီ"

"ဘာလို့လဲ"

"ကျန်တာတွေက စိတ်ချမ်းသာရမှာမှ မဟုတ်တာ၊ စီးပွားရေးဆို အနည်းနဲ့အများ အဆင်မပြေဖြစ်မှာပဲ၊ ပညာရေးလည်း ၁၀၀ ရာခိုင်နှုန်းပြည့်ဖို့ မဖြစ်နိုင်ဘူး၊ လူမှုရေးလည်း အတူတူပဲ၊ အဲဒီငါးမျိုးမှာ အပြည့်ရနိုင်တာ အချစ်ရေးတစ်ခုပဲ ရှိတယ်၊ အဲဒါ အဆင်မပြေရင်တော့ သွားပြီပဲ"

ယုလျာ၏ ချစ်သူကတော့ အင်မတန် ကိန်းခန်း ကြီးကျယ်သော လူဖြစ်သည်။ ကြည့်လိုက်တာနှင့် ဘာမှ လိုအပ်မနေသော များပါးလှသည့် လူ့အဖိုးတန်၊ ပြီးတော့ သမားတော် အလောင်း အလျာမို့ ယုလျာအဖို့တော့ ရွှေတောင်ကြီးလို အားကိုရသောသူ၊ အနာဂတ်ကို ပိုင်စိုးသူ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယုလျာအဖေ သူငယ်ချင်း၏ သားမို့ ယုလျာနှင့် ရင်းနှီးဖို့ လွယ်ကူပြီး ရိုးစင်းစွာပဲ ချစ်သူ ဖြစ်ကြသည်။ ကျွန်မနဲ့ မောင်က လမ်းဘေး အသုပ်ဆိုင်မှာ ရယ်မောစားသောက်နေချိန် ယုလျာတို့ နှစ်ယောက်ကတော့ ဟိုတယ် စားသောက်ဆိုင်များမှာ တခမ်း တနားဖြင့် ကော်ဖီ သောက်ကြသည်။

ကျွန်မနဲ့မောင်က လက်ချင်းတွဲ၍ ဘတ်စ်ကား တိုးစီးချိန်မှာ ယုလျာတို့ နှစ်ယောက်က ကိုယ့်ကား ကိုယ်စီဖြင့်။

သို့သော် ကျွန်မတို့နှစ်ယောက်လုံး ပျော်ရွှင်ခဲ့ကြပါသည်။ ကိုယ့်ရည်းစားအတင်း ကိုယ်ပြန်ပြောကာ ရယ်မောခဲ့ကြပါသည်။

"ဒီနေ့ သူ ငါ့ကို လက်ဆောင်ပေးတယ် သိလား မာနီ ဘာလို့ ထင်လဲ... နင် မှန်းကြည့်"

"ဘယ်သိပါ့မလဲ"

"foot chain လေး ပေးတာ ဆရာ၊ သူကိုယ်တိုင် ဝတ်ပေးတာ၊ ဒီမှာကြည့်"

သွယ်လျသော ယုလျာ ခြေကျင်းဝတ်မှာ ရွှေဖြူရောင် လက်လက်ကလေးနှင့် ပန်ရလှသည်။ ကျွန်မနဲ့ မောင်ကတော့ အဲသလိုမပေးနိုင်ကြပါချေ။ ကျွန်မတို့မှာ ရည်းစားအတွက် ငွေအပို လည်း မရှိကြ။ ယုလျာတို့ကတော့ အပြန်အလှန် လက်ဆောင်တွေ ပေးရတာနှင့်၊ ဈေးလိုက်ပို့ပေးရတာနှင့်။

ယုလျာတို့ကို ကြည့်၍ အချစ်ဆိုတာ ငွေရှိလေ ပိုပျော်စရာ ကောင်းလေပဲဟု နားလည်ခဲ့ရပါသည်။ မနာလိုသည်း မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



သုလျာနှင့် ကျွန်မသည် မတူသော ကံကြမ္မာများဖြင့် မိန်းမများ ဖြစ်ကြသည်။

"သူ နင့်ကို တကယ်ချစ်တဲ့ပုံပဲ"

"ဟုတ်လား၊ ငါလည်း အဲသလို ဖြစ်ပါစေလို့ ဆုတောင်း ပါတယ် မာန်"

"ဘာဖြစ်လို့တုန်း"

"ငါ သူ့အနားမှာရှိရင် အလိုလိုသိမ်ငယ်လာတယ် မာန်ရယ်"

"ဟာ နင်ကလဲ၊ ရည်းစားတွေပဲဥစ္စာ၊ ဘာအားငယ်ရမှာလဲ၊ နင်လည်းလူ သူလည်း လူပဲဥစ္စာ၊ မဟုတ်တာ လျှောက်တွေးမနေနဲ့"

"နင်နဲ့ သိခ်ဆို ပိုပြီးလွတ်လပ်မှာပေါ့"

"ဘာကိုလဲ"

"ငါပြောတာ ပကာသန မရှိတော့ ပိုပြီး ပျော်စရာကောင်း မယ်လို့"

"အမယ်လေး...ဘတ်စ်ကား တိုးစီးရတဲ့အရသာ ဒီလောက် ဆိုးတာ ယုလျာရယ်၊ တို့နှစ်ယောက် ညနေဘက်ကလေး တွေ့ရ အောင် အဲဒီဒုက္ခကြီးလွန်းလို့ အခုဆို ကျောင်းမှာပဲ တွေ့ရတော့ တယ်၊ ကားငှားစီးဖို့ သူရော ငါရော ပိုက်ဆံမရှိကြဘူးလေ၊ ပိုက်ဆံရှိမှ ပျော်စရာကောင်းတာပဟ"

"မဟုတ်ဘူး...ပိုက်ဆံဖုံးထားရင် ဘယ်တော့မှ အမှန် မမြင်ရတတ်ဘူး"

"နင်တို့မှာ ကွာခြားချက်မှ မရှိတာ၊ ဘာကို စိတ်ပူနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှိတာပေါ့၊ သူက ဆရာဝန်လေ၊ MRCP သွားယူမယ့် ဆရာဝန်လေ၊ ငါက ရိုးရိုးကျောင်းသူ"

"နင်ဟာ သက်သက်ခေါင်းစားပြန်ပြီ"

"နင်နဲ့သိခဲ့က အင်ဂျင်နီယာတွေချည်းပဲ၊ နင်တို့မှာ ကွာခြားချက် မရှိဘူး၊ ငါက ဆယ်တန်းတောင် နင် စာကူကျက်ပေးလို့ အောင်လာတာ၊ ငါနဲ့ ကိုကို့ကြားက ကွာခြားချက်က အရမ်းကြီးတယ် မာန်၊ လူတွေက ငါနဲ့သူ့ဆို' မတူသလို မတန်သလိုနဲ့"

"နင့်မှာလည်း မြန်မာပြည်ကရောဂါ ရှိနေတာပဲ"

"ဘာရောဂါလဲ"

"ဆရာဝန်လေ... မြန်မာပြည်က လူတွေဟာ ဆရာဝန်ရူး ရူးကြတယ်၊ ဆယ်တန်း ကျောင်းသားတွေရဲ့မိဘတွေကို စာရင်း ကောက်ကြည့်လိုက်၊ ၁၀၀ ရာခိုင်နှုန်းက ဆရာဝန်ဖြစ်စေချင်ပါတယ် ဆိုတဲ့ အဖြေမျိုးပဲ ထွက်လာလိမ့်မယ်၊ ဘယ်အလုပ်ပဲဖြစ်ဖြစ် ဝါသနာပါမယ်၊ ကိုယ့်အတွက် လစာ ကောင်းကောင်းရမယ်၊ တရားဝင်တဲ့ အလုပ်လည်းဖြစ်မယ်ဆို ကျေနပ်စရာကောင်းတာပဲ၊ ဆရာဝန်ပဲဖြစ်ဖြစ်၊ သူဌေးပဲဖြစ်ဖြစ် ကိုယ့်ဘာဝ ကိုယ် Satisfied (ကျေနပ်) မဖြစ်လို့ကတော့ နေပျော်မှာမဟုတ်ဘူး၊ အခု နင် ဆေးကျောင်းတက်နေရကြည့်ပါလား၊ နင် အခုလို ပျော်ပျော်ရွှင်ရွှင် နေနိုင်မယ်ထင်လား ယုလျာ၊ ငါတို့လည်း ဆယ့်ရှစ်ဘာသာတောင် ကျက်ရတာ၊ သူတို့တွေလည်း တစ်ချိန်လုံး စာကျက်ရတာ ပင်ပန်းတယ်၊ နင့်မှာ ဝင့်ကင်းတယ်လို့မှတ်ထားဟာ ရောဂါမထ,နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"နင်က ပြောအားရှိမှာပေါ့၊ နင်က အင်ဂျင်နီယာလေ၊ ဆေးကျောင်း ဝင်လျက်နဲ့ မတက်ခဲ့တာလေ၊ နင်က ရနေလျက်နဲ့ မယူခဲ့တာ၊ ငါကျတော့ နင်နဲ့ မတူဘူးလေ"

"ငါကတော့ နင့်လိုမျိုး မိဘတွေ ချမ်းသာရင် အေးအေး ဆေးဆေးပဲ နေချင်တယ်၊ တော်ပြီ... ဘာမှ မရုန်းကန်ချင်တော့ဘူး။ အချိန်တန် ထမင်း နှစ်နပ်စား၊ မုန့်ဖိုးကလေးသုံးပြီးပြီ စိတ်မဆင်းရဲရဘူး။ နင်မို့ ပေါက်ကရ လျှောက်စဉ်းစားနေတာ၊ ဆရာဝန်လည်း ပိုက်ဆံရှာရတာပဲ၊ အင်ဂျင်နီယာလည်း ပိုက်ဆံရှာရတာပဲ၊ သူဌေးလည်း ပိုက်ဆံရှာရတာပဲ၊ ပိုက်ဆံရမှ ထမင်းစားနိုင်မှာ၊ Living Cost အတွက် ငွေဟာ မရှိမဖြစ် လိုအပ်ချက်ပဲ၊ နင့်မှာ အဲဒါရှိတာပဲ တော်ပြီပေါ့၊ အနည်းဆုံး နင် သိန်းငါးထောင် အမွေရမယ်၊ ငါသာဆို အဲဒီပိုက်ဆံနဲ့ ကောင်းကောင်းနေ်နေမယ်"

ကျွန်မတို့နှစ်ယောက်သည် အခြေခံက စတင်၍ ဤသို့ ကွဲလွဲခဲ့ကြပါသည်။

ယုလျာသည် ပညာရေးနှင့်ပတ်သက်၍ အချိုးဖွဲ့ခံ အနိမ်ခံ ထားရသူဖြစ်သဖြင့် အားငယ်စိတ်ကလေးတော့ ရှိနေသည်။ အငုံ့စိတ် ခေါ်ရမလားဘဲ။ ကျွန်မက ငွေမရှိ၍ အငုံ့စိတ် ရှိသည်။

"နင်တို့ အတွဲရယ်၊ တို့အတွဲရယ် ဘစ်နေ့ ဆုံကြရအောင် မာန်"

ယုလျာ တောင်းဆိုချက်ကို မောင့်အား ပြန်ပြောပြသည့် အခါ မောင်က ငြင်းဆန်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မာန်ပဲ စဉ်းစားကြည့်၊ သူတို့က ကားနဲ့ ဟိုတယ်ထဲ ဝင်လာတဲ့အချိန်မှာ မောင်တို့က လမ်းလျှောက်နေရမယ်၊ ပြီးတော့ မောင်တို့နဲ့ သူတို့ကြားမှာ ပြောစရာ ကြားခံနယ် ဘာမှမရှိဘူး၊ မောင်တို့နှစ်ယောက် ပတ်ဝန်းကျင်ကို သူတို့ မသိဘူး၊ ပြီးတော့ မောင်တို့ထက် ယုလျာလူကြီးက ရှစ်နှစ်တောင်ကြီးတာ၊ စကား ပြောလို့ အဆင်ပြေမှာ မဟုတ်ဘူး"

"မိတ်ဖြစ် ဆွေဖြစ်ပဲလေ မောင်ရယ်"

"ကိုယ်က နိမ့်ပါးတဲ့ အနေအထားမှာ အဲဒီလိုသိပ်ချမ်းသာတဲ့ လူတွေနဲ့ မိတ်ဆွေမဖြစ်တာ အကောင်းဆုံးပဲ မာန်"

"မိတ်ဆွေတွေမှာ ချမ်းသာတာ၊ ဆင်းရဲတာ လိုလို့လား မောင်"

"လိုတာပေါ့... နို့မို့ ကိုယ်တို့ကို နှိမ်တာခံရမှာပေါ့"

"ဒါပေမယ့် ယုလျာနဲ့ မာန် ခင်လာတာကြာပြီ"

"မာန်တို့က မိန်းကလေးလေ"

"မိန်းကလေးက ပိုဆိုးတာပေါ့ မောင်၊ ပိုပြီး ပြိုင်ဆိုင်တယ်"

"မောင် မလိုက်တွေ့ဘူးကွာ"

သို့နှင့် ကျွန်မတစ်ယောက်တည်း သွားတွေ့ရပါသည်။ ကျွန်မကို သူငယ်တန်း ကလေးတစ်ယောက်လို ယုလျာ ချစ်သူက ဆက်ဆံ၍ နေရာပေးရှာသည်။

"ကိုယ်တို့ ကျောင်းမှာလည်း မာန့်လိုမျိုး ကိုယ့်ကျောင်း စရိတ် ကိုယ်ရှာတက်တဲ့ ကလေးတွေ ရှိကြတာပဲ၊ ...က်



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ဆေးခန်းဖွင့်ကြ၊ NGO မှာ လုပ်ကြနဲ့ ပိုက်ဆံရကြတာ၊ တောက်လျှောက် ကုန်ကြတာချည်းပဲ၊ မာန်က တော်တယ်နော်"

"မာန် ဆယ်တန်းတုန်းက ဆေးဝင်တာပဲ ကိုကိုရဲ့"

ယုလျာက ကြွားရှာသည်။

"ဟုတ်လား... ဘာလို့ မတက်တာလဲ"

"ဝါသနာမပါလို့"

"အင်း... အင်ဂျင်နီယာလည်း ကောင်းတာပဲ၊ စင်ကာပူမှာဆို စကော်လာနဲ့ တက်တဲ့ကျောင်းသားတွေကို ကုမ္ပဏီတွေက ကျောင်းပြီးတာနဲ့ တစ်ခါတည်း ခွဲခန့်တာ၊ နောက် Engineering က ဂျပန်မှာလည်း ကောင်းတယ်၊ ပြီးရင် နိုင်ငံခြားမှာ ဘွဲ့လွန်သွားယူနိုင်အောင် ကြိုးစားပေါ့"

"ယုလျာနဲ့ မာန် တူတူသွားကြမှာပေါ့ ကိုကိုရဲ့"

"ယုလျာက ဘာတက်လို့ ရမှာလဲ"

ယုလျာ မျက်နှာ ပျက်သွားသည်။

"ကိုကိုကလည်း အထင်သေးရန်ကော"

"ဟုတ်တယ်လေ၊ Professional မဟုတ်ဘဲ ယုလျာ ကျောင်းသွားတက်တော့ ဘာအသုံးဝင်မှာလဲ၊ သူတို့နိုင်ငံမှာ သူတို့မလုပ်ချင်တာတွေဘဲ လုပ်ရမှာ၊ ငွေ အလကားဖြုန်းမနေပါနဲ့ ယုလျာ၊ ပင်ပန်းပါတယ်၊ နိုင်ငံခြားသွားတယ် ဆိုတာ ဆရာဝန်တို့ အင်ဂျင်နီယာတို့ ဘွဲ့လွန်သွားတက်တာပဲ ကောင်းတယ်၊ အလုပ်ကြမ်း သွားလုပ်တာ ဒုက္ခပဲများတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ယုလျာ ဒုက္ခခံနိုင်ပါတယ် ကိုကိုရဲ့"

"ဒါဆို ယုလျာ ဒီမှာပဲ ပိုက်ဆံရှာကြည့်ပါဦး၊ ကိုယ်တိုင် ရှာရတာ မိဘဆီက တောင်းရတာထက် ပိုခက်တယ် ယုလျာ မာန့်ကို မေးကြည့်၊ ယုလျာက မပင်ပန်းဘူးတော့ မသိဘူး"

"ကိုကိုကရော..."

"ကိုကိုက အထူးကုဖြစ်မှာလေ၊ တစ်လနဲ့ ကိုကို ကုန်တာ တွေကျေတယ် ယုလျာ၊ သေတဲ့အထိ ကိုကို့အလုပ်က ရပ်တည် သွားလို့ ရတယ်"

ယုလျာ ချစ်သူသည် လေသံက ချိုသာ ပျော့ပျောင်းစွာ

သို့သော် ယုလျာ အငုံ့စိတ်ကို မီးမြှိုက်ပေးသော စကား များကို ပညာတတ်ဆန်စွာ ပြောတတ်သူ ဖြစ်ကြောင်း ပေါ်လွင် သွားပါသည်။

ယုလျာ ချစ်သူသည် ယုလျာကို အထင်လုံးဝမကြီးပေ

"ယောက်ျားတွေက အထင်ကြီးတဲ့မိန်းမဆိုတာ တော်တော် ရှားတာနော် မာန်၊ နင့်ကို ကိုကိုရော သိခ်ရော အထင်ကြီးကြတယ် အေးလေ...ငါလည်း နင့်ကို အထင်ကြီးပါတယ်၊ နင်က ကြံ့ခိုင် တယ်၊ တော်တယ်၊ နင့်ကို နှလုံးရောဂါသည်ဆိုတာ ကိုကိုကတောင် မယုံဘူး"

"သိခ်လည်း မယုံဘူး၊ သူ့ကို နောက်နေတယ်ပဲ ထင်တာ"

"အခု နင် သိပြီမို့လား၊ ငါ ဘာကြောင့် စိတ်ညစ်ရတယ် ဆိုတာလေ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ထင်မြင်ချက် မပေးပါ။

"သူက အမြဲ အဲသလိုပဲ သူ့ကိုယ်သူ ငါနဲ့ယှဉ်ပြီးပြောတတ်တယ်၊ ငါ့ကို မင်း အသုံးမကျဘူးလို့ ဘယ်တော့မှ တိုက်ရိုက်မပြောဘူး။ အနီးကပ်နားထောင်မှ သူ ငါ့ကိုအထင်တသေး နှိမ်တာသိမှာ။ သူတောင် ဒီလောက်ဖြစ်နေရင် သူ့မိဘတွေတော့ ဒုက္ခပဲ"

"နင့်ကို အသုံးမကျဘူး ပြောပြီး သူပဲ နင့်ဆီမှာ လာကူညီပေးတာပဲလေ"

"အဲဒါလည်း ငါ မယုံဘူး၊ ငါတို့နှစ်ယောက် အတူထိုင်နေမယ့် ဝေးနေကြသလိုပဲ သိလား မာနီ၊ တဖြည်းဖြည်း သူနဲ့ဝေးလာတယ်၊ ငါ တဖြည်းဖြည်း သေးသိမ်လာတယ်"

"ဒါဆို နင် ဘာလုပ်ချင်လဲ၊ နင် သူ့ကိုဖြတ်မလား"

"ဟင့်အင်း... ငါ သူ့ကိုချစ်တယ်၊ သူ ငါ့ထက်မြင့်တာ သိပါတယ်၊ ငါနဲ့သူ မတူမတန်မှန်းလည်း သိပါတယ်၊ ဒါပေမယ့် သူ အဲသလိုပြောတိုင်း ငါ စိတ်ဆင်းရဲရတာ သူ မသိဘူး"

"ဘာကိုမတူမတန်တာလဲ၊ လုပ်ပြန်ပြီ...ငါလေ... နင့်ကို အသည်းယားတယ်၊ ဘာမှမဟုတ်တာကို ပြဿနာလုပ်နေတယ်"

ယုလျာစိတ်ကို အနာတရများစွာပေးမည့် သူသည် ယုလျာချစ်သူ ဖြစ်နေလိမ့်မယ်ဟု ကျွန်မ ထိုအချိန်ထိ မထင်ထားခဲ့။

ဘာပဲဖြစ်ဖြစ် ယုလျာက ချမ်းသာတာပဲ၊ သူတို့ လက်ထပ်တဲ့အခါ ရွှေကို ရွှေချင်း၊ ငွေကို ငွေချင်း ထပ်တဲ့ဖြစ်မှာ။ နှစ်ယောက်လုံး ကိုကြိုတက် ချမ်းသာသော မိဘများရှိကြပြီး

www.burmeseclassic.com



နှစ်ယောက်လုံး ဟိုဘက်သည်ဘက် လက်ဖွဲ့ကြမှာ။ ကျွန်မနဲ့ သိခံကာတော့ စိတ်ကူးယဉ်တုန်း။

City Mart ထဲမှာ အိမ်အသုံးအဆောင် မားတစ်ချောင်း တန်ဖိုးပင် ကျွန်မတို့မှာ ရင်တထိတ်ထိတ်ဖြင့်။

"ရုပ်ရှင်တွေထဲကလို မီးဖိုချောင်လှလှလေးဖြစ်ဖို့ တော်တော် ကုန်မှာပဲ မောင်၊ မာန်တို့ စိတ်ကူးယဉ်တာတွေများနေပြီ ထင်တယ်"

"အလုပ် လုပ်ရင် ပိုက်ဆံရမှာပေါ့ကွာ"

ရေခဲမုန့်တစ်ဘူး လေးထောင်ကျော်ကို ဝယ်စားချင်ပေမယ့် မဝယ်နိုင်၍ လမ်းဘေးရေခဲမုန့် ၁၅၀/–တန်ကို ချက်ချင်း ပြေးစား ရသည်။ ခမ်းနားလှပတဲ့ အိမ်တစ်လုံးဖြစ်ဖို့ တော်တော် အချိန် ယူရဦးမည်။ ကျွန်မက ကိုယ်ပိုင်အိမ်ဖြင့် မနေခဲ့ဘူးသူမို့ အိမ်တစ်လုံး ကို အချိန်ပြည့်ရှူးသွပ်သူ။ ကားလည်း လိုချင်တာပဲ။ အိမ်ကောင်း ကောင်းနဲ့ ကားတစ်စီးနဲ့။ ယုလျှာတို့လောက် ချမ်းသာစရာမလို။

"မောင်နဲ့ မာန် အိမ်ပုံ တူတူဆွဲထားကြမယ်လေ၊ တစ်နေ့ကျ မာန်တို့ အဲဒီအိမ်မျိုး ဆောက်နိုင်မှာပါ"

"မာန်က လက်ထပ်ဖို့ထိ စဉ်းစားနေပြီလား"

ကျွန်မ ရှက်သွားပါသည်။ မောင်က ရယ်မောကာ...

"လိုပါသေးတယ်...မာန်၊ စိတ်ကူး သိပ်မယဉ်နဲ့၊ စိတ်ကူး ယဉ်ရင် မဖြစ်တတ်ဘူး၊ သိလား... လိုချင်ရင် မရတတ်ဘူး"

သို့သော် နောက်နေ့မှာ မောင်ကိုယ်တိုင် ဆွဲထားသော အိမ်ပုံစံလေးရယ်၊ ပုံစံတူ နမူနာအိမ်ကလေးရယ် ကျွန်မအား



www.burmeseclassic.com

www.burmeseclassic.com



ဆောင် လက်ဆောင်ပေးခဲ့သည်။ တစ်ထပ်တိုက် အိမ်ကလေး၊ မြက်ခင်းစိမ်းစိမ်းများနှင့်၊ ရေကန်လည်းရှိ၊ ဘတ်စ်ကတ်ဘောကွင်းလည်း ပါဝင်ကာ အိမ်ခေါင်မိုးက မှန်များ ဖြစ်သည်။ ထိုလက်ဆောင်သည် မောင့်ဆီက ရခဲ့ဖူးသော တစ်ခုတည်းသော လက်ဆောင် ဖြစ်သည်။

ယုလျာကို ပြသည့်အခါ...

"ချစ်စရာလေးဟယ်... အနည်းဆုံး ဒီပုံစံအတိုင်းရဖို့ သိန်းလေးထောင်လောက် ကုန်မယ်"

ကျွန်မမှာ ထိုပမာဏကို ကြားသည်နှင့် ငိုချင်သွားပါသည်။

"ဒီတစ်သက် မဟုတ်ဘူး၊ နောက် ဆယ်သက်တောင် ငါ ရှာလို့ပြည့်မယ့် ပိုက်ဆံ မဟုတ်ဘူး"

"နင်ကလည်း ခုရှမှာလည်း အဆံနဲ့ လူမှာလည်း အကြံနဲ့ တစ်သက်လုံး ဒီအတိုင်းနေမလား၊ ငါတို့မှာ အနာဂတ်ရှိသားပဲ"

"နင်က အဲဒီပိုက်ဆံလောက်များ နင့်အဖေဆီက တစ်နေ့ ရမှာ၊ ငါ့မှာ ဘယ်သူက လာပေးမှာလဲ၊ အလုပ် လုပ်တော့လည်း အဲဒီလောက် ဘယ်လိုလုပ်ရမှာလဲ"

"ငါ ညက အင်တာနက် ဝင်ကြည့်တယ်"

"ဘာလုပ်ဖို့လဲ"

"ရှာတာ... ငါ နိုင်ငံခြားမှာ Ph.d တက်လို့ရအောင်ရှာတာ"

"တွေ့လား"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့တယ်...ပြည်သူ့ကျန်းမာရေး ဆိုတာလေ၊ ခက်တော့ ခက်တယ်၊ ဆရာဝန်မဟုတ်လည်း တက်လို့ရတဲ့ Dual degree တွေ ရှိတယ်"

"နင် ဘာစိတ်ကူး ပေါက်နေတာလဲ"

"ငါ ဘွဲ့ရပြီးရင် အင်တာနက်ကနေ M.P.H လှမ်းတက်မယ် စိတ်ကူးတယ်၊ အဝေးသင်ပေါ့၊ ငါ့ကိုကို့ကို မကျေနပ်ဘူး။ သူက ဆရာဝန်ဆိုပြီး ငါ့ကိုနှိမ်တာ ငါ မကြိုက်ဘူး၊ ကြိုးစား ရင် မရစရာ ဘာမှမရှိဘူး။ နင်လည်း တက်ပါလား"

"ဒီဘွဲ့တစ်ခုတောင် မနည်း ရုန်းကန်ရတာ၊ တော်ပါပြီ M.E ဆိုတာ ငါနဲ့ အဝေးကြီးမှာ၊ မလိုချင်ဘူးလား ဆိုတော့ လိုချင်တာပေါ့"

"အေးလေ... ဘွဲ့ရပြီး နင်က သိခ်နဲ့ လက်ထပ်မှာပဲ"

"အိမ်ထောင်ပြုပြီး အေးအေးဆေးဆေးပဲ နေတော့မယ်၊ အေးအေးချမ်းချမ်းနေရရင် တော်ပြီ၊ ကျိုကျိုတက်ချမ်းသာဖို့လည်း မမျှော်လင့်ဘူး။ ဖြစ်နိုင်တာကိုပဲ စိတ်ကူးယဉ်တော့မယ်၊ အရင်ဆုံး ဘွဲ့ရပြီး အလုပ်တစ်ခုရဖို့ ကြိုးစားရ ဦးမယ်"

"ငါက အလုပ်အတွက် ပူစရာမလိုဘူး။ ငါ့ဦးလေးကုမ္ပဏီမှာ ဝင်လုပ်ရုံပဲ"

"အဲဒါကြောင့် ပြောတာလေ၊ လူတချို့က အဆင်သင့် တွေနဲ့ မွေးလာခဲ့တာလို့၊ နင်ဆို အိမ်ထောင်ဖက်ရော၊ ငွေရော၊ အလုပ်ရော ဖွားဖက်တော်အနေနဲ့ ပါလာပြီးသား"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဟ… ဖွားဖက်တော်"

"ဖွားဖက်တော်ဆိုတာ ဗုဒ္ဓဝင်က လာတဲ့စကား၊ လူ တစ်ယောက်မှာ ကုသိုလ်ကံ အဟုန်ကြီးလွန်းတော့ သူ့ပါရမီကို ဖြည့်ဖို့ သူနဲ့တူတူ မွေးလာတာတွေ ရှိတတ်တယ်၊ မဟော်သဓာဆို ဖွားဖက်တော် တစ်ထောင်ရှိတယ်၊ အတိတ်ကုသိုလ်ကံ ကြီးတော့ သန္ဓေတည်ကတည်းက ကိုယ့်အခြွေ အရံက တစ်ခါတည်းပါလာတာ"

ဒီထက်ပိုပြီး ရှင်းပြနိုင်သော်လည်း မရှင်းချင်တော့ပါ။ ကုသိုလ်ကံ၊ ကံ၏ အကျိုးကို မယုံကြည်တာထက် သင်ကြားခံရခြင်း မရှိသူမို့ ပို၍ နားရှုပ်သွားလိမ့်မည်။ ထို့ကြောင့် သူနားထဲ ဝင်နိုင်သလောက် သမလောက်ပဲ ရှင်းပြရပါသည်။

သူဆိုလျှင် အတိတ်ကုသိုလ်ကံ တော်တော်ကောင်းခဲ့လိမ့်မည်။ သူ့မှာ လိုအပ်တာ ဘာမှမရှိခဲ့။ သူနှင့် ပြည့်စုံ ကြွယ်ဝခြင်းသည် ဘယ်တော့မှ ခွဲ၍မရ။ သို့ရာတွင် သူသည် ပညာရေးနှင့် ပတ်သက်၍ စိတ်အားငယ်ရသည်။ ဉာဏ်နှင့်ပတ်သက်၍ မှတ်အား နည်းလှသည်။

နင့်အလုပ်အတွက် ငါတာဝန်ထားပါ မာန်…၊ ငါ နင့်ကို မမေ့ထားပါဘူး"

"ငါ ဘယ်သူ့အကူအညီမှ မလိုချင်ဘူး ယုလျာ"

"ငါတို့က သူငယ်ချင်းတွေပဲ"

"အကြွေးတွေထဲမှာ စေတနာအကြွေးက ကြွေးစရာ အကောင်းဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လဲ"

"ဆပ်ရခက်လို့၊ ပမာဏ အနည်းအများ မှန်းလို့လည်း မရဘူးလေ၊ နင်နဲ့ငါ သူငယ်ချင်းတွေလို ခင်တာပဲ ကောင်းပါတယ်၊ ပေးသူ ယူသူအဖြစ်နဲ့ဆို ရှုပ်ကုန်လိမ့်မယ်၊ ငါ နင့်ကို ကျေးဇူးမတင်ချင်ဘူး"

ကျွန်မ၏ ထိုစကားများအတွက် သူ စိတ်မကောင်းဖြစ်သွားပါသည်။ ကျွန်မက ဆင်းရဲချို့တဲ့ခြင်းနှင့် ခွဲခြားမရသူ။ ကျွန်မအတွက် အတိတ်ကုသိုလ်ကံသည် နည်းပါးလှပေ၏။ ဒီကြားထဲ ကျန်းမာရေးကလည်း ချို့တဲ့သေး၏။ တစ်လ ဆေးဖိုးနှင့် ဆေးခန်းခက အောက်ထစ် နှစ်သောင်း ပတ်ဝန်းကျင်ရှိသည်။ စားစရာမရှိပါ၍ လျော့စရာရှိနေရသည့် ဘဝ။

ချမ်းသာသော သူငယ်ချင်းထံမှ တစ်စုံတစ်ရာ မျှော်ကိုး၍ ခင်မင်ရသောလူမျိုး အဖြစ်မခံနိုင်ပါ။ ကျွန်မမှာ သူ့ကို တစ်ဦးတည်းသော ဆွေမျိုးသားချင်းအဖြစ် သဘောထားပါသည်။

ကျွန်မ၏ သေသည်၊ ရှင်သည် မသိရသော အစ်ကို နှစ်ယောက်ကမူ ကျွန်မအား ရှိတယ်တောင် ထင်မှတ်ကြပုံမရပါ။

ဤအကြောင်းနှင့်ပတ်သက်၍လည်း သူက ရင်ဘတ်စည်တီး အထူးအဆန်း ဖြစ်နေသည်။ ကျွန်မ၏ မိသားစုအပေါ်ထားသော ခံယူချက်ကလည်း သူနှင့် ကွာခြားပါသည်။

"နင်တို့ လက်ထပ်ရင် ကလေး ဘယ်နှစ်ယောက်ယူမလဲ မာန်"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်မှ မယူဘူး"

"ဟင်... တစ်မျိုးပါလား"

"နင်နဲ့ ငါ Can you depend on your family ဆိုတဲ့ ဘား ကြည့်ဖူးတယ်လေ"

"အဲဒါက ရုပ်ရှင်ပဲ"

"အပြင်မှာ အဲဒီအတိုင်း ဖြစ်နေတာပဲ ယုလျာ၊ သားသမီး တွေကိုမွေးပြီး ကြီးပြင်းလာအောင်၊ ပညာတတ်အောင် စောင့်ရှောက် ရတဲ့ တာဝန်က သိပ်ခက်တာ၊ ဒါပေမယ့် ကလေးတွေက မိဘ တွေကို အသုံးချဖို့ပဲ စဉ်းစားကြတယ်လေ၊ ဥပမာ ငါ့အစ်ကို နှစ်ယောက်ပေါ့၊ ရသမျှ အဆီအနှစ် အကုန်လုံး သူတို့အတွက် အသုံးချကြတယ်၊ အောင်မြင်ချိန်ကျတော့ မိဘဆိုတာ မလိုတော့ ဘူး နင်သိလား... အမေ ဆေးဝယ်စရာမရှိလို့ ငါ သူတို့ဆီ ပိုက်ဆံသွားတောင်းတာ အစ်ကိုကြီးက ကားပြင်ဖို့ ပိုက်ဆံတောင် မရှိလို့ သူ့ရုံးကို ဘတ်စ်နဲ့ သွားနေရပါတယ်တဲ့၊ အစ်ကိုလတ်က သူ့မိန်းမ မီးဖွားဖို့ငွေထဲက မပေးနိုင်ဘူးတဲ့"

"နင့်ဟာတွေကလည်း နားရှိလို့သာ ကြားရတာ"

"အဲဒါ တကယ်ဖြစ်နေတာ... ဖြစ်ခဲ့တာ၊ ဒီတော့ ငါ ဆက်ထပ်ရင် ကလေး လုံးဝမယူဘူး၊ ဘာလုပ်မလဲ၊ ငါ့ဆီက ငွေတွေ၊ အချိန်တွေ သူတို့ဆီမှာ ရင်းနှီးမြှုပ်နှံပြီး နောက်ဆုံး ငါ အိုးပဲကျန်ခဲ့မှာမျိုး သေချာနေတာ၊ ငါ သားသမီးတွေကို မလိုဘူး၊ ငါ့အစ်ကိုတွေလိုမျိုးပဲနေမှာ၊ ငါ့အမေကလေ သေခါနီးတို့နောင်တ,

www.burmeseclassic.com



တွေနဲ့ သားတွေကို မျှော်လင့်ပြီး ရင်းနှီးခဲ့သမျှ သူ့ဆေးဖိုးကလေး တောင် ပြန်မပေးနိုင်လို့ သေသွားရရှာတယ်"

"ဒါကတော့ သားသမီးဆိုတာ မမျှော်လင့်ကောင်းဘူးလေ"

"ဘယ်သူပြောလဲ၊ ငါတို့ ဗုဒ္ဓဘာသာမှာ ဘုရားတောင် မအေ့ကျေးဇူးကို ဆပ်ရတယ်၊ မိဘနဲ့ သားသမီးဆိုတာ inter-dependent ပဲ၊ အလှည့်ကျရင် မိဘကို ပြန်ကိုကြည့်ရမှာ သားသမီးတိုင်း တာဝန်ပဲ၊ ငါ သိပ်ငယ်သေးလို့ ငါ့အမေကို ပေးသေလိုက်ရတာ၊ နို့မို့ အသေမခံဘူး၊ ဒါကြောင့် ငါ ကလေး လုံးဝ မချစ်တတ်ဘူး၊ လက်ထပ်ပြီးရင်လည်း မလိုချင်ဘူး"

"မိခင်စိတ်ကလေးနဲ့ ပြောပါဟာ၊ ငါကတော့ ကလေး ချစ်တယ်၊ သားတစ်ယောက်၊ သမီးတစ်ယောက် မွေးမယ်"

"ကြီးလာတော့ နင့်ကို တစ်လှည့်စီ နှိုင်စက်ကြမယ်လေ"

"နင်နဲ့ငါ တော်တော်မတူကြတာဘဲနော်"

"ဘယ်တော့မှ တူမှာလည်း မဟုတ်ဘူး၊ ငါက ကိုယ်တွေ့ ပေါ်မှာပဲ ဆုံးဖြတ်ချက် ချတတ်တယ်၊ ဘာမဆို Practically ပဲ၊ အချစ်နဲ့ လက်ထပ်တာကလွဲရင် ကျန်တဲ့ကိစ္စ အားလုံး အကျိုးအမြတ်ပဲ စဉ်းစားတယ်၊ အဲဒါကြောင့်မို့လား မသိဘူး၊ ငါ တစ်ခါမှ မမြတ်ဖူးသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နင် ဒီခြောက်လအတွင်း ဘာလုပ်နေလို့ ငါ့ကို မဆက်သွယ်တာလဲ"

ပစ္စုပ္ပန်ကာလသို့ ယုလျာမေးခွန်းက ပြန်ဦးတည်လိုက်သည်။

"ငါ ခရီးထွက်သွားရတယ်"

"ရုံးကိစ္စလား"

"အင်း...သွားတာက လေယာဉ်နဲ့၊ ဒါပေမယ့် အရမ်းပင်ပန်းသွားလို့လား မသိဘူး။ ပြန်လာတော့ ဆရာဝန်ဆီ တန်းပြေးရတာပဲ"

"ဆရာဝန်က ဘာပြောလဲ"

"နိုင်ငံခြား မထွက်ဖို့ပေါ့၊ ပြီး...ဆေးရုံတက်ဖို့ပြောတယ်"

"နင် နားထောင် သင့်တယ်"

"ဆေးရုံမှာဆို ငါတစ်ယောက်တည်း နေရမှာပေါ့"

"လိုအပ်လို့ တက်ခိုင်းတာပဲဥစ္စာ၊ နင့်နှလုံးက ဟတ်စိတတ်စိ ဖြစ်နေတာ ဟုတ်လိမ့်မယ်၊ အခု စကားပြောနေရင်းနဲ့ နင့်မျက်နှာက တစ်ချက် တစ်ချက် ဖြူလိုက် ပြာလိုက်နဲ့ အသက်ရှူရတာ မဝ,သလိုပဲ"

"ဟုတ်တယ်၊ အသက်ရှူရတာ မဝဘူး။ နင် အိပ်ချင်နေပြီလား ယုလျာ"

"ဟင့်အင်း... နင်ရော"

"ငါ အိပ်ရမှာ ကြောက်တယ်၊ ဘာလို့လဲဆိုတော့ အိပ်ပျော်ရင် ပြန်မနိုးတော့မှာ ကြောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မာန်ရယ်"

"ငါတို့ နှစ်ယောက်မှာ စိတ်ချမ်းသာပြီး ရယ်စရာကောင်းတဲ့ အဖြစ်အပျက်တွေလည်း ရှိခဲ့သားပဲနော်"

"အဲဒါတွေ အကုန်လုံး နင့်ကြောင့်လေ"

ကျွန်မတို့ နှစ်ယောက်သည် အင်းလျားရေပြင်နှင့် နီးသော နေရာများသို့ သွားရောက် လမ်းလျှောက်ခြင်းမျိုးကို သဘောကျကြသည်။

လောကကြီးနှင့် အဆင်မပြေသည် ဖြစ်စေ၊ ပြေသည် ဖြစ်စေ အင်းလျားကို သွားကြသည်။ အာစီတူး အင်းလျားသည် ညနေဘက်ဆို ထိုင်ခုံ လုံး၀ မရတတ်။ ခုံပေါ်မှာ ထိုင်သူတွေ ကျပ်ညပ်နေတတ်သည်။ တစ်ခါက နှစ်ယောက်အတူ လမ်းလျှောက် နေခိုက် ကျွန်မ မျက်လုံးက လွတ်နေသောခုံတန်းကို အရင်မြင်သည်။

"ယုလျာ... ခုံလွတ်နေတယ်"

"အေး...ဟုတ်တယ်၊ နင် အရင်ပြေးနှင့်ဟာ၊ ငါ အကြော် စားတာ ဗိုက်တင်းနေလို့"

ကျွန်မက အပြေးအလွှား ခုံတန်းနား ရောက်သောအခါ ဘေးခုံက ကောင်လေး ငါးယောက်က ဝါးခနဲထ,ရယ်ကြသည်။ ခုံပေါ်မှာ အန်ဖတ်တွေနဲ့။ ဘယ်ကာလနာအမူးသမားက အန်သွား သလဲ မသိပါ။

ကျွန်မမှာ ဗိုင်းရယ်တာကို ရှက်လည်း ရှက်၊ တစ်ယောက် တည်း ပြေးရတာကို ဒေါသထွက်ကာ လူက ပြုတ္တသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ယုလျာကပါ ရယ်မောပြီး…

“ငါတို့ စဉ်းစားဖို့ကောင်းတယ်၊ ဒီခုံ တစ်ခုံတည်း လွတ်နေတာ တစ်ခုခုတော့ အကြောင်းရှိလို့ပဲ ဆိုတာ”

သို့သော် ကျွန်မက အရက် အရင်ကွဲရတာ ဖြစ်သည်။

“နင်နဲ့ အင်းလျားနဲ့က တော်တော် အကျိုးမပေးတာနော်”

“အာစီတူး အင်းလျားနဲ့ပါ၊ မြကျွန်းသာ အင်းလျားမှာဆို ခုံတည်းရတယ်၊ ဘယ်တော့မှ တလွဲမဖြစ်ဘူး”

“ဘာမလွဲတာလဲ၊ နင့်ဟာနင် မျက်လုံးက မမြင်တာ”

အဲဒီတုန်းက အင်းလျားပေါင်ပေါ်က အတွဲ တစ်တွဲ သည် ကျွန်မ လှမ်းအကြည့်တွင် ထုရိုက်လျက် ရှိကြသည်။ ကောင်မလေးက ကောင်လေးကို ရိုက်နေတာ။ ကောင်လေးက ခေါင်းကြီးငုံ့လျက်။ တစ်ခုခုတော့ သေချာပါသည်။

ဒီအတွဲဟာ မဟုတ်တရုတ်ဖြစ်လို့ ဖြေရှင်းဖို့ နည်းလမ်း ရှာရင်းနဲ့ ရန်ထဖြစ်ကြတာပဲနေမှာဟု တွေးရင်း ကျွန်မ ရှေ့တည့်တည့်က ခာတ်တိုင်ကို မမြင်ဘဲ ခေါင်းနှင့် တည့်တည့် ဝင်ဆောင့်မိလေသည်။

“အား”

ယုလျာကလည်း ကျွန်မ အော်သံကြားမှ…

“ဟင်… ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ… ခလုတ်တိုက်တာလား”

ဟု မေးရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင့်အမေ ကလွှား၊ ခလုတ်တိုက်တာ မဟုတ်ဘူးဟဲ့ ခေါင်းနဲ့ဆောင့်မိတာ၊ အား... နာလိုက်တာ၊ နဖူးတော့ ဖူးပြီ ထင်ပါရဲ့"

"ဟား ဟား... နင့်နှယ် ဒီဓာတ်တိုင်တောင် မမြင်ဘဲ ဝင်တိုက်ရသလား။ လူကြားလို့တောင်မကောင်းဘူး၊ မှန်း ပြစမ်း.. အာလူးက သိပ်မကြီးပါဘူး... ဖွ...ဖွ...ဟား...ဟား..."

"အဲဒီတုန်းက အာရုံက ဟိုအတွဲကိုပဲ ရောက်နေတာ အင်းလျားဆိုတာ ဒီလောက် လူစည်တဲ့နေရာ၊ ကောင်မလေးက ငိုလည်းငို၊ ရိုက်လည်း ရိုက်ဆိုတော့ မဟုတ်မှလွဲရော..."

"ဟိုကိစ္စပဲ ဖြစ်ရမယ်"

"နောက်တစ်ယောက် တွေ့လို့ရော..."

"ငိုလည်း ငိုတယ်ဆိုတော့ အထုပ်နဲ့ အထည်နဲ့မို့ယို့ ဖြစ်ရမယ်"

နှစ်ကာလ ကြာခဲ့ပြီဖြစ်သော ထိုအကြောင်းကိုသတိတရ ပြောဖြစ်တိုင်း ဤသို့ ငြင်းခုံရလေ့ရှိပါသည်။ ခုနေခါမှာ တိုအတွ



www.burmeseclassic.com

www.burmeseclassic.com



သည့် ကလေးငါးယောက်တောင် ကချင်မှ ကမည်။ သို့မဟုတ် အွဲကွာ၍ အိမ်ထောင်ကိုယ်စီ ကျလောက်ရောပေါ့။ အချိန်ဆိုတာ လူကို ကောင်းကောင်း ပြောင်းလဲစေနိုင်တယ် မဟုတ်လား။

"နေပါဦး... ငါ အခုမှ သတိရတယ်၊ ငါက အဲဒီအတွဲကို ငေးနေတုန်းမို့ ခတ်တိုင်ကို ဝင်တိုက်မိတာ ထားပါတော့၊ နင်က ငါ ဝင်တိုက်တော့မှာ သိနေလျက် ဘာလို့သတိမပေးလဲ၊ တမင် ပြောဘဲ ထားတာမို့လား"

"ငါလည်း အဲဒီအတွဲကို စပ်စုနေတာလေ၊ နို့မို့ ငါ့ သူငယ်ချင်းလေး ခေါင်းနဲ့တိုင် ပစ်ဆောင့်တာ တားမှာပေါ့ဟယ်၊ တိုင်နဲ့ခေါင်း ဆောင့်လို့မသေဘူးလို့ ကိုယ့်ကိုယ်ကို သေကြောင်း ကြံပါနဲ့လို့"

"အစုတ်ပလုတ်မကြီး၊ ငါ ဘယ်တော့မှ သေကြောင်း ကြံဘူး သိလား။ သေတယ်ဆိုတာ မဆန်းပါဘူးဟာ၊ သေကြောင်း ကြံတယ်ဆိုတာက အရှုံးပေးတာ၊ လက်မြှောက်တာ၊ ကံကြမ္မာ ရေ...ငါတော့ ခန္ဓာမရှိရင် ဒုက္ခမရှိလောက်ဘူး ဆိုပြီး လက်နက် ချတာ၊ ဗုဒ္ဓဘာသာအရဆို အဲဒါတွေက သက္ကာယဒိဋ္ဌိတွေပဲ၊ ခန္ဓာမရှိလို့ ဒုက္ခငြိမ်းမှ မငြိမ်းတာ၊ ဝိညာဉ်က ဒုက္ခရောက်နိုင်တာပဲ၊ အဲဒီလို အယူမျိုးဆိုတာ မှားတယ်"

"နောက်တစ်ခေါက်က နင် နန့်ကြောဆွဲပြီး ခွေးခြေပုံ တက်နင်းတာ"

"အမယ်လေး... အနှ်ချင်လိုက်တာ ဝေါ့..."



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အိပ်ရာထဲ မအန်နဲ့နော်၊ အန်မယ်ဆို ထ..."

"အပိုတွေ ပြောပြန်ပြီ၊ ငါအန်အောင် နင် စတာလေ"

"ဟုတ်တာပဲ ဥစ္စာ၊ နင် ပဲမျှားပြီး ဖိနပ်အသံစ်နဲ့ လင်း လျှောက်တာ၊ ခွေးချေးပုံတောင် မမြင်ဘူး"

"အာစီတူး အင်းလျားက ငါနဲ့ အကျိုးကိုမပေးတာပါဟယ်"

"မြကျွန်းသာ အင်းလျားမှာ တစ်ရက်သွားထိုင်တုန်းက အနားကအတွဲ ကိုရီးယားကား ရိုက်နေတာရော မှတ်မိသေးလား"

"ကောင်မလေးက ရုပ်ဆိုးတယ်လေ၊ ကောင်လေးက သားရေဂျာကင်ကြီးနဲ့၊ နေရိပ်တဲ့ အချိန်ကြီးမှာ ထီးဆောင်းလို့ တို့ကြည့်နေတုန်း ထီးက လေတိုက်ပြီး လွင့်သွားတော့ သူတို့ အရှက်ကွဲတာလေ၊ မှတ်မိတာပေါ့၊ ငါဆို အသံမထွက်အောင် ထိန်းပေမယ့် ဘယ်လိုမှ ထိန်းထားလို့မရဘူး၊ ရယ်တာ အသံ ကျယ်ကြီး ထွက်ရောပဲ"

"အေးလေ... နင်ရယ်တော့ ငါပါလိုက်ရယ်ရင်း အဲဒီအတွဲ ရှက်ပြီး ထ,ပြေးပါလေရော"

"သူတို့ ထအပြေးမှာ ကောင်လေးက ခလုတ်တိုက်သေး တယ်လေ"

"တိုက်မှာပေါ့... နင့်ရယ်သံက အကျယ်ကြီးကိုး"

"အံမယ်... နင်လည်း ရယ်တာပါပဲ"

"တစ်ခါလောက် အင်းလျား သွားဦးမှပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီညနေ...နင်မအားလို့ ငါက သွားချင်နေတာ၊ ဘာရယ် ဆော့ မဟုတ်ဘူး၊ အင်းလျားမှာ သွားထိုင်ရတာ စိတ်ညစ်ညူးတာ သက်သာတယ်၊ ကောင်မလေးတွေကတော့ ချောတွေ၊ ကြည့်ရတာ Fresh ဖြစ်တယ်၊ ငါတို့က အသက်ကြီးပြီလေ၊ ငယ်ရွယ် နုပျိုမှု ဆိုတာ ပြန်မရနိုင်တော့ဘူး၊ ဖရာက စကားပြောနေပြီ"

"အသက်ကြီးလာတာ ကောင်းလည်း ကောင်းတယ်၊ ကောင်းလည်း မကောင်းဘူး"

"ဘာဖြစ်လို့လဲ"

"အသက်ကြီးတော့ ရင့်ကျက်လာတာပေါ့ဟာ၊ အတွေ့ အကြုံလည်းစုံပြီလေ၊ တော်တန်ရုံဆို ရင်ထဲမရောက်ဘူး၊ မခံစား ရဘူး၊ ငယ်တုန်းက ဖတ်ခဲ့တဲ့ ဟာသဝတ္ထုတွေ ခုနေ ပြန်လှန် ကြည့်ရင် စာရေးဆရာကို ကောက်ထုချင်စိတ် ပေါက်လာတယ်၊ ရယ်ရလို့၊ ပေါတောတောဖြစ်နေလို့၊ မကောင်းတာက ထိန်းသိမ်း ရတာတွေ ပိုများလာလို့"

"ကြက်ကြော် ဆိုင်ထဲမှာ ဖြစ်တဲ့ကိစ္စရော မှတ်မိသေးလား"

"အို...မှတ်မိတာပေါ့၊ ဟားဟား... အဲဒီတစ်ခါ အထင်ခံရ တာ တော်တော်ဆိုးတာနော်၊ ငါဖြင့် ဘယ်သူ့မှ ပြန်မပြောရဲဘူး"

"နင် ငါ့ကို အလှပြင်ပေးတာ ဘာပုံ ပေါက်သွားလဲ ဆိုတာ သက်သေပဲလေ၊ ပြန်တွေးရင် ရှက်လိုက်တာ ဟင်း..."

"အောင်မယ်... နဂိုရှိမှ နဂိုင်း ထွက်တာပါနော်"

"ဩော်...ငါက တောကြက်ပုံ ပေါက်နေတယ်ပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟီး...ဟီး... မဟုတ်ပါဘူး၊ နှင်းက မြှူကြွက်..."

နှစ်ယောက်သား လိုက်စွက် ပြန်ပြောမိတိုင်း ရယ်မောရင်း ရန်ဖြစ်ရတတ်လေ့ ရှိသည်။

အဲဒီနောက်ပိုင်း သူ ကျွန်မကို အလှမပြင်ပေးတော့ချေ။ ကျွန်မကလည်း အပြင်မခံတော့။ အလှပြင်တတ်သော မျက်နှာများ နောက်ကွယ်တွင် မည်သို့သော ရုပ်ထွေးမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း ကျွန်မတို့ လက်တွေ့ သိခဲ့ပြီးပြီ။

"ငါတို့နှစ်ယောက် ဒီလောက် ခင်သွားလိမ့်မယ်လို့ နှင့်ကို တွေ့စက ဟကယ် မထင်မိဘူးသိလား၊ ခုတော့ အံ့ဩစရာပဲ မနော့. လူတွေ ဒီလောက်အများကြီးထဲမှာ ငါတို့ နှစ်ယောက် စိတ်တူကိုယ်တူနဲ့ တစ်ယောက်ကို တစ်ယောက် ချစ်ကြင် နားလည်ပေးကြတယ်၊ နှင်းက ငါ့အတွက် ဘုရားသခင်ရဲ့ လက်ဆောင်ပဲ... သိလား မာန်"

"ငါတို့နှစ်ယောက်က ပြိုင်စရာမှ မလိုတာကိုး၊ လူတွေမှာ တစ်ယောက်နဲ့ တစ်ယောက် ပြိုင်နေရရင် ဘယ်တော့မှ အဖော်စစ်ကို တွေ့မှာ မဟုတ်ဘူး"

"ဒါကြောင့် နှင်းသေသွားရင် ဆိုတာမျိုး ငါ မကြားချင်ဘူး ဟန်း၊ နှင်းက ငါ့အတွက်အဖော်ပဲ၊ ငါတို့နှစ်ယောက်က တစ်ယောက် ကို တစ်ယောက် အပြန်အလှန် နားလည်မှုရှိကြတယ်၊ တစ်ယောက် ကို တစ်ယောက် ကူကြတယ်၊ တစ်ယောက် မရှိရင် ကျန်တဲ့ တစ်ယောက်က နေနိုင်မယ်လို့ နှင် ထင်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် နင် အိမ်ထောင်ပြုရမယ်လို့ ငါ ပြောတာပေါ့"

နှစ်ယောက်သား ပြောစရာစကားများ ကုန်သွားသလို အိတ်ဆိတ်သွားကြသည်။ တကယ်တော့ ကျွန်မမှာ သိခ်ိနွဲ့ပြတ်စဲပြီး နောက်ပိုင်း ပတ်သက်မှုလေးတွေ ထပ်မံရှိခဲ့သလို ယူလျှာမှာလည်း အလားတူပဲဖြစ်သည်။ တစ်ယောက်ပြီး တစ်ယောက် ဆိုတာမျိုး ဆောတ်ဘဲ ချဉ်းကပ်လာသူ အားလုံးအား ကျွန်မတို့နှစ်ယောက်လုံး အယာများဖြင့် ခေါင်းလည်း မညိတ်၊ ခေါင်းလည်း မခါတတ် ကြတော့။

အချစ်ဆိုတာကို သံသယ ကြီးကြီးဖြင့် အရာရာအား သွယ်လင့်တကူ စွန့်ပစ်ခဲ့ကြသည်။ သိခ်လိုမျိုးပဲ၊ ကိုကို့လိုမျိုးပဲ၊ အိမ့်မှာ မဟုတ် ထိုယောကျ်ားများ၏ အတွက်များကို ကျွန်မတို့ နှစ်ယောက် နောက်ကွယ်မှာ ဟားတိုက် ရယ်မောခဲ့ကြသည်။

ကျွန်မကြိုက်သော ပုံစံမျိုးမှာ အသားဖြူဖြူ၊ အရပ်မြင့်မြင့် နှင့် နူးညံ့စွာ စကားပြောတတ်သော ပုံစံမျိုးဖြစ်ပြီး သူကတော့ အသက်နှင့် လျော်ညီစွာ ဝတ်စား ဆင်ယင်တတ်သော ခပ်ဆိုးဆိုး ကောင်လေးများကိုမှ ရင်ခုန်၍ရသူ ဖြစ်သည်။

ကျွန်မက ရှယ်တူတစ်ယောက်ထံ ... ခြင်းခံခဲ့ရဖူးသော ကြောင့် နောက်ထပ် အသက်ကြီးသူများကိုသာ အမှတ်ပေးမိခဲ့ သည်။ သူကတော့ အရာရာ သိတတ်နားလည်သော လူကြီးများက ငြီးရက်စက်တတ်သည် ဆိုကာ လူငယ်များကိုသာ အရွေးသော ခဲ့သည်။

www.burmeseclassic.com



ကလေးချီချင်တဲ့မိန်းမဟု သူ့ကို ကျွန်မက ခေါ်လေ့ရှိသည်။ သူကတော့ ကျွန်မကို အသုဘရှင်တဲ့။ အသက်ကြီးတော့ ပိုရှိ သေခါနီးသည်။ ကိုယ့်လက်ထဲရောက်တော့ သေရင် ကိုယ်က အသုဘရှင်တဲ့။

အခု နောက်ဆုံး သူ့ကောင်လေးနာမည်ကို ကျွန်မပင် မသိသေး။ ကျွန်မကတော့ သံယောဇဉ်တွေ စောစီးစွာ ဖြတ်လိုက်ပြီ။ သူကတော့ ကင်မရွှန်း ဒိုင်းယက်ဖ်နဲ့ ဂျပ်စတင် ဘားလိတ်တို့ လက်ထပ်ဖြစ်ရင် သူနဲ့ အဲဒီကောင်လေး လက်ထပ်ဖြစ်မယ်ဟု ဘာမှမဆိုင်ဘဲ ပြောလေသည်။ ဟိုက ဟောလီးဝုဒ်မှာ။ ယောက်ျား က မိန်းမထက် အသက် အစိတ်ငယ်လည်း ဒါ အချစ်ပဲ ဆိုကာ လက်ခုပ် ဝိုင်းတီးပေးမည်။ ဒီမှာက အဲဒီလောက် လွယ်ကူ ချောမွေ့ပါ့မလား။

ကျွန်မတို့ထက် သူ့ကောင်လေးက တော်တော် အသက် ငယ်လွန်းနေသည်။ အသက်ငယ်လွန်းသည့်အပြင် ဘဝ အတွေ့ အကြုံကလည်း ကျောင်းသားပဲ ရှိသေးသည်။

လုပ်ငန်းခွင်ထဲ ရောက်နေသည့် မိန်းမတစ်ယောက်၏ ဘဝလက်တွဲဖော်သည် သူ့ထက် ရှစ်နှစ်ကျော်ကိုးနှစ်ခန့် ငယ်ရွယ် သော အတွေ့အကြုံ မရင့်ကျက်သည့် ကောင်လေးတော့မဖြစ်နိုင်။

ဘဝလက်တွဲ ဖော်ဆိုတာ အိပ်မက်ဖော်မှ မဟုတ်ဘဲ။ အိပ်မက်ထဲမှာ အဆင်မပြေမှုတွေ၊ ကုန်းချောမှုတွေ၊ ခါးသီးမှုတွေ မရှိပေမယ့် လက်တွေ့ဘဝမှာတော့ ရှိလာမှာ။ ကိုယ်ရွေးချယ်



www.burmeseclassic.com

www.burmeseclassic.com



ထိုက်တဲ့ လူက အဲဒါတွေကို သေချာ နားလည်ပါ့မလား။ ကူပြီး ဖြေရှင်းပေးနိုင်ပါ့မလား။

လက်ထပ်တယ်ဆိုတာ ထီထိုးသလိုပဲဟု ဆိုလျှင် ကျွန်မတို့ နှစ်ယောက်လုံး ထီပေါက်မှာမယုံ၍ ထီထိုးလေ့ရှိသူများ မဟုတ်ကြ။

ကလေး မုန့်စားသလို လွယ်ကူတဲ့ကိစ္စလည်း မဟုတ်။ သူ့ကို နားလည်၍ ဘဝအတွေ့အကြုံ ရှိသော လူတစ်ယောက်နှင့် ကျွန်မ လက်ထပ်ဖို့ရလိုသည်။ ဒါဟာ ကျွန်မရဲ့ နောက်ဆုံးဆန္ဒ ဖြစ်ပေမယ့် ဟိုကောင်လေးနှင့်တော့ သဘောမတူပါ။ အသက်ငယ် တာ တစ်ခုတည်းနဲ့ score အောက်သွားပြီ။ ကျွန်မ ဖြစ်စေချင်သော သူမျိုးတွေက သူ့နားမှာ အိမ်ထောင်သည်တွေအဖြစ်နဲ့ လုပ်ဖော် ကိုင်ဖက် အဖြစ်တွေသာ ရှိလေသည်။

"နင့်ကို နလုံး အစားထိုးလို့ ရလား"

အကြာကြီး တိတ်နေပြီးမှ သူ မေးလိုက်သော မေးခွန်းက ဆယ်စရာ။

"ရုပ်ရှင်တွေ ထဲမှာတော့ ခဏခဏ ပါနေတာပဲ၊ နောက်ဆုံး အခြေအနေရောက်ရင်တောင် မျှော်လင့်စရာ ရှိပါသေးတယ် မာန်"

"နင် လက်မထပ်ချင်လို့ လျှောက်ပြောနေတာလား"

"နေပါဦး... နင် ငါ့ကို အတင်း ယောက်ျားယူခိုင်းနေတာ ဒီကိစ္စက ဒီလောက် အလျင်လိုနေလို့လား"

"သတို့သမီးဝတ်စုံနဲ့ နင့်ကို မြင်ချင်လို့ပါ ယုလျာ၊ မြန်မာ ဆိုင်မသိမ်း ဝတ်စုံနဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ လက်ထပ်ရင် နင် စိတ်ချမ်းသာမှာလား"

"အင်း… စိတ်ချရတဲ့လူ ဆိုရင်ပေါ့"

"အဲဒါက မသိနိုင်ဘူးလေ၊ အခု အဆင်ပြေပေမယ့် လက်ထပ်ပြီးမှ အဆင်ပြေ,မပြေ ငါ ဘယ်သိပါ့မလဲ"

"ငါ မှာချင်တာတွေရှိသေးတယ်၊ ငါသေရင် ငါ့ကို အုတ်ဂူ လှလှလေး လုပ်ပေးရမယ်နော်၊ ငါ့အုတ်ဂူဘေးမှာ မြက်စိမ်းတွေ စိုက်ပေးရမယ်၊ ပြီးတော့ ငါ့ကို အရိပ်အာဝါသ ကောင်းတဲ့ နေရာမှာပဲ မြှုပ်ပါ၊ တစ်ဘဝလုံး အရိပ်မရှိခဲ့တော့ သေသွားတဲ့အခါ အရိပ်အောက်မှာပဲ နေချင်တယ်"

"နင့်ဒယ်ဒီကိုတွေကို အကြောင်းကြားပေးရမလား"

"ဟင့်အင်း… ငါ့အတွက် သူတို့က အရင် သေခဲ့ပြီးသား လူတွေပါ"

"နောင်ဘဝ ဆိုတာ တကယ်ရှိလား မာန်"

"ရှိတာပေါ့၊ Reincarnation ဆိုတာ တကယ်ရှိတာ၊ အဲဒါ သံသရာလို့ခေါ်တယ်၊ လူဟာ စွဲလမ်းမှုတွေငြိပြီး ဘဝမပြတ် ကျင်လည်ရတယ်၊ သေပြီးတဲ့အခါ တိရစ္ဆာန်လည်း ပြန်ဖြစ်နိုင်တယ်၊ လူလည်း ပြန်ဖြစ်နိုင်တယ်၊ ဝိညာဉ်ဘဝနဲ့ လည်း ကျင်လည်နေနိုင် တယ်၊ ဗုဒ္ဓဘာသာမှာ သံသရာစက်ဝန်းဆိုတာ လည်နေတာတဲ့"

"ဩော်…"

"နောင်ဘဝဆိုတာ ရှိတယ် ယုံလျှာ၊ နင် Fluke ကားကို ကြည့်ဖူးသား၊ ဒေါ်သနဲ့ မောဟ ပေါင်းပြီး သေသွားနိုး အစွဲပါတော့



www.burmeseclassic.com

www.burmeseclassic.com



သားက ခွေးဖြစ်ပြီး သူ့အိမ်သူ ပြန်လာတာလေ၊ ငါလည်း ဆို အဲသလိုများ ရောက်လာမလားဘဲ”

“လာချင်းလာ လူ့ဘဝနဲ့ပဲ ပြန်လာပါဟယ်”

“ယုလျှာ ငါ့ကို ဖက်ထားပေးပါလား”

ကျွန်မခါးကို ပွေ့ဖက်ကာ နှစ်ယောက်အတူ အိပ်ရန် ကြိုးစား၍ မျက်လုံးမှိတ်လိုက်ကြသည်။ ကျွန်မ သူငယ်ချင်းရဲ့ ခွင်မှာ နေရတာ အေးချမ်းပါသည်။

ကျွန်မငို့ နှစ်ယောက်ဟာ တကယ်ဆို ဆုံတွေ့ဖို့ ခက်ခဲ နဲ့တဲ့ ပတ်ဝန်းကျင်နှစ်ခုမှာ ရှင်သန်ခဲ့ရသည်။ သို့သော် ကျွန်မတို့ ဆုံတွေ့ခဲ့ကြပါသည်။

သူသည် ကျွန်မနှင့်ဘဝတစ်ခုခုက တစ်စုံတစ်ရာ တော်စပ် ခဲ့သောသူ ဖြစ်လိမ့်မည်ဟု ကျွန်မ ယုံကြည်ပါသည်။ ကျွန်မ စိတ်နှင့် ကိုယ်သည် တဖြည်းဖြည်းချင်း ဝေးကွာလာသည်။ ယုလျှာ၏ အသက်ရှူသံသည် တစ်ခန်းလုံး ပျံ့နှံ့နေသည်။

စကားပြောရတာ သိပ်ကြာသွားတော့ မောပြီ ထင်ပါရဲ့။ ယုလျှာ အိပ်သွားတာကိုကြည့်ပြီး ကျွန်မ သူ့မျက်နှာကို လက်ဖြင့် အသာကလေး ထိလိုက်သည်။

“ငါ နင့်ကို ချစ်တယ် သူငယ်ချင်း...”



www.burmeseclassic.com

www.burmeseclassic.com



သူ မရှိတော့တဲ့အခါ...
ကျွန်မကို သူ အသိပေးတာ စောလွန်းတာလား...
နောက်ကျတာလား ကျွန်မ မသိဘူး...။
ခရီးတစ်ခု သွားခါနီးမှ ငါသွားတော့မယ်လို့ နှုတ်ဆ
တာဟာ ကျန်ရစ်မယ့်သူကို ညှာတာရာ ရောက်သလား...
ပိုရက်စက်ရာ ရောက်သလား... သူ အဲဒါ တွေးမိရဲ့လား...
ကျွန်မအတွက် သူ မရှိတာဟာ...
စိတ်ကွက်လပ်တစ်ခု အဖြစ်ထက် ဆိုးရွားလှတယ်။
သူက ကျွန်မနဲ့ ဘာမှမဆိုင်တဲ့ ဘဝတစ်ခုမှာ လူဖြစ်ခဲ့တ
ဒါပေမယ့် ကျွန်မအတွက် သူက သူ့ရဲ့ကောင်းပါ။ ဒဏ္ဍာရီထဲ
သူ့ရဲ့ကောင်းတွေဟာ သူတို့တိုင်းပြည်၊ သူတို့လူမျိုးတွေကို နောက်
အချိန်ထိ ကာကွယ် စောင့်ရှောက်သွားခဲ့ကြတယ်။
သူကတော့ ကျွန်မ ရင်ခွင်ထဲမှာ
နောက်ဆုံး အချိန်အထိ
အဲဒီအတွက် ကျေနပ်သင့်သလား...
ကျွန်မကို ခံစားရအောင် ဘာလို့ အဲသလို
ဆုံးဖြတ်ခဲ့တာလဲ...
ကျွန်မ သူ့ကို မေးချင်တယ်...
ဒါပေမယ့် မေးခွင့် မရှိတော့ဘူး
အဲသလို ကျွန်မ ယုံကြည်ခဲ့ပါတယ်...။

ယုထ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂ )

နာရီနှိုးစက်သံက အကျယ်ကြီး ထ,မြည်သံည်။ မျက်လုံးကို မှိတ်ထားလျက်ကနေ မှန်တင်ခုံပေါ်ရှိ နှိုးစက်ကိုပိတ်ရန် လက်လှမ်းလိုက်သည်။ နာရီဆီ လက်ကမရောက်ဘဲ ရင်ခွင်ထဲမှ လေးလံအေးစက်သော ခံစားမှုတစ်ခုကိုရလိုက်သဖြင့် မျက်လုံး မဖွင့်ချင်ဖွင့်ချင်ဖြင့် ဖွင့်လိုက်သည်။

မာန်...။

ခြောက်သွေ့သော မျက်ရည်စီးကြောင်းများက မာန့်ပါးပြင်ပေါ်မှာ။

ညက ကျွန်မအိပ်သွားပြီး မာန် ငိုနေခဲ့ပုံရသည်။ မာန်သည် တစ်ခုခုဆို ငိုကာ ခံစားချက်ကို သိုဝှက်မထားတတ်။ ငိုချလိုက်ရင်အခါ သောကတွေ ပျောက်သွားတယ်။ အိပ်လိုက်ရင် ငြိမ်းချမ်းသွားတယ်ဟု မာန်က ယုံကြည်သူ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကတော့ ဘာမဆို စိတ်ထဲမှာ သိုဝှက် သိမ်းဆည်းထားပြီး မျိုချတတ်သူ။ ထို့ကြောင့် ကျွန်မက သူ့ထက် ပိုခံစားလွယ်ပါသည်။ မာန့်မျက်နှာက အိပ်မောကျနေသူနှင့်မတူ။ အသက်သူ ရှူနေရဲ့လား။

"မာန်..."

"မာန်..."

"မာန်... သူငယ်ချင်း..."

"မာန်..."

သူ့ပခုံးကိုလှုပ်နှိုး၍ ကျွန်မခေါ်သည်။ ရင်ဘတ်၊ သူ့ရင်ဘတ်။ ညက သူ့နှလုံးခုန်တာကို အပြင်လူတောင် မြင်ရသေးသည်။ သူ့ဘယ်ဘက်ရင်ဘတ်ပေါ် ကျွန်မ လက်တင်လိုက်သည်။ လုံးဝမခုန်။ တုံ့ပြန်မှု အေးစက်။ သူ့ကို ကျွန်မ ပွေ့လိုက်သည်။ မရ...။ သူ့ကိုယ်က သိပ်လေးလံလွန်းခဲ့ပြီ။ ကျွန်မ ဘယ်သူ့ကိုခေါ်ရင် ကောင်းမလဲ။ ရဲရဲကို သတိရသည်။ ဖုန်းနံပါတ်ကိုနှိပ်သောလက်များသည် မှားယွင်းလျက် သုံးခါပြောက်မှာမှ အမှန်ကိုနှိပ်မိသည်။

"မမ ဘာဖြစ်နေတာလဲ"

"ရဲရဲ...အခု မင်း ဘာလုပ်နေလဲ"

"ကျွန်တော် ကော်ဖီ သောက်နေတယ်"

"ကိုယ့်ဆီကို ခုချက်ချင်း လာလို့ရမလား"

"ဗျာ..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်သူငယ်ချင်း... သူလေ... ခေါ်လို့မရတော့ဘူး"

"မမ အိမ်မှာလား"

"ဟုတ်တယ်"

"ဆယ့်ငါးမိနစ်အတွင်း ကျွန်တော် လာခဲ့မယ်"

ဆယ့်ငါးမိနစ်သည် ဆယ့်ငါးကမ္ဘာလောက် ကြာလွန်းလှသည်။ ကျွန်မကို ဒီလောက် မြန်မြန်ဆန်ဆန်ကြီး သူခွဲခွာသွားလိမ့်မယ်လို့ ကျွန်မလုံးဝမထင်ခဲ့။ သူက ခံနိုင်ရည်ရှိတဲ့မိန်းကလေး တစ်ယောက်ပါ။

သူ့မှာရှိတဲ့ ဦးနှောက်ကိုအသုံးချပြီး ခက်ခဲလွန်းတဲ့ လူ့ဘဝမှာ ခက်ခက်ခဲခဲ ခြေချခဲ့ရတဲ့ မိန်းကလေးပါ။ ညကတင် ကျွန်မ ပြောခဲ့သေးသည်။ အသက်သုံးဆယ်ဆိုတာ မိန်းမ တစ်ယောက်မောလို့ နားရမယ့်အရွယ် မဟုတ်ဘူးလို့။

သူ တကယ် မောပန်းနေခဲ့တာပဲ။ သနားစရာကောင်းလှတဲ့ သူငယ်ချင်းရယ်။ ကျွန်မ ခုတင်ပေါ်မှာ ကျွန်မ၏ ညဝတ်အင်္ကျီ ပန်းရောင်ကလေးကို ဝတ်၍ သူ မျက်လုံး မှိတ်နေသည်။ သူ အေးချမ်းစွာဖြင့် ကောင်းကင်ဘုံမှာ ရှိနေမှာပါ။

"နင် ရဲရဲကို လုံးဝ မမြင်ဖူးခဲ့ဘူးနော် မာန်၊ ငါထက် ချစ်နှစ်ကျော်ငယ်လို့ နင် လုံးဝကြည့်မရဖြစ်မှာသိလို့ မိတ်ဆက် မပေးခဲ့တာ၊ အခု နင့်အတွက် သူ့ကို အကူအညီလှမ်းတောင်းတာ နင် ခွင့်လွှတ်နော် မာန်၊ သူကလွဲပြီး လောလောဆယ် ဘယ်သူမှ မကူညီနိုင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



မာန့်ကိုတောင်းပန်သလို ကျွန်မဆိုသည်။ ကျွန်မအိမ်က သိလျှင် မိုးမီးလောင်တာထက် ဆိုးလိမ့်မည်။ လူတစ်ယောက် ကျွန်မအခန်းထဲမှာ လာသေနေတယ်ဆိုပြီး အထိတ်တလန့် ဖြစ်ကြမည်။ ကျွန်မကို ဆူပူကြမည်။ ဒီတော့ ရဲရဲကိုပါ ခေါ်တာ ပိုကောင်းသည်။ ရဲရဲက ဗုဒ္ဓဘာသာပဲမို့ လိုအပ်သော ကိစ္စများကို စီမံပေးနိုင်သည်။ ရဲရဲရောက်လာချိန်မှာ အခြေအနေကို အကျဉ်းချုပ်၍ ကျွန်မ ရှင်းပြလိုက်သည်။

"ဒါဆို သူ့ကို ကုနေတဲ့ ဆရာဝန်မ ရှိတာပေါ့"

"ဟုတ်တယ်... သမားတော် ဒေါ်နုနုသန်းနဲ့ ပြနေတာ"

"အဲဒီသမားတော် ဖုန်းနံပါတ် သိလား"

"မသိဘူး"

"သူ့ဖုန်းထဲမှာ ရှာကြည့်လေ မမရာ"

"ဟုတ်သားပဲ... မေ့လို့ ဆောရီး"

ဆရာဝန်ကို ဖုန်းဆက်၍ အကျိုးအကြောင်း ပြောပြပြီး ရဲရဲကားနှင့် သွားပင့်ရသည်။ ဆရာဝန် ရောက်လာသောအခါ မာန့်ကို စစ်ဆေးကြည့်ရှုပြီး ဆုံးတာ တစ်နာရီကျော်ခန့်သာ ကြာလိမ့်မည် ဖြစ်ကြောင်းနှင့် သေဆုံးကြောင်း အတည်ပြုပေးကာ ဆေးစစ်ချက် ရေးပေးသည်။

"မနေ့ကလေးတင် သူ မမနဲ့ လာတွေ့သွားသေးတယ်၊ သူ့ကို နိုင်ငံခြားမသွားဖို့နဲ့ အေးအေးဆေးဆေးနားဖို့ သတိပေး လိုက်ပါတယ်၊ အင်းပေါ့လေ . . ဒီအသက်အရွယ်နဲ့ ခက်ခက်ခဲခဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာတာတွေ သိပ်များတော့ သူ အခု အနားရသွား
သေး၊ ကောင်းရာမွန်ရာ ရောက်ပါစေကွယ်”

မာန့်အလောင်းကို သင်္ဂြိုဟ်ပြီး ဂူသွင်းဖို့ကိစ္စအထိ ရဲရဲက ကူညီပေးရှာသည်။ မာန့်အလုပ်က လူများက ရောဂါရှိမှန်း လုံး၀ မသိကြသဖြင့် အံ့သြနေကြပြန်သည်။ အနီးဆုံးဖြစ်သော ကျွန်မကို ထားခဲ့ပြီး ဆက်သွားတာ ဆိုသောအခါ လူအားလုံးသည် ကျွန်မတို့၏ ခင်မှုအား စုတ်တသပ်သပ်ဖြင့်...။

ကျွန်မအိမ်မှာ ဗုဒ္ဓဘာသာထုံးစံအတိုင်း မာန့်အတွက် ရဲရဲက သံဃာကြီးငါးပါးပင့်ကာ အသုဘ ဆွမ်းကျွေး လုပ်ပေးလိုက်ပါသည်။

မာန့်ပိုက်ဆံအိတ်ထဲက ဘဏ်စာရင်းအရ မာန့်မှာ ငွေ သိန်းနှစ်ရာ့နှစ်ဆယ်ကျော် စုဆောင်းထားမှုအား ကျွန်မပင် မာန် သေဆုံးကြောင်း အထောက်အထားပြ ထုတ်ယူ၍ ကွယ်လွန်သူ အတွက် ရန်ကုန်ဆေးရုံကြီး၌ လှူဒါန်းလိုက်ပါသည်။

မာန့်အုတ်ဂူကလေးကို အစိမ်းဖျော့ရောင် ဆေးသုတ်ပေးပြီး နှစ်သက်သဘောအတိုင်း မြက်စိမ်းများ စိုက်ပေးလိုက်ရပါသည်။

မာန့်အုတ်ဂူအတွက် ငွေတစ်သိန်းခွဲ ကုန်ကျသော်လည်း ကျွန်မ မနှမြောခဲ့ပါ။ သူ အရိပ်ရပါစေ။ သူ အေးချမ်းပါစေ။

“မာန် နင့်ကို တစ်ယောက်တည်း ထားခဲ့ရတော့မယ် သူငယ်ချင်းရယ်... ငါ့ကို ခွင့်လွှတ်ပါနော်၊ ကောင်းကင်ဘုံမှာ ငါ့ကို စောင့်နေနှင့်ပါ”



www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ဘူး ဆိုသောအခါ ပိုပြီးသတိရတတ်တာ သေပြီးစ,မို့ ထင်ပါရဲ့။ ကျွန်မမှာ အလုပ်က ခွင့်တစ်လယူလိုက်ရပြီး ခရီးတစ်ခု စိတ်ပြေလက်ပျောက် ထွက်သည့်အနေဖြင့် ဖူးခက်ကို သွားလိုက်ရသည်။ နိုင်ငံခြားမှ ကျောင်းလည်း ဆက်မတက်ချင်တော့။

ဘာမှကို ဆက်မလုပ်ချင်အောင် စိတ်ဓာတ် ကျဆင်းလျက် ရှိပြီး လူက အိပ်မက်ထဲမှာ ပြေးလွှားနေရသလို ပင်ပန်း နွမ်းနယ်လျက် ရှိသည်။ ပြန်ရောက်တော့ ရဲရဲက အပြစ်တင်သည်။

"ကျွန်တော့်ကိုတော့ ပြောသွားသင့်တယ်၊ ခွင့်တစ်လယူပြီး ဘယ်သွားမှန်း သိရင် ကျွန်တော် ဒီလောက်စိတ်ပူရမှာ မဟုတ်ဘူး။ မမ… သိလား၊ မမ တစ်ခုခုဖြစ်သွားမှာ ကျွန်တော် စိုးရိမ် လိုက်ရတာ"

ရဲရဲသည် အဝေးသင်ဖြင့် ဘွဲ့ရထားပြီး အသက်နှစ်ဆယ့် တစ်နှစ် ကျော်ခါစ ဖြစ်သည်။ သူ့မိဘတွေက ကားပစ္စည်း တင်သွင်းသဖြင့် နောက်ဆုံးပေါ်ကားကို ထည်လဲစီးနိုင်သူ ဖြစ်သည်။ ကောင်လေးက နုသည်။ ငယ်သည်။ ဖြူနုသော ရုပ်သွင်မှာ ခေတ်ဆန်မှု ပေါင်းစပ်လိုက်သောအခါ ရင်ခုန်ချင်စရာ။

ကောင်မလေးတွေနဲ့ ထည်လဲ ရှုပ်တတ်သေးသူ။ ရုပ်ရည်နှင့် သဘောထားက အုံ့ဩစရာ ကောင်းအောင် တစ်နေရာမှာတော့ လွဲနေသူပင် ဖြစ်သည်။

ကျွန်မလို အသက်အရွယ် မိန်းမတစ်ယောက်ကို စိတ်ဝင် တစား ရှိနေခြင်းသည် ဟန်ဆောင်နေတာများလား။



www.burmeseclassic.com

www.burmeseclassic.com



မာန်ပြောသလို အပျင်းပြေဖို့ဟာ အချဉ်ထုပ် စားနေကျကနေ ဟန်ဘာဂါ တစ်ခါတလေ စားဖူးလည်း မနည်းတဲ့ သဘောပေါ့။

"ဟဲ့... ဒါက ဟန်ဘာဂါလား။ နင့်မှာ ဘာလိုအပ်ချက်မှ မရှိဘဲလေ၊ အပြင်ပန်းကြည့်ရင်ပေါ့၊ စားကြည့်မှ သွေးတိုးမှာ၊ အဲ...နင့်ကို နားလည်ဖို့က မလွယ်ဘူးဟ၊ Value System ကို နင်တွက်တာ သူများတွေနဲ့ မတူဘူး။ မစဉ်းစားပါနဲ့ဟာ၊ ဖုန်းပြောဖို့ လောက်ပဲ ထားစမ်းပါ၊ သူလည်း အဲသလိုပဲနေမှာ"

ဖြစ်နေတာများလား။

"မမ ကျွန်တော်ပြောတာ ကြားရဲ့လား"

"ဟင်..."

"စိတ်မဝင်စားဘူးမို့လား... သိပါတယ်၊ ကျွန်မတော့်စကား ဆို ဘယ်တုန်းကမှ အရေးတယူ မရှိခဲ့ဘူး။ အမြဲတမ်း အသက် ငယ်တယ်၊ ကလေးပဲ ရှိသေးတယ်၊ ဘာအတွေ့အကြုံမှမရှိဘူး။ ဒါတွေပဲ ထပ်တလဲလဲအပြောခံရတယ်၊ ကျွန်တော်လည်း စိတ်ပူ တတ်တယ်၊ ခံစားတတ်တယ်"

"ဘယ်သူက စိတ်ပူခိုင်းနေလို့လဲ"

"ဗျာ..."

"အေးလေ...ဘယ်သူက စိတ်ပူခိုင်းနေလို့လဲ၊ ကိုယ် စိတ်သိပ်ရှုပ်နေတယ် ရဲရဲ၊ ကိုယ့်ကို ဂါရီတွေ လာမပေးစမ်းနဲ့၊ လူတစ်ယောက် ဆုံးရှုံးရတဲ့ဒဏ်ကို မခံစားဖူးဘဲနဲ့ မင်း အားလုံး သိချင်ဟန်လာဆောင်မနေနဲ့၊ မာန်...မာန်...ငါ့သူငယ်ချင်းလေး"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား သူ့ကို တော်တော်ချစ်လား"

"အလွန်ပဲ"

"သူသာရှိနေရင် ခင်ဗျား အလုပ်ပျက်အကိုင်ပျက်နဲ့ ဒီလို ဘဝပျက်တဲ့လူလို လေလွင့်နေတာ ကြိုက်မယ်ထင်လား၊ သူ ဘယ်လိုမိန်းမမျိုးလဲ၊ ခင်ဗျားအသိဆုံးပါ၊ နောက်ဆုံးနေ့ အထိ အလုပ် လုပ်သွားတဲ့မိန်းမ၊ နှလုံးပျက်စီးနေတာတောင် သူ့ကုမ္ပဏီမှာ အပြီးမပျက် အသိမခံဘဲ အလုပ် လုပ်သွားတဲ့ မိန်းမ...။

ခင်ဗျား အခု ဒီလိုနေတော့ ဘာအကျိုးရှိလဲ၊ ခင်ဗျားတို့ သိပ်ချစ်တာ ကျွန်တော် နားလည်ပါတယ်၊ အသက် ဆယ့်ခုနစ်နှစ် ကတည်းက သုံးဆယ်အထိ ဆယ်စုနှစ် တစ်ခုကျော်အောင် ခင်ဗျားတို့တွဲလာတာ၊ ခင်ဗျားရင်ထဲမှာ ဖြေမဆည်နိုင်ဖြစ်နေမှာပဲ။

ဒါပေမယ့် သူက အခု ခင်ဗျားနဲ့ ဘဝခြားသွားပြီ၊ ခင်ဗျားက အသက်ရှင်ကျန်ခဲ့တဲ့လူ၊ ကိုယ့်ဘဝ ကိုယ်ဆက် လျှောက်ရမယ်၊ သေတဲ့လူအတွက် ခင်ဗျားဘဝပါ လိုက်သေ အောင် လုပ်မလို့လား"

မာန်ရေ... ငါ ဘယ်တော့မှ ဖြေဆည်နိုင်မှာ မဟုတ်ဘူး သူငယ်ချင်းရဲ့၊ ငါ့ရင့်ခွင်ထဲမှာ နင်...။

ကျွန်မ လည်ချောင်းတွေ ဆို့နင့် တက်လာပြန်သည်။ သောကအပူမီးများဖြင့် လူက အရုပ်ကြီးပြတ်သလို။ ရဲရဲ ပြောတာ တွေက တစ်ခုမှမမှား။ သို့သော် ကျွန်မ အထီးကျန်နေတာ ဘယ်သူသိမလဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မနဲ့ မာန်က စွယ်တော်ရွက်ကလေး တစ်ရွက်လို နှစ်ခုပေါင်းမှ တစ်ရွက်ဖြစ်တဲ့သူ။ နှစ်ကိုယ့်တစ်စိတ်ဟု ဆိုရအောင် ထပ်တူကျတာ ဘာမှမရှိပါဘဲ တစ်ယောက်ကို တစ်ယောက် ထဲပြီတိုင်း ထောက်ခံပေးခဲ့သူ။

အခုနေ ကျွန်မ နေမကောင်းတာ၊ စိတ်မကောင်းတာ ဘယ်သူ့ကို သွားပြောပြရပါ့မလဲ။ ကျွန်မ မိဘများသည် ကျွန်မ အတွက် အရင်းနှီးဆုံးများ မဟုတ်ကြ။

သူတို့က ကျွန်မလို ဉာဏ်ထိုင်း၍ မိဘကို မှီခိုရသော သမီးမျိုးကို အထင်မကြီးကြချေ။

တစ်လ မုန့်ဖိုး ဘယ်လောက်ဆိုတာနှင့်အတူ နှင် အဲသလို အစ်သက်လုံး သုံးဖို့ မစဉ်းစားနဲ့၊ နှင့်ဟာနှင် ရှာဖို့စဉ်းစား ဦးဟု အမြဲသတိပေးခံရသော နာကျင်မှုမျိုး မာန် မရှိတဲ့နောက် ဘယ်သူက နားလည်ပေးမှာလဲ။

ကျွန်မ တက္ကသိုလ်တက်စဉ် ကုန်ကျစရိတ်များအား စာရင်း ဖြင့် မှတ်ထားပြီး အလုပ်ဝင်သောအခါ လစာထဲမှ တစ်လရာနှုန်း ဘယ်လောက် ပြန်ဖြတ်ယူကြောင်းကို ဒါဟာ နှင့်ကို တစ်နေ့ ပြန်ပေးဖို့ပါ ဖြေသိမ့်တတ်သော မာန့်လို ဘယ်တစ်ယောက်ကိုမှ ကျွန်မ မပြောပြရပါ။

"လူဟာ အမြဲမကောင်းဘူးဟ၊ မိဘပဲဖြစ်ဖြစ်၊ သားသမီးပဲ ဖြစ်ဖြစ်၊ ညီအစ်ကို မောင်နှမပဲဖြစ်ဖြစ် အားကိုးလို့ရတယ်ဆိုတာ အတိုင်းအတာတစ်ခုထိပဲ ရှိတယ်၊ ယုံကြည်လို့ရတယ်ဆိုတာလည်း

www.burmeseclassic.com

www.burmeseclassic.com



အတူတူပဲ၊ ဒါကြောင့် ကိုယ့်ကိုယ်ကို အားကိုးရမယ်။ ကိုယ့်ဒူးတောင် ကိုယ်ယုံရတာ မဟုတ်ဘူး"

မာန့်ဆီကနေ ကျွန်မ မမြင်နိုင်သော အခြားဘဝတစ်ခုကို မြင်ခဲ့ရသည်။ သင်ခဲ့ရသည်။ လက်ထဲမှာတစ်ပြားမှမရှိဘဲ မာန်သည် သေခဲဆုံးချိန်တွင် သိန်းနှစ်ရာကျော် စုဆောင်းနိုင်တဲ့အထိ အလုပ်ကို အားသွန်ခွန်စိုက် ကြိုးစားခဲ့ရှာသည်။ သေသည်အထိ မာန်သည် သူမ ပိုင်ဆိုင်လိုခဲ့သော အိမ်တစ်လုံးကို ဝယ်ယူမသွားနိုင်ခဲ့၊ ကမ္ဘာဇာတိက အခဆောင်မှာနေခဲ့သူ ဖြစ်သည်။

"ကိုယ် သူ့ကို သိပ်သတိရတယ်၊ အမှန်ဆို သတိရတယ် ဆိုတာထက်တောင် ပိုလိမ့်ဦးမယ်၊ သူ ဘယ်တော့မှ ပြန်မလာနိုင်တော့ဘူး ဆိုတာ တွေးလိုက်တာနဲ့ ရင်ထဲမှာ နင့်ခနဲပဲ၊ သူ့ကို ဘယ်တော့မှ ထပ်မတွေ့ရတော့ဘူး။ အဲဒါ မင်းသိလား ရဲရဲ..."

"ကျွန်တော် သိပါတယ်၊ ဒါပေမယ့် မမ ဒီတိုင်း တင်းခံထားရင် ပိုဆိုးမှာပေါ့"

"ဒါဆို ကိုယ် ဘာလုပ်ရမလဲဟင်၊ ကိုယ် သက်သာအောင် ဘာလုပ်ရမလဲ"

"ငိုပစ်လိုက်"

"ငိုရမယ်.... ဟုတ်လား၊ မငိုဘူး... မငိုချင်ဘူး"

"ငိုတယ်ဆိုတာ ရှက်စရာ မကောင်းပါဘူးဗျာ၊ ငိုလိုက်ရင် အခု ခံစားနေရတာတွေ အကုန်လုံး မဟုတ်တောင် တစ်ဝက် လောက် သက်သာသွားလိမ့်မယ်၊ ပြီးရင် အိပ်ခေါ်သောက်ပြီး အိပ်ပစ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းရော ငိုတတ်တာပဲလား"

"ငိုတာပေါ့ဗျ… လူပဲ၊ ကြေကွဲစရာရှိရင် ငိုတာပေါ့၊ ဒါမှ လူပီသမှာလေ၊ မငိုဘဲနေရင် ကြာတော့ ရင်ထဲမှာ သောက အစိုင်အခဲတွေ ညပ်ပိတ်သိပ်ပြီး Crash ဖြစ်ကုန်ရော၊ အဲဒီအခါမှ ရှုံးမှာ၊ မမလည်း ဒီတိုင်းဆို ရှုံးလိမ့်မယ်"

မာန်နဲ့ တစ်ထေရာတည်းပဲ၊ မာန်ပြောသလို သူ ပြောတာကို ကြည့်ရင်း ကျွန်မ ပြုံးမိသည်။

"ဟော…ပြုံးပြီ၊ မမက သိပ်ထူးဆန်းတယ်၊ ငိုနိုင်းတဲ့လူကို ရယ်ပြနေတယ်၊ အင်း… မမကို တစ်ယောက်တည်း ပစ်ထားလို့ တော့မဖြစ်ဘူး။ ညဘက်ရော အိပ်ရဲ့လား၊ အစားရော မှန်မှန်စားရဲ့ လား။ စိတ်မပူနိုင်းပေမယ့် ကျွန်တော်က စိတ်ပူတတ်တယ်၊ လူတိုင်းကိုတော့ မဟုတ်ဘူး"

ကျွန်မ ညဘက်ဆို ကောင်းစွာ အိပ်မပျော်နိုင်တာတော့ အမှန်ပဲ ဖြစ်သည်။ ပန်းရောင် ညအိပ်ဂါဝန်ဖြင့် မာန့်ကို ရိပ်ခနဲ တွေ့ရသလိုလို၊ အိပ်မက် မက်နေသလိုလို၊ မာန့် မျက်နှာက ကျွန်မကို စကားပြောချင်ဟန်ရှိသည်။ လန်းဆန်းမနေ။

မာန့်ကို ဤသို့ မြင်တာနဲ့ ကျွန်မ ဆက်အိပ်မရဘဲ မျက်စိ ကြောင်ကာ မိုးစင်စင်လင်းတော့သည်။ မာန် ကျွန်မကို ဘာပြော ချင်တာလဲ။ သူ မသွားခင် ညကလို ကျွန်မအား အိမ်ထောင်ပြုပြီး နေခြင်းများလား။

"ကိုယ် မာန့်ကို ခဏခဏတွေ့နေရတယ် ချိုရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ..."

"ဟုတ်တယ်... ကိုယ် တွေ့နေရတယ်"

"မမ စိတ်စွဲလမ်းတာ ဖြစ်ပါလိမ့်မယ်၊ သူက သူ့ကိုယ်သူ သေမယ်ဆိုတာ ကြိုသိထားပြီးပြီပဲ၊ သူ မမဆီ လာအိပ်တယ် ဆိုတာ သံယောဇဉ် ဖြတ်တာပဲဖြစ်မှာ၊ သူ့မှာ တွယ်တာစရာ ဘယ်သူမှမရှိဘဲဥစ္စာ"

"သံသရာဆိုတာ သိလားဟင်"

"ဗျာ..."

"မာန်က ပြောပြဖူးတယ်၊ ဗုဒ္ဓဘာသာမှာ လူတစ်ယောက် ဟာ သေပြီးတဲ့နောက် လူလည်း ပြန်ဖြစ်နိုင်တယ်၊ တိရစ္ဆာန်လည်း ဖြစ်နိုင်တယ်၊ ဝိညာဉ်လည်း ဖြစ်နိုင်တယ်ဆို၊ ရဲရဲ သိလား"

ကျွန်မကို ပြန်မဖြေပါ။ ကြည့်ရတာ မာန်သည် စာဖတ်သော ဗုဒ္ဓဘာသာ ဖြစ်လိမ့်မည်။ ရဲရဲကတော့ လူငယ်ပီသစွာ ဘာသာ ရေးနှင့် အလှမ်းဝေးတတ်သောသူမျိုး ဖြစ်လိမ့်မည်။

ထို့ကြောင့် ကြောင်နနဖြင့် ကျွန်မ ပြောတာကို ပြန်မဖြေ ဉာဏ်မီပုံလည်း မရပါ။

"လောလောဆယ် အကောင်းဆုံးက မမ ဆေးသောက်ပြီး အိပ်လိုက်ဖို့ပဲ"

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အင်းလျား ရေပြင်သည် ကျွန်မရှေ့မှာရှိနေသည်။ ရေစပ်မှာ ဖြူဖြူအရိပ်များစွာ လှုပ်ရှားသွားလာနေကြသည်။ သူတို့သွားတာ မြန်လွန်းသဖြင့် သူတို့ရုပ်ကို အသေအချာပင် မမြင်နိုင်။ မိန်းမတွေလား၊ ယောကျ်ားတွေလားလည်း မသိနိုင်။ ခုံတန်းများမှာလည်း ဖြူဖြူအရိပ်တွေ။

လေသံလားမသိ။ တဝူးဝူးနှင့် ကြားရသည်။ ပန်းရောင် အရိပ်တစ်ခုသည် ကျွန်မဆီသို့ ရေပြင်ပေါ်မှ တည့်မတ်စွာပျံသန်း လာသည်။

"အား..."

အိပ်မက်က နိုးလာတော့ မျက်နှာမှာ ချွေးစေးတွေနှင့်။ တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို နာကျင်လျက်ရှိသည်။ မာန်...။ ခေါင်းကပါ ထိုးကိုက်လာသည်။ နာရီက ညနေ သုံးနာရီခွဲ။ ရုတ်တရက် ဖုန်းမြည်လာပြီး ဆက်သူမှာ ရဲရဲ။

"ကျွန်တော် မြီးရှည် လာပို့ပေးမလို့ အိပ်ရာက နိုးပြီလား"

"အင်း"

ရဲရဲ ရောက်လာချိန်မှာ ကျွန်မ အဖျားတက်နေပြီ။ ခရီးပန်း သော အရှိန်နှင့် စိတ်ထိခိုက်သောအရှိန် ပေါင်းကာထိခြင်းဖြစ်သည်။

ကျွန်မကို ကိုယ်ပူချိန် တိုင်းပေးတော့ အဖျား ၁၀၄ ဒီဂရီ။

"အပူကျဆေး ရှိလား"

"ဘာဆေးမှ မရှိဘူး"

"မဆောင်ထားဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က အဖျားအနာ ကင်းတယ်"

"ကျွန်တော် ဆေးဆင်းဝယ်လိုက်ဦးမယ်"

ရဲရဲ ထွက်သွားပြီး သိပ်မကြာခင် ကျွန်မ သတိလစ်သွားဟန် တူပါသည်။

သတိရလာတော့ အပြင်ဆေးခန်းတစ်ခုမှာ တက်နေရသည်။ ကျွန်မ သတိရလာချိန်မှာ ရဲရဲက အနားမှာရှိသည်။

"မမ... နိုးပြီလား"

"အင်း"

"သွေးဖောက်စစ်လိုက်တာ ငှက်ဖျားပိုးတွေ့တယ်လို့ ပြောတယ်၊ ခရီးသွားထားသေးတယ် ဆိုတော့ အဲဒီက ကူးလာတာလို့ ထင်ကြတယ်၊ အဲဒါ ဆေးရုံတစ်ပတ်လောက်တက်ရမယ်"

"ခွင့်ဆက်ယူရဦးမှာပေါ့"

"ဆရာရဲ့လက်မှတ်နဲ့ ကျွန်တော် သွားတင်ပေးပါ့မယ်၊ အိမ်ကိုရော အကြောင်းကြားပေးရမလား"

"ရတယ်... စိုးရိမ်စရာမရှိဘူးမို့လား၊ မပြောနဲ့နော်"

"အကြောင်းကြားသင့်တယ်လို့ ထင်တယ်"

"သူတို့ အလုပ်ရှုပ်နေပါဦးမယ်"

"နောက်မှသိရင် ပိုပြောနေမှာပေါ့"

ရုံးခွင့်တင်သည့်ကိစ္စနှင့် အိမ်ကိုပြောသည့် ကိစ္စနှစ်မျိုးလုံး ရဲရဲက လိုက်လုပ်ပေးရှာသည်။ အိမ်က သီတာနှင့် ချက်ချင်း လိုက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီး နေကောင်းရင် အိမ်ထောင်ပြုဖို့ စဉ်းစားသင့်ပြီ၊ ဒက်ဒီတို့ သဘောကျနေတဲ့ လူငယ်သုံးယောက်တော့ ရှိတယ်၊ သူတို့နဲ့ တွေ့ကြည့်ပါလား၊ တစ်ယောက်တည်း တစ်သက်လုံးနေဖို့ စဉ်းစားမနေနဲ့၊ မဖြစ်နိုင်ဘူး၊ ဒါနဲ့ မာန်ရော မမြင်ပါလား"

"မာန် ဆုံးသွားပြီ ဒက်ဒီ"

"အို... အက်ဆီဒင့်နဲ့လား"

"နှလုံးရောဂါနဲ့..."

"အို... ဒက်ဒီတို့ မသိပါလား၊ ကြာပြီလား ဆုံးသွားတာ"

"တစ်လခွဲလောက် ရှိပြီ"

"ဩော်... ဒါဆိုရင်တော့ သမီး အိမ်ထောင်ပြုဖို့ စဉ်းကို စဉ်းစားသင့်ပြီ၊ ငြင်းဖို့ မပြောနဲ့၊ ဒက်ဒီလက်မခံဘူး"

"သမီး တွေ့ကြည့်ပါ့မယ် ဒက်ဒီ"

ရဲရဲက ထိုအကြောင်းကို သိသောအခါ စကားမဆိုနိုင်ဘဲ ငြိမ်သွားသည်။

"ဒက်ဒီတို့က အဲသလိုပဲ စေ့စပ်ခိုင်းလိုက် လက်ထပ်ခိုင်းလိုက်နဲ့ ကိုယ့်အသက်က သုံးဆယ်ထဲမှာ ဆိုတော့လဲ..."

"မမ တကယ် တွေ့ကြည့်မှာလား"

"တွေ့ရမှာပေါ့"

"တွေ့ပြီးရင်..."

"အဆင်ပြေတဲ့ တစ်ယောက်နဲ့ပေါ့"

"တစ်သက်လုံး ပေါင်းရမှာနော်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအား ထိုကောင်လေးသည် နမြောတသ,သော မျက်လုံးများဖြင့် ဘာကြောင့် ငေးကြည့်နေခဲ့ပါသလဲ။

အသက် သုံးဆယ်အရွယ်ဆိုတာ လက်ထပ်ဖို့တောင် နောက်ကျနေပြီဟု ဆိုနိုင်သောအရွယ်။ ဒီအရွယ်ထိ အိမ်ကို ဆန့်ကျင်၍ တစ်ယောက်တည်းနေနိုင်ခဲ့တာပဲ တော်လှပြီ။ အရင် တုန်းကတော့ မာန် ရှိနေတာကိုး။ ဘဝတူသောသူ ရှိနေတော့ အထီးကျန်မှန်း မသိသာလှ။ ကိုယ့်အရွယ်မိသားစုနှင့် တွေ့လျှင် တောင် ကျွန်မတို့မှာ ကျော်သွားရာ ဖျော့ပါသည်ဟု ကိုယ့်ဘာက် ကိုယ်ယက် တွေးခဲ့ကြပါသည်။

"ကိုယ်သိပါတယ်၊ ကိုယ့်အသက် သုံးဆယ်ရှိပြီ ရဲရဲ လူတစ်ယောက် သက်တမ်းခြောက်ဆယ်ဆို ထက်ဝက်ကျိုးနေတဲ့ အရွယ်၊ မင်းက ဘာသိမှာလဲ၊ မင်းအသက်က နှစ်ဆယ်စွန်းစပဲ ရှိသေးတာ၊ ကိုယ် အဲဒီအသက်တုန်းကလည်း မင်းလိုပါပဲ"

"တကယ်လို့ မမ သွားတွေ့တဲ့ လူတွေနဲ့ အဆင်မပြေရင် ရော..."

"အင်း... အဆင်မပြေရင်လည်း... မယူဘူးပေါ့"

"တော်ပါသေးရဲ့"

"ဘာကိုလဲ"

"ဒီလိုဆို အဆင်မပြေပါစေနဲ့လို့ ဆုတောင်းရမှာပဲ"

"အဆင်ပြေတဲ့လူ ဆိုတာတော့ မရှိပါဘူး။ ဒီလိုပဲ ကိုယ်နဲ့ မာန်ဆိုရင် စိတ်မထင်ရင် မထင်သလို ရန်ဖြစ်ကြတာပဲ၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ည်း မခေါ်ဘဲမနေနိုင်ကြဘူး။ ကိုယ်နဲ့ လုံးဝ အဆင်ပြေမယ့်လူ ဆိုတာ အ,နေတဲ့လူ၊ ကန်းနေတဲ့လူမှ ဖြစ်နိုင်လိမ့်မယ်"

ကျွန်မ စကားကို သူက ရယ်လေသည်။

"မရယ်နဲ့... မင်းကောင်မလေးတွေနဲ့ မင်းရော ပဋိပက္ခ ဖြစ်ဖူးလို့လား။ လူဆိုတာ ကိုယ့်စိတ်နဲ့ကိုယ်တောင် ပဋိပက္ခ ဖြစ်တတ်တယ်၊ သူများစိတ်နဲ့ အမြဲတမ်း သဟဇာတဖြစ်ဖို့ဆိုတာ မလွယ်ဘူး"

"ချစ်ရင် အားလုံးဖြစ်တယ်"

"ထင်လား"

"ဗျာ"

"ချစ်ရင် အားလုံးဖြစ်တယ် ဆိုတာလေ"

"ပြောကြတာပဲ"

"မဖြစ်ပါဘူး... ဘာလို့လဲ သိလား။ ကိုယ့်မှာ အရမ်းချစ်တဲ့ ချစ်သူ ရှိခဲ့ဖူးတယ်၊ တော်လည်း တော်တယ်၊ ငွေလည်းရှိတယ်၊ ညာလည်း ထိပ်မှာပဲ၊ ပြောစရာဆိုလို့ ဘာမှမရှိအောင်နေတတ်တဲ့ လူမျိုး။ ကိုယ့်ကိုလည်း ချစ်ရှာပါတယ်၊ ဒါပေမယ့် နောက်ဆုံး သူ ကိုယ့်ကိုထားခဲ့တယ်၊ ဘာကြောင့်မှန်း ဒီနေ့ထိ စဉ်းစားလို့ မရဘူး။ အဲဒီတော့ ချစ်တိုင်း လက်ထပ်လို့ မရဘူးဆိုတာပဲ ပြန်ဆိုနိုင်တော့တယ်၊ ချစ်ရင် အားလုံးမဖြစ်ဘူး"

"မမကို မယုံလို့ နေမှာပေါ့"

"ဘာ..."

www.burmeseclassic.com

www.burmeseclassic.com



"ရည်းစားအနေနဲ့ တွဲရတာ အဆင်ပြေပေမယ့် ဇနီးတစ်ယောက်အနေနဲ့ အဆင်သင့် မဖြစ်ဖူးလို့ ထင်လို့ ထားခဲ့တာနေမှာပေါ့၊ ကိုယ့်ကိုယ်ကိုတော့ ဘယ်သိမလဲ၊ ဘေးလူကသိတယ်၊ မြင်နိုင်တယ်၊ မမက အပြင်ကကြည့်တော့သာ မာကျောတယ်လို့ ထင်ရတာ၊ တကယ်တမ်း စိတ်အားငယ်တတ်တယ်၊ စိတ်ဓာတ်ကျလွယ်တယ်"

"ဘာလို့ အဲသလို ပြောနိုင်တာလဲ"

"အင်း... အလှပြင်လွန်းလို့ အလှအရမ်းပြင်တဲ့ လူမျိုးတွေက ကိုယ့်မှာရှိတဲ့ အားနည်းချက်ကို သူများမြင်မှာ ကြောက်တတ်ကြတယ်၊ ဒါကြောင့် လူတွေအမြင်မှာ သူတို့ဟာ ပျော်နေပါတယ်၊ စိတ်ချမ်းသာနေပါတယ်၊ အထီးမကျန်ပါဘူးလို့ ထင်ရအောင် အလှပြင်ကြတယ်၊ သွက်လက်ကြတယ်၊ မမ ကိုယ့်ကိုယ်ကို သတိထားမိလား"

"ဒါကြောင့် ကိုယ် ရှေ့ဆက်အထီးမကျန်ရအောင် လက်ထပ်မှာပါ၊ မာန်ကလည်း ကိုယ့်ကို လက်ထပ်စေချင်ခဲ့တယ်၊ လက်ထပ်ဖို့ အဆင်သင့်ဖြစ်တဲ့အထိ စောင့်ရင် တစ်သက်လုံး ဖြစ်မယ်မထင်ဘူး၊ ကိုယ့်မှာ မင်းပြောတဲ့ ချွတ်ယွင်းချက်ကြီးနဲ့ဆိုတော့... အင်း... နောက်ဆုံးတော့လည်း ပြီးသွားမှာပါ"

"သူတို့တွေနဲ့ သွားတွေ့ပြီးရင် ကျွန်တော့်ကို ပြောပြဦးနော်"

"ဘာလုပ်ဖို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သိချင်လို့ပါ၊ အဲဒီလူတွေကို မမက ဘယ်လို အကြောင်းပြချက်နဲ့ ငြင်းမလဲပေါ့၊ အဲဒါဆို ကျွန်တော်လည်း ကြိုတင် ပြင်ဆင်ထားလို့ ရတယ်"

"ကိုယ့် အနာဂတ်ထဲမှာ အသက် နှစ်ဆယ့်တစ်နှစ်အရွယ် ယောက်ျား တစ်ယောက်ကို လက်ထပ်ဖို့မရှိဘူး ရဲရဲ"

သူ့မျက်နှာ ပျက်ယွင်းမှုကို ကောင်လေးခမျာ မထိန်းနိုင်ရှာ။ ကောင်လေး ဆေးရုံမှ ပြန်သွားသောအခါ ကျွန်မ တစ်ယောက်တည်း မှန်ချပ်အဝိုင်းလေးကိုကြည့်ကာ မာန့်ကို သတိရပြန်သည်။

မာန်... ကောင်လေးက ငါ့ကို တွယ်တာ လွန်းနေတယ်ဟာ၊ ငါ သူ့ကိုလက်ထပ်ဖို့ထိ စိတ်ကူးယဉ်နေရှာတယ်၊ ငါတို့တုန်းက လိုပေါ့၊ မျက်မမြင် ပုဏ္ဏားလိုလေ၊ တစ်ပြိုင်တည်းမှာ တခြား လူတွေကိုလည်း စိတ်ဝင်စားတယ်၊ ကိုယ့်ချစ်သူကိုလည်း လက် မလွှတ်ချင်ဘူး၊ ကောင်လေးက ကလေးသာသာလေးပါ၊ ဒီနေ့ သူ အရမ်းချောနေတယ်၊ သူ့အသားက ဖြူနုနေတော့ ရှပ်အင်္ကျီ အပြာနုရောင်နဲ့ဆို ဟပ်နေတာပဲ၊ သိပ်ချောလွန်းနေတော့ သူနဲ့ လိုက်ဖက်တာ ဖြူဖြူသေးသေး ချစ်စရာ ကလေးမတွေပဲပေါ့၊ ငါတို့က အဘွားကြီးတွေလေ၊ ဟင်း ဟင်း..."

ကျွန်မ စကားပြောနေတာကို ကျွန်မအဖေ တွေ့သွားပြီး စိတ်သိမ်မနုံ့ဘူးဟု ထင်သွားပါသည်။ မှန်ကိုကြည့်ပြီး စကား ပြောနေတော့ ဒက်ဒီစိတ်ထဲ ကျွန်မခေါင်းထဲ ငှက်ဖျားပိုး ရောက်ပါပြီ စိတ်ချောက်ချား၍ သေသူနှင့် စကားပြောနေခြင်းပါဟု ထင်ကာ ဆရာဝန်ကြီးဆီကို အပြေးအလွှား ဖုန်းဆက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး... သမီး မရှုးပါဘူး"

"တစ်ယောက်တည်း စကားပြောနေတာ ဒက်ဒီမျက်လုံ

တွေ့နေတာပဲ"

"တစ်ယောက်တည်း ပြောနေတာ မဟုတ်ပါဘူး မာနိနဲ့..."

"ဘာပြောတယ်... မာနိနဲ့..."

ဆရာဝန်ကြီးက ကျွန်မအား သွေးပြန်ဖောက်၍ စစ်ဆေ

သည်။ လိုအပ်သော ဆေးစစ်ချက်အားလုံးအရ ကျွန်မမှာ ၄က်ဖျ

ပျောက်ကင်းကြောင်း သက်သေပြလိုက်မှပဲ ဒက်ဒီ ငြိမ်းတော့သည

သို့သော် ကျွန်မကို သံသယမျက်လုံးများဖြင့် စောင့်ကြည့်နေဆဲ

ဖြစ်သည်။

ပထမဆုံး ကျွန်မ သွားတွေ့ရသူသည် ဒက်ဒီ့သူငယ်ချင်း

တူတစ်ယောက် ဖြစ်သည်။ အသက်က ကျွန်မထက် သုံးနှစ်

သည်။ ခေါင်းက ဆံပင်ပါးပါးကို ဆီလိမ်းထားပြီး ရေမွှေးတစ်

လုံး မှောက်ကျထားလား ထင်ရအောင် ထိုသူ့ကိုယ်က အနံ့

ပြင်းလှသည်။ အသားကလည်း မည်းသေးသည်။ အသာ

www.burmeseclassic.com

www.burmeseclassic.com



မည်းတာထက် မိုက်ပူတာက ဆိုးသည်။ ပါးနှစ်ဖက်မှာ ဝက်ခြံဖု တွေလည်း ရှိနေသည်။

"ယုလျာကို သိနေတာကြာပြီ"

"ဟုတ်လား"

"ကိုကိုနဲ့ ကျွန်တော်က ရင်းနှီးတယ်လေ၊ အစ,တုန်းက ကိုကိုနဲ့ ခင်ဗျားကို လက်ထပ်ဖြစ်မယ်လို့ ကျွန်တော် ထင်ထားတာ၊ ခင်ဗျားတို့ ပြတ်သွားတော့ အံ့ဩလိုက်တာဗျာ"

"ဟုတ်တယ်"

"ဗျာ"

"ဟုတ်တယ်လေ...ကျွန်မလည်း အံ့ဩတယ်၊ သူ ကျွန်မ ကို ဘာလို့ဖြတ်သွားမှန်း ကျွန်မ မသိဘူး၊ ခုထက်ထိကိုမသိတာ၊ သူနဲ့က ပြန်မတွေ့ဖြစ်တော့ မမေးကြည့်ရသေးဘူး၊ တွေ့ရင်တော့ မေးဦးမယ်၊ ရှင်ရော ဘယ်လိုထင်လဲ"

"ဗျာ... ဘာကိုလဲ"

"ကျွန်မကို ထားခဲ့တာကိုလေ၊ သူ ယူသွားတဲ့မိန်းမက ကျွန်မလောက်လည်း မလှဘူး၊ မချမ်းသာဘူး၊ ဆရာဝန်မလည်း မဟုတ်ဘူး၊ ရိုးရိုးတက္ကသိုလ်ကျောင်းသူ တစ်ယောက်ပဲ၊ ရှင် အဲဒါ သိလား"

"အဲ..."

"သူက ကျွန်မကို ရိုးလာလို့လည်း ဖြစ်နိုင်တာပဲ၊ ဟုတ်တယ် မို့လား။ ဒါနဲ့ ရှင့်မှာ တစ်သျှူးပါမလာဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ... ဘာဖြစ်လို့လဲ"

"ရှင့်ခေါင်းက ဆံပင်တွေ နဖူးပေါ်စီးကျနေပြီ၊ရော့... ရော့... ဟိုတယ်က တစ်သျှူးတွေက သန့်ပါတယ်၊ ကျွန်မနဲ့ ကိုကို ဒီဟိုတယ်ကို လာဖူးတာအကြိမ်ကြိမ်ပဲ၊ ရှင့်ကို အဲဒါရော ပြောပြ သေးလား"

ထိုလူ့မျက်ဝန်းထဲမှာ ကျွန်မကို အထင်သေးစိတ်တွေ လျှံကျလာတာကို ကျွန်မ အရသာခံစွာ စောင့်ကြည့်ရင်း တွေ့ဆုံပွဲကို လှပစွာ အဆုံးသတ်လိုက်ပါသည်။

သူသည် သာမန် ယောကျ်ားတစ်ယောက်လိုပဲ တွေးခေါ် တတ်၍ မိန်းမတစ်ယောက်ကို ဘောင်တစ်ခုထဲ ချုံကြည့်သော သူမျိုးဖြစ်ကြောင်း ဆယ်မိနစ်ခန့် စကား ပြောကြည့်တာနှင့် လွယ်ကူစွာ သိမြင်နိုင်လေသည်။

ဒီလူနဲ့ လက်ထပ်လို့ကတော့ ကိုကိုနှင့် အကြောင်းကို အားတိုင်း ပါးစပ်အရသာခံကာ အနိုင်ယူပြောမည်ဆိုတာ မေးခွန်း မေးစရာမလို။

သူ့ရုပ် သူ့ရည်ကို ပြန်အားနာမှာမဟုတ်ဘဲ သူ့ဘက်က အနာကိုသာ တွေးတတ်မယ့်သူ။ ကျွန်မနဲ့ ကိုကို ဒီဟိုတယ်မှာ ဘူဖေး လာစားကြတာကိုလည်း သူ့ခမျာ ထင်ချင်ရာထင်ကာ နွားမရှုံ့ပိတ် ရသူဟု သူ့ကိုယ်သူ ထင်နေရှာသူ။

သူ့ဗိုက်ပူနဲ့ အသားမည်းတာနဲ့တင် ကျွန်မမှာ စိတ်ကုန် သွားတာ သူသိမှာမဟုတ်။ အသက် သုံးဆယ့်သုံးနှစ်မှာတောင်



www.burmeseclassic.com

www.burmeseclassic.com



တွဲသွား၍ လှုပြင်မတင့်တယ်သော သူ့ဗိုက်သည် နောင်ငါးနှစ်ဆို မတွေးဝံ့တော့။ မာန်သာရှိလျှင် အဲဒီအကြောင်းပြောပြီး ဟားကြဦး ပေမည်။

"ရှင့်ကိုတော့ အားနာပါတယ်ရှင်၊ ဒါကြောင့်လည်း လာတွေ့ ရတာပါ၊ ကျွန်မဘာဝက သေမထူး နေမထူးပါ၊ ဒက်ဒီတို့ကလည်း အတင်း လက်ထပ်ခိုင်းနေပေမယ့် ကျွန်မအကြောင်း သေချာ မသိကြဘူးလေ"

"ရပါတယ်ဗျာ...စောစောစီးစီး သိရတာ ပိုကောင်းပါတယ်"

"ဟုတ်တာပေါ့ရှင်"

"ကျွန်မကိုတောင် အားနာဖို့ သတိမရဘဲ အရင်ထ၍ ကသုတ်ကရက် ပြန်သွားလေသတည်း။ ကိုယ့်ဂုဏ်သိက္ခာကို စတွေ့ကတည်းက ချတတ်တဲ့ ဒီလူစားမျိုးဟာ ဝေးလေ ကောင်းလေ အစားထဲမှာ ပါလေသည်။

ဒါကြောင့်လည်း သူ ဖြစ်စေချင်သလို ပုံစံမျိုးဖြင့် တမင် သူ့စိတ်ကို စမ်းလိုက်တာ ဖြစ်သည်။

"ကိုယ်သိက္ခာ အကျခံပြီးတော့ အဲသလိုတော့ ပြော လိုက်ရလား"



www.burmeseclassic.com

www.burmeseclassic.com



"ပြောရမှာပေါ့... သူက အစ,ကတည်းက အဲသ
ထင်နေတာလေ၊ ကိုယ့်အတိတ်မှာ ယောကျ်ားတစ်ယောက်
ချစ်ခဲ့ဖူးတာပဲရှိတယ်၊ တရားမဝင် စွန်းထင်းခဲ့တာမျိုး အပြော
နိုင်ဘူး၊ ကိုယ်တို့ဘာသာမှာ ဒါ အပြစ်ကြီးတယ်၊ အကြီးဆုံး
အပြစ်ပဲ၊ ကိုယ် ထိန်းသိမ်းခဲ့လျှက်သားနဲ့ တနုံ့နုံ့ ရန်စ,နေမယ့်
လူနဲ့ တစ်သက်လုံး အတူသာနေရရင် အမယ်လေး... ကိုယ့်ဘာ
ကိုယ် သတ်သေမိမှာပဲ"

"အဲဒီလူက ချောလား"

"ချောပါ့ရှင်... ချောပါ့"

"ကျွန်တော့်လောက် ချောလား"

"ရဲရဲထက် အများကြီး ချောတယ်"

"ဒါဆို မမက ရုပ်ချောရင် မကြိုက်ဘူးလား"

"မကြိုက်ဘူး"

"ပြဿနာပဲ"

"ဘာဆိုင်လို့လဲ"

သူက ရယ်လေသည်။ သူ့ရုပ်က အပြစ် ပြောစရာမှမရှိတာ။
ကျွန်မနဲ့ဆို ကျွန်မကအသက်ကြီးတာ သိသာလွန်းသည်။ ရှစ်နှစ်
ကျော်ဆိုတာ နည်းတဲ့နှစ်မဟုတ်။ ဒါတောင် ကိုယ်က ပြင်နိုင်ဆင်
နိုင်လွန်းပြီး ကြော့ကြော့မော့မော့ကလေး နေတတ်သည့်သူ။
သူကိုယ်က နုဖတ်နေတာ ဖြစ်သည်။

"ကျွန်တော့်မျက်နှာ ဆာဂျရီ သွားလုပ်လိုက်ရမလား"



www.burmeseclassic.com

www.burmeseclassic.com



"ငွေကုန်ခံနေပြန်ပြီ"

"ဟား... ဟား... ဒါနဲ့ နောက်တစ်ယောက်ကရော ဘယ်တော့တွေ့မှာလဲ"

"ဒီညနေ"

"ဘယ်မှာ တွေ့မှာလဲ"

"ဘာလုပ်ဖို့လဲ"

"ကျွန်တော် လာချောင်းမလို့"

"တို့က လူမြင် သူမြင်ပဲ သွားတယ်"

"ကိုယ့်လိပ်ပြာ ကိုယ်မယုံလို့လား"

"မင်း ကိုယ်တွေ့မရှိဘူးလား... ကိုယ်ချင်းစာကြည့်ပေါ့"

"ကိုယ်တွေ့လား...ကျွန်တော်က သန့်တယ်၊ ကောင်မလေးတွေနဲ့ ရုပ်ရှင်လောက်ပဲကြည့်တာ...ဟဲ ဟဲ"

"အသံကိုက ပီတိသံနဲ့"

"သဝန်တိုတာလား"

"ဘာလို့တိုရမှာလဲ"

"မသိဘူးလေ... တိုများတိုသလားလို့"

"မတိုပါဘူး"

"တိုပါဗျာ"

"မတိုနိုင်ပါဘူး"

"အသည်း ယားလာပြီဗျာ၊ မမဟာလေ ဒေါ်တော် အမြင်ကတ်စရာကောင်းတဲ့ မိန်းမကြီး၊ လူတော်ဖက်သားကို



www.burmeseclassic.com

www.burmeseclassic.com



အရှုးလုပ်တဲ့နေရာမှာ တော်တယ်၊ သွားလေသူ ခင်များ သူငယ်ချင်းရော "အဲသလိုပဲထင်ပါရဲ့"

"အံ့ထင်ကြီးတာလား... ကောင်းလိုက်တာ၊ အထင်ကြီးခံရတဲ့ အရသာ"

"ဟိုလူနဲ့ တွေ့ပြီးရင် ခုလိုပဲ ဖုန်းဆက်ပြောဦးနော်"

"သိချင်တဲ့လူက ဆက်ပေါ့"

"အဆင်ပြေ မပြေ သိချင်တာပါ၊ အဆင်မပြေဘူးဆိုရင်... မျှော်လင့်ချက်နဲ့ အားတက်တာ မမှ မသိဘဲ"

"ကဲပါ... ဒါပဲ...ဒါပဲ"

ကျွန်မနှင့် ရဲရဲ စတင်တွေ့ဆုံခဲ့ပုံက ဗိုလ်ချုပ်ဈေးထဲမှာ ဈေးဝယ်ရင်း ဖြစ်လေသည်။

ကျွန်မနှင့် မာမိ အတွင်းခံ ဘော်လီဆိုင်သို့ဝင်၍ ဈေးစေ တော့ ရဲရဲက အဲဒီဆိုင်မှာ ခဏထိုင်ပေးသည့်သူမို့ ဈေးမသိ၊ ဟိုဟာမေးလည်း မသိ၊ ဒီဟာမေးလည်း မသိ။ မာမီက စိတ်တို ကာ မဝယ်ဘဲ ပြန်ထွက်ခါနီးတော့...

*ရွှေသမင်စာပေ*

www.burmeseclassic.com

www.burmeseclassic.com



"စိတ်မရှိပါနဲ့ဗျာ...ကျွန်တော့်သူငယ်ချင်းဆိုင် ခဏထိုင်ပေးတာပါ၊ သူက ဒီနားတင်ဆိုလို့... ဒီလိုလုပ်ပါလား၊ အန်တီတို့ ကြိုက်တာရွေးသွားပြီး ပြန်ခါနီးမှ တစ်ခေါက် ဝင်လာခဲ့ပါလား။ အဲဒါဆို အဆင်ပြေတယ်မို့လား"

"တစ်ခေါက် ပြန်မဝင်နိုင်တော့ဘူး"

"ဈေးဦးမို့ပါခင်ဗျာ...ဈေးဦးလန်ရင် တစ်နေကုန်သွားရောခင်ဗျာ"

"ဒါဆိုလည်း ပြီးတာပဲ၊ မင်းသူငယ်ချင်းလာရင် ဈေးလျှော့ခိုင်းနော်"

အထည် ရွေးထားခဲ့ပြီးနောက် ဈေးတစ်ပတ် ပတ်သည်။ ပြီးမှ ဆိုင်လာ၍ အထည်ဖိုးချေတော့ ငွေနှစ်ထောင် လျှော့ပေးရသည်။ သူ့သူငယ်ချင်းဆိုတာ ကောင်မလေးပဲ ဖြစ်သည်။ သူငယ်ချင်းဟု ထင်စရာလည်း မရှိပါ။

"နောက်လည်းလာနော် အစ်မ၊ ညဝတ်အင်္ကျီ အသစ်တွေရောက်ရင် လာကြည့်ပါဦးနော်"

"ဘယ်တော့ ရောက်မှာလဲ"

"ရက်အတိအကျ မပြောနိုင်သေးလို့ပါ၊ ဒီလိုလုပ်ပါလား အစ်မရဲ့၊ ကျွန်မတို့ ဆိုင်ကတ်လည်း ယူသွားပါ၊ မမ ဖုန်းလည်း ပေးထားခဲ့ပါလား၊ ကျွန်မ ဖုန်းဆက်ပေးပါ့မယ်"

ကောင်မလေးက ဈေးသည် အသွက်ကလေးပဲ။ တစ်ခါလာဝယ်သူကို နောက် အမြဲလာအောင် ဖြားယောင်းပတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယေလည်းယေကာ လှလည်း လှသည်။

နောက် သုံးရက်အကြာတွင် ကျွန်မထံ ဖုန်းဆက်ကာ ညဝတ်အင်္ကျီ အသစ်ဒီဇိုင်းများ ရောက်ကြောင်း ပြောသဖြင့် ထပ်သွားတော့ ကောင်လေးကို မတွေ့ရပါ။

တွေ့မယ့် တွေ့တော့ ကျွန်မ အလုပ်လုပ်ရာ တာဝါတစ်ခု တည်းမှာပင် သူတို့ရုံးခန်းလည်း ရှိနေသည်။ ပြီးတော့ မျက်နှာချင်း ဆိုင်ဖြစ်နေသည်။ အလုပ်သွားရင်း ဓာတ်လှေကားထဲမှာ ပြန်တွေ့တော့ သူက အရင်နှုတ်ဆက်ရှာသည်။ ထို့နောက် ကျွန်မတို့ ခင်သွားကာ ညတိုင်းလိုလို ဖုန်းပြော ဖြစ်ကြလေသည်။

သူတို့ခေတ် သူတို့ ဖြတ်သန်းရသော အခြေအနေနှင့် ကျွန်မတို့ခေတ် ကျွန်မတို့ ဖြတ်သန်းရသော အခြေအနေ မတူ၍ သူနှင့် စကားပြောရတာ ရယ်လည်းရယ်ရ၊ စိတ်ဝင်စားစရာလည်း ကောင်းသည်။

ကောင်လေးက ငရှုပ်ကလေး။ ကာလပ်တက်၊ ရိုက်ပွဲဖြစ်၊ မိဘပိုက်ဆံထိုင်ဖြုန်းခဲ့ပြီး ဘွဲ့တစ်ခုတော့ ရရှာသေးကာ မိဘ အလုပ်မှာ ကူဖို့တော့ သိသား။ နှစ်ယောက်ကြားမှာ ကွာခြားချက် ကတော့ အတော်များသည်။ သူကြိုက်သော ဂီတနှင့် ကျွန်မ ကြိုက်သောဂီတမတူ။ သူကြိုက်သော အရာအားလုံးသည် ကျွန်မ မကြိုက်သောအရာများ ဖြစ်နေကြသည်။ စတိတ်ရှိုးမှာ လွတ်လွတ် လပ်လပ် ခုန်ပေါက် က,ဆိုခြင်းကို သူ့အမြင်မှာ လူငယ်လွတ်လပ် ခွင့်ဟု ယူဆ၍ ကျွန်မကတော့ ခံစား၍မရပါ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဂီတသည် ဆူညံပေါက်ကွဲ၍ စကားတစ်ယောက် တစ်ခွန်း ရန်ဖြစ်နေသော ဂီတနှင့် တူသည်။ နူးညံ့သိမ်မွေ့မှုကို ရှာမ ရှာမတွေ့။ တစ်ခါနားထောင်ပြီးလျှင် ထပ်ပြန်တလဲလဲ နားထောင်ရသော ကျွန်မကြိုက်သည့် သီချင်းများကတော့ သူ့အမြင် နှင့် ပျောင်းသွားပြီဟုဆိုပါသည်။ ဂီတ,တင်မဟုတ်ဘူး၊ အဝတ် အစားရော၊ အတွေးအခေါ်ရော၊ နေထိုင်ပုံရော အကုန်ပြောင်းကုန်ပြီ၊ သူက ပြောတတ်သေးသည်။ ကျွန်မနှင့် သူ့ကြားမှာ generation တစ်ဆက် ပြတ်ကျန်ခဲ့ပြီတဲ့။

"ဘာပဲဖြစ်ဖြစ်၊ မင်း အသက်သုံးဆယ် ရောက်တဲ့အခါ ဆယ်စွန်းစကလေးတွေကို ကိုယ့်လို အပေါင်းအသင်းလုပ်လို့ ရမလား"

"သိပ်ရတာပေါ့"

"ဘာလို့လဲ"

"ကျွန်တော် အသက်သုံးဆယ်မှာ အလုပ်နဲ့ အကိုင်နဲ့ ကောင်မလေးတွေက အထင်တကြီးနဲ့၊ ရွယ်တူတွေက ရင်ခုန်ဖို့ ကောင်းပေမယ့် ကိုယ့်ထက်အသက်ကြီးတော့ အားကိုးဖို့ဆိုတာ တစ်မဲသာတယ်လေဗျာ"

"ဒါဆို မင်းအသက်သုံးဆယ်မှာ ဘယ်နည်းနဲ့မှ ရိုးသားမှာ မဟုတ်ဘူး"

"အခုလည်း ကျွန်တော် မရိုးသားပါဘူး၊ မမက ကျွန်တော် ရိုးသားတယ် ထင်လို့လား"

www.burmeseclassic.com

www.burmeseclassic.com



"အတိုင်းအတာ တစ်ခုထိတော့ ရိုးသားတယ်လို့ ထင်တယ်၊ နှစ်ဆယ်ကျော်ဆိုတာ ဘဝမှာ နေလို့အကောင်းဆုံး၊ ပျော်ဖို့ အကောင်းဆုံး အရွယ်ပဲ"

"မမ အသက် နှစ်ဆယ်လောက်တုန်းကရော"

"အင်း.. မြင်မြင်သမျှ ရင်ခုန်စရာချည်းပဲ၊ အဲဒီတုန်းက ကိုယ့်မှာ ရည်းစားလည်းရှိတယ်၊ ကိုယ့်အိမ်ကတော့ မသိရှာပါဘူး၊ အိမ်ကမသိအောင် ဖုန်းခိုးပြောရတာ ညဘက်ဆို တစ်အိမ်လုံး အိပ်တဲ့အထိ စောင့်ရတယ်၊ အခုလိုမျိုး လက်ကိုင်ဖုန်းတွေလည်း မပေါ်သေးဘူး၊ သိပ်မကိုင်နိုင်ကြသေးဘူး၊ ဒီတော့ အိမ်ဖုန်းနဲ့ပဲ ဆက်ရတာပေါ့၊ ပြီးတော့ ဘာမှ ထွေထွေထူးထူးလည်း မပြော ဖြစ်ဘူး၊ အဲဒီတုန်းက ခေတ်စားတာ သံယောဇဉ်ချာတိတ် ရုပ်ရှင်ကားတို့၊ ချာတိတ်သီချင်းတို့ ကြားဖူးလား"

"မကြားဖူးဘူး"

"အေးပေါ့... ဘယ်ကြားဖူးမလဲ၊ ကိုယ်က အဲဒီသီချင်း တွေနဲ့ အရွယ်ရောက်ခဲ့တာ"

"အဲဒီတုန်းက တီဗွီမှာရော ဘာကားတွေလာလဲ"

"တရုတ်သိုင်းကားတွေ၊ စုံထောက်ကားတွေ တစ်ပတ်မှာ သုံးရက်လောက်ပဲလာတာ၊ ညဆယ်နာရီလောက်မှလာတာ"

"အခုရော တီဗွီမှာ ဘာတွေလာနေလဲ သိလား"

"သိပါတယ်...ည ခုနစ်နာရီနဲ့ ည ကိုးနာရီခွဲရင် channel နှစ်ခုလုံး ကိုရီးယားကား၊ တရုတ်ကားတွေ လာနေတယ်လေ၊

www.burmeseclassic.com

www.burmeseclassic.com



လောင်းကလည်း 24 hours ရုပ်ရှင်တွေလာတယ်လေ၊ အရင် ကျန်းကရော အခုပါ၊ မပြောင်းလဲတာကတော့ ကျောင်းသားဝတ်စုံပဲ၊ အဖြူ အစိမ်းလေ၊ ကိုယ်အရမ်းကြိုက်တဲ့ ဝတ်စုံပေါ့၊ ကိုယ်က ကျောင်းဆရာ ဖြစ်ချင်ခဲ့ဖူးတယ်"

"ဘာလို့ မလုပ်တာလဲ"

"မဖြစ်တာ အမှတ်နည်းတော့ ပညာရေးတက္ကသိုလ်မမီဘူး"

"ကျွန်တော်က ကျောင်းဆရာဆို မကြိုက်ဘူး။ ကျွန်တော်က လေယာဉ်ပိုင်လော့ ဖြစ်ချင်တာ"

"ဘာဖြစ်လို့လဲ"

"လူတွေအားလုံး ကိုယ့်ထက် နိမ့်တယ်လို့ထင်ရတဲ့ ခံစားမှု မျိုးကို ကျွန်တော် ကြိုက်တယ်"

"ထူးဆန်းသားပဲ"

"ကျွန်တော် စိတ်ညစ်ရင် တိုက်ခေါင်မိုးပေါ် တက်ပြီး အောက်ကို ငုံ့ကြည့်တတ်တယ်၊ လူတွေ ကားတွေ အားလုံး ကျွန်တော့်ထက်သေးတယ်၊ ကဲ...ကျွန်တော်က အကြီးဆုံးပေါ့၊ ကျွန်တော့်ကို ဘယ်သူမှမမီဘူး။ ဒါကြောင့်သာ သူတို့ကသေးပြီး ကျွန်တော်က သူတို့ထက်မြင့်တဲ့နေရာ ရောက်နေတာပေါ့"

ကျွန်မ သူပြောသည့်အတိုင်း လုပ်ကြည့်ခဲ့ဖူးသည်။ စိတ်ထဲမှာ တင်းကျပ်တာတွေ၊ အလုပ်က အဆင်မပြေတာတွေ၊ အနည်းနဲ့ အများ သက်သာ လျော့ပါးသွားစေပါသည်။ သူနဲ့ သိခွင့်ရတာ ကျွန်မအတွက် စိတ်ကို relax ဖြစ်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကျွန်မ ရက်ကြောက်စရာမလို။ ထိန်းသိမ်းစရာ စည်းမျဉ်းမရှိ။ ကျွန်မနှင့် သူသည် ယောက်ျား၊ မိန်းမဆိုတာ မေ့ထားလျက် တစ်ဦး အတွေ့အကြုံတစ်ဦး ကူညီဖြေရှင်းပေးတတ်သော သူငယ်ချင်းများလို ရင်းနှီးလာကြသည်။ သေချာတာက သူ့ကို ကျွန်မ ရင်ခုန်စရာ ယောက်ျားတစ်ဦးအဖြစ် မမြင်ခဲ့ဘဲ ချစ်စရာ၊ စကားတတ်ခါစ ကလေးငယ်တစ်ယောက်နှင့် တီတီ တာတာ ပြောဆိုသလို သဘောထားခဲ့သည် ဆိုတာပဲ။

သူ ပေတေတာ၊ ရှုပ်ပွေတာကို ဟာသတစ်ခုလို နားထောင်ပေးနိုင်ခဲ့သည်။ ကျွန်မနဲ့သူ Poseidon ရုပ်ရှင်သွားကြည့်ပြီး အပြန်မှာ ရုပ်ရှင်လာကြည့်သော ခပ်ဆိုးဆိုးကောင်လေးများနှင့် ကားချင်းငြိကာ သူ ဒေါသ,တကြီး ဆဲဆို အော်ဟစ်တာကို ပထမဆုံး မြင်လိုက်ရစဉ်က ကျွန်မ သူ့ကို အထင်သေးသွားခဲ့ရသည်။ ရိုင်းလိုက်တာ... ရိုင်းလိုက်တာ၊ လူတွေက သူ့ကို ဝိုင်းအုံကြည့်နေလျက် ထိုးမယ်၊ ကြိတ်မယ်၊ ဆွဲဟယ်၊ လွဲဟယ်နှင့်။

ကျွန်မ ဒါတွေကြည့်ပြီး ရှက်လွန်းလို့ အဲဒီနေရာမှာတင် အငွေ့ပျံ ကွယ်ပျောက်သွားချင်ခဲ့ပါသည်။

အဲဒီအကြောင်းနှင့်ပတ်သက်ပြီး သူ့ကို ကျွန်မ ဖုန်းအဆက် အသွယ် ထပ်မလုပ်တော့။

သူ့ဘက်ကတော့ ရှင်းပြပါသည်။

"ဒါက လူငယ်ပဲ၊ ဒေါသ ထွက်မှာပဲ"

"ဒါပေမယ့် လူတွေကြားထဲမှာ အော်ကြီးဟစ်ကျယ်နဲ့..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်... ကျွန်တော်က သေွးဆိုးတယ်၊ အရက်သောက်ရင် ပိုတောင် သွေးဆိုးသေးတယ်၊ မည်းမည်းမြင်တာ ရန်သူပဲ၊ ကျွန်တော် ဒါကြောင့် တော်ရုံ အရက်မသောက်ဘူး၊ ကျွန်တော့်ကိုယ် ကျွန်တော် သိလို့"

"သည်းခံလိုက်လည်း ရတာပဲဥစ္စာ"

"မရဘူး...ကျွန်တော့်ကို တစ်စကြောရင် ကျွန်တော်က နှစ်စကြောရမှ၊ ကျွန်တော်ကို လာရင့်တာမျိုး လုံးဝမရဘူး"

"ဒါပေမယ့်...မင်း အဲသလိုပြုမူလိုက်တာ လူကြီးလူကောင်း လုပ်ရပ် မဟုတ်ဘူး"

"လူကြီးလူကောင်း လုပ်ရပ်ဆိုတာ ဘယ်လိုဟာမျိုးလဲ၊ ကျွန်တော့်ကို ရှင်းပြစမ်းပါဦး"

"ဒေါသကို ထိန်းရမှာပေါ့"

"မထိန်းနိုင်ဘူး... အဲဒါ သတ္တိမရှိတဲ့လူတွေ လုပ်တာ"

ကျွန်မ အဲဒီလို စရိုက်ကြမ်းတာကို မုန်းတီးပါသည်။ လူတစ်ယောက်ကို ဒေါသ တကြီး နာကျင်အောင် ရိုက်နှက်ပစ်ဖို့ ခန့်မလေးသည့် လူငယ်လေးတစ်ယောက်မှာ ကျွန်မအပေါ် အမှန် တကယ် လေးစားခင်မင်မှု ရှိနေရဲ့လားဆိုတာ သံသယရှိလာ ပါသည်။ မာန်ကို ထိုအကြောင်းလုံးဝ မပြောပြရဲခဲ့။

မာန်သာသိလျှင် ကျွန်မကို မှိုချိုးမှျစ်ချိုး ပြောလိမ့်မည်။ နဂိုကတည်းက ကျွန်မနဲ့ သူ ဖုန်းပြောတာကို မာန်က နှစ်မြို့တာ မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



"သတ္တိ...မင်းလုပ်ခဲ့တာ သတ္တိရှိတဲ့လူရဲ့ လုပ်ရပ်ပေါ့"

"ဟုတ်တယ်"

"မင်း လူတစ်ယောက်ကို အဲဒီနေရာမှာ သတ်ပစ်လိုက်ရင်လည်း သတ္တိပဲလား...ပြီးမှ ထောင်ထဲသွားပြီး ငါ သတ္တိရှိတယ်ကွလို့ အော်နေပေါ့"

"ကျွန်တော့်ကို ဘာလို့ အဲသလို ပြောရတာလဲ"

"စိတ်ကုန်တယ်"

"ဘာ"

"ဟုတ်တယ်...ရွံဖြစ်တယ်၊ ဆဲဆိုတယ်၊ ဒီအလုပ်လောက် အောက်တန်းကျတဲ့ အလုပ်မရှိဘူး။ ကိုယ့်မိဘ အသိုင်းအဝိုင်းမှာ ဒါမျိုး တစ်ခါမှ မရှိခဲ့ဖူးဘူး၊ ကိုယ်ထင်ထားတာ မင်းဟာ ပညာတတ်တယ်၊ ချမ်းသာတယ်၊ ဒါကြောင့် ဒီလိုအလုပ်မျိုး မင်းလုပ်ရဲမယ်လို့ ထင်ကို မထင်တာ"

"မမ နောင်တ ရနေတာလား"

"ဟုတ်တယ်... မင်းကို အပေါင်းအသင်း လုပ်ဖို့ မကောင်းဘူး။ မင်းအသက်က နှစ်ဆယ်ကျော်ပေမယ့် ဦးနှောက် အရည်အသွေးက မရင့်ကျက်ဘူး"

ထိုစကားကို သူ ဆတ်ဆတ်ခါ နာသွားပါသည်။

ကျွန်မကို နာကြည်းသော မျက်လုံးများဖြင့် စိုက်ကြည့်သည်။ သူ့မျက်လုံးများက နီရဲ စိုလက်လျက်ရှိကာ မျက်နှာက သွေးကြော

www.burmeseclassic.com

www.burmeseclassic.com



ကလေးများပင် စိတ်လှုပ်ရှားမှုကြောင့် တဆတ်ဆတ်တုန်ယင်လျက် ရှိတာကို တွေ့ရလေသည်။

"ခင်ဗျား...ဗျာ... ပြောရက်တယ် ကျွန်တော့်ကို..."

တက်လှေကားထဲတွင် ကျွန်မနဲ့သူ နှစ်ယောက်တည်း ဆုံသည့်အခါ ကျွန်မက သူ့ကို မကြည့်ဘဲ မျက်နှာကို တည်ထားသည်။ သူကတော့ သီချင်းလား။ စကားလားမသိသော သီချင်းကို ဆိုကာ ကျွန်မမျက်နှာကို မသိမသာ မျက်လုံးစောင်း၍ ကြည့်သည်။ ပြီးတော့ ကျွန်မဖုန်းထဲကို မက်ဆေ့ချ်တွေ အများကြီးပို့လေသည်။

မမ စိတ်မဆိုးပါနဲ့တော့၊ ကျွန်တော် တောင်းပန်ပါတယ်၊ မမ စကားပြန်မပြောရင် ကျွန်တော် သေရတော့မယ် စသဖြင့် ကလေးတစ်ယောက် ဆိုးနွဲ့သလိုမျိုးတွေ ပို့လေသည်။

ကျွန်မ အစည်းအဝေး တက်နေရချိန်တွင်လည်း ဖုန်းခေါ် လိုခေါ်၊ အိမ်ဖုန်းကိုလည်း မက်ဆေ့ချ်တွေသွင်း စသဖြင့် ချော့လေ သည်။

"မမ မက်ဆေ့ချ်ရလား"



www.burmeseclassic.com

www.burmeseclassic.com



"ရသားပဲ"

"စိတ်ဆိုး မပြေသေးဘူးလား။ ကျွန်တော့်ကို စကားမပြော တာ တစ်ပတ်နဲ့ ငါးရာနာရီ ကျော်ပြီ၊ တစ်သက်လုံး မပြောတော့ ဘူးလား"

"မင်း အဲဒီလို အောက်တန်းကျတဲ့ အကျင့်ကို ပြင်မှ ဖြစ်လိမ့်မယ်"

"ဟုတ်ကဲ့"

"ကတိကို လွယ်လွယ်မပေးရဘူး"

"ဟုတ်ကဲ့"

"ပြီးမှ ကတိဖျက်တာမျိုးကို ကိုယ် အမုန်းဆုံးပဲ"

ကျွန်မ မျက်နှာကို သူ သေချာကြည့်နေပြီး ခေါင်းကုတ်သည်။

"အဲဒါ ဘာဖြစ်သွားတာလဲ"

"ကျွန်တော် မူကြိုဘဝ ပြန်ရောက်နေသလိုပဲလို့ တွေးမိလို့ပါ ကောင်လေး ဒီမှာအိပ်၊ လျှောက်မဆော့ရဘူး။ ငြိမ်ငြိမ်လေးနေ မနေရင် တုတ်စာမိမယ် ဆိုတာမျိုးနဲ့ သိပ်မကွာဘူး ခင်ဗျ"

ကျွန်မအတွက်တော့ သူက မောင်လေး တစ်ယောက်လို ပါပဲ။ တစ်ခါတလေ ရစ်ကန်ကန် ပေတူးတူးနဲ့ များသောအားဖြင့် လိမ္မာပုံရသည်။

မာန်ကတော့ ကျွန်မကို ကောင်လေးနှင့် ပတ်သက်စေချင်ပုံ မရ၍ နာမည်တောင် ပေးမသိခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ နှစ်ယောက်သည် ရဲရဲကြောင့် စိတ်ဝမ်းကွဲသွားပြီး သူစိမ်းများ ဖြစ်သွားမှာ ကျွန်မ မလိုလားခဲ့ပါ။ ကျွန်မအနေဖြင့် သာယာနေသည်ဟု မာန် လာစွပ်စွဲခဲ့တာကို ပြန်လည် မဖြေရှင်းခဲ့။ ကောင်းပြီ... သာယာတယ်ဆိုရင် ကျွန်မမှာ ဘာများအပြစ်ရှိနိုင်လဲ။ ကျွန်မဘဝထဲ ဆွဲမသွင်းတာသေချာပါတယ်ဟု ကျွန်မက ခေါင်းမာမာ ယုံကြည်လျက်ရှိသည်။

သူနှင့်ကျွန်မ ဖတ်ရှုသော စာအုပ်များ ကွာခြားချက်ကို ကြည့်၍ ကျွန်မနှင့် သူ လက်တွဲလို့မဖြစ်နိုင်ဟု ကျွန်မ ကောက်ချက်ချခဲ့သည်။

သူများ ဗဟုသုတဝေးတာ ပမာပြုရလျှင် တက္ကသိုလ် ဘုန်းနိုင်ကိုတောင် မသိချေ။

သူဖတ်သော စာအုပ်များက ကျွန်မ ဖတ်၍မရသော စာအုပ်မျိုး။ ဖတ်နေရင်းနဲ့ ကောက်ပေါက်ချင်စိတ် ပေါ်လာအောင် မဖြစ်နိုင်တာတွေ၊ စိတ်ကူးယဉ်တာတွေဖြင့် ဖွဲ့စည်းထားသော စာအုပ်မျိုး။ သူကတော့ သူ့ကို စိတ်ဖြေသိမ့်မှုတစ်ခု ပေးနိုင်သည်ဟု သူဆိုသည်။

"ကျွန်တော် အဆင်ပြေတာတွေ၊ ပျော်စရာကောင်းတာတွေ၊ ရယ်စရာကောင်းတာတွေပဲ ဖတ်ချင်တယ်၊ အဲဒါတွေ ဖတ်ရတာ စိတ်ကျေနပ်ပြီး ကျန်ခဲ့တယ်၊ အဲဒါမျိုးကို ကျွန်တော် ကြိုက်တယ်"

"ဖြစ်မှ မဖြစ်နိုင်တာပဲ၊ လူဟာ ထပ်တလဲလဲ ရှင်သန်ဖို့ မဖြစ်နိုင်ဘူး။ ပြည့်စုံကြွယ်ဝတဲ့ လူတွေချည်း လောကကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတာမဟုတ်ဘူး။ အဲဒီလို လူတွေမှာ စိတ်ဝင်စားစရာကောင်း ဇာတ်ကောင် စရိုက်မျိုး ရှိတတ်လို့လား…”

“ဒါဆို မမက ဘာအတွက် စာဖတ်တာလဲ”

“ထွက်ပေါက်အတွက်”

“ထွက်ပေါက်”

“ဟုတ်တယ်… ထွက်ပေါက်ရဖို့… သွေးစုပ်မြေကို ဖတ်ဖူးမယ် မထင်ဘူး။ ဝတ္ထုတစ်အုပ်လုံးဟာ ဆင်းရဲမွဲတေနေတယ် စုတ်ပြတ်နေတယ်၊ မွန်းကျပ်နေတယ်၊ အဆုံးသတ်မှာ မျှော်လင့်ချက် တစ်ခု ပေးထားတယ်၊ အဲဒါ ထွက်ပေါက်ပဲပေါ့၊ ရင်ထဲမှာ နင့်နင့် ကျန်ခဲ့ရတဲ့ ခံစားမှုမျိုးကို ကိုယ်လိုချင်တယ်၊ ဒါကြောင့် ကိုယ် ရုပ်ရှင်ဆိုလည်း ရွေးကြည့်တယ်၊ စာဆိုလည်း ရွေးဖတ်တယ် ဂျူးက ကိုယ့်ရဲ့ခရေစီပဲ”

“ကျွန်တော်ကတော့ သူ့ဝတ္ထုထဲက မိန်းမတွေကို အမြင် ကတ်တယ်”

“ဘာလို့လဲ”

“ယောကျ်ားတွေထက် အကုန်တော်နေလို့… အသိဉာဏ် မြင့်မားနေလို့”

“ကိုယ်က အဲဒါကြောင့် ကြိုက်တာ၊ High Flown တွေ ပြော၊ မိုးကောင်းကင်မှာလွင့်၊ ပြီးတော့ရော ဘာဖြစ်လို့လဲ၊ လူဖြစ်လား ကိုယ်ကိုယ်တိုင်လည်း ကံကြမ္မာဆိုတာကို မယုံဘူး၊ လူဆိုတာ လက်ခံနိုင်လောက်တဲ့ ဆင်းရဲဒုက္ခတွေ ရှိတယ်၊ ပျော်စရာတွေ

www.burmeseclassic.com



ရှိတယ်၊ လူမှာ အလုပ်ရှိတယ်၊ မိသားစုရှိတယ်၊ ခံစားချက်ရှိတယ်၊ လူတစ်ယောက်ချင်းစီရဲ့ ဘဝဟာ ဝတ္ထုတစ်ပုဒ်ပဲ၊ ရုန်းကန်လှုပ်ရှား ရတဲ့ ဘဝတွေက တည်ငြိမ်တဲ့ ဘဝတွေထက် စိတ်ဝင်စားစရာ ကောင်းတယ်၊ တည်ငြိမ်တဲ့ဘဝက ဝတ္ထုတော့ ဝတ္ထုပဲ၊ ဒါပေမယ့် ဝတ္ထုကောင်းတစ်ပုဒ်တော့ ဖြစ်မှာမဟုတ်ဘူး၊ ဥပမာကွာ Poseidon ရုပ်ရှင် ဆိုပါတော့၊ အပျော်စီးသင်္ဘော၊ ချမ်းသာတဲ့ လူတွေ၊ လောင်းကစားဝိုင်းတွေ၊ စတိတ်ရှိုးတွေနဲ့၊ ကောင်းပြီ၊ အဲဒီသင်္ဘောပေါ်မှာ ကောင်လေးနဲ့ ကောင်မလေး ချစ်သွားကြ တယ်၊ ဒါဆိုရင် အဲဒီရုပ်ရှင်ဟာ သာမန်ရုပ်ရှင်ပဲ၊ ဒီဇာတ်လမ်းက သာမန်ပဲ၊ ဒါပေမယ့် ဒါရိုက်တာက အပျော်စီးသင်္ဘောကို ရေလှိုင်း အကြီးစားတစ်ခုနဲ့ ပေးတွေ့လိုက်တယ်၊ သင်္ဘော စောင်းသွားတယ်၊ လူအများစုက လာကယ်မယ့်လူကို မျှော်ကြ တယ်၊ လူနည်းစုက အသက်ရှင်ဖို့ ကိုယ့်ဘာသာကိုယ် ထွက်ပေါက် ရှာတယ်၊ အဲဒီအခါ ဘာဖြစ်လဲ၊ သမီးနဲ့ သားအဖ သံယောဇဉ် တစ်ကိုယ်ကောင်းစိတ်နဲ့၊ ညီညွတ်တဲ့စိတ်၊ နောက်ဆုံး လူခြောက် ယောက် အသက်ရှင်တယ်၊ လူ့ဘဝဆိုတာလည်း ဒီလိုပဲ၊ တစ်ချိန်ချိန်မှာ ကံကြမ္မာ ရေလှိုင်းအကြီးစားနဲ့ တွေ့ရမှာပဲ၊ တစ်ဘဝလုံး ပျက်စီးချင် ပျက်စီးမယ်၊ အဖတ်ဆယ်မရအောင် မြုပ်ချင် မြုပ်မယ်၊ ကိုယ့်တို့ အဲဒီအခါဘာလုပ်ကြမလဲ၊ ထွက်ပေါက် ရှာမှာလား... ခေါင်းငုံ့ ခံမှာလား၊ အေး... အဲဒါဆို ဝတ္ထုအကောင်း စားတွေ၊ ရုပ်ရှင် အကောင်းစားတွေထဲမှာ တွေ့ရတာတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါက် ဆိုတာ အဲဒါပဲ၊ Titanic ကမ္ဘာကျော်တာ အဲဒါကြောင့်ပဲ"

"မမက ခွဲခြမ်း စိတ်ဖြာနေတာပဲ"

"မာန့်ဆီက ရလာတာလေ၊ မာန်က အဲသလိုပဲ၊ နာမည်နဲ့လိုက်အောင် အားမာန်ရှိတယ်၊ ရုန်းကန်တယ်၊ သူ ရှုံးနိမ့်သွားတယ် ဆိုတာ တစ်ခါမှ မရှိခဲ့ဖူးဘူး၊ မအောင်မြင်သေးတာဘဲ ရှိတယ်၊ ကိုယ့်မှာ ခွန်အားရှိတယ်ဆိုရင် အဲဒီခွန်အားက မာန်ရဲ့ တစ်ဝက်စာပဲ ရှိတယ်၊ မာန်က အသိဉာဏ်လည်း မြင့်မားတယ်၊ စာလည်း သိပ်ဖတ်တယ်၊ စူးစမ်း လေ့လာတတ်တယ်၊ မာန့်လို ကိုယ်က တော်ချင်တာ"

"တော်တော်ထူးဆန်းတဲ့ အမျိုးသမီးတွေပဲ၊ ကျွန်တော် တစ်ခါမှမတွေ့ဖူးဘူး၊ မာန်က နည်းနည်း စိတ်မမှန်ဘူး ထင်တယ်နော်"

"မင်းလို လူမျိုးကိုလည်း မာန်က လုံးဝအထင်ကြီးမှာ မဟုတ်ဘူး... သေချာတယ်၊ သူက အသက်ငယ်တဲ့ယောကျာ်း ေတွကို ဘယ်တော့မှစိတ်မဝင်စားဘူး၊ ပေတေလေလွင့် ဆိုးရွား နေရင် အရမ်းနှိမ်တာ၊ မင်းနဲ့ ပေးတွေ့ရင် ကိုယ်ပါ အပြောခံလိုက် ရမယ့် အမျိုး၊ ဟိုတစ်ခါ ရန်ဖြစ်တာများ မာန်တွေ့ရင် ပြောလို့ ဆုံးမှာ မဟုတ်ဘူး"

ကျွန်မ အဲသလိုပြောတော့ သူ့မျက်နှာ စူပုပ် ကျောက်ချိတ် နေကာ...



www.burmeseclassic.com

www.burmeseclassic.com



"ဖေအေးပါ...အေးပါ၊ ကျွန်တော်က ကလေ့ကဝ ကြမ်းပိုးကိုး..."

"အဲဒီလောက်တော့ မဟုတ်သေးပါဘူး"

"ဒါဆိုဘာလဲ"

"အဲဒီလောက် နီးနီးပဲ"

ခုတော့ မာ့န် မရှိတော့ပြီ။ မာန်ကို ကျွန်မ အနားကနေ ကံကြမ္မာက ဖဲ့ထုတ် ခေါ်ငင်သွားခဲ့ပြီ။ ကျွန်မ အခု ဘာအတွက် ဆီဒိုးနားကို သွားနေတာလဲ။ ကျွန်မ စိတ်မပါတဲ့ လက်ထပ်ပွဲ တစ်ခုအတွက် အချိုးမပြေတဲ့ လူတစ်ယောက်ကို တကူးတက သွားတွေ့လို့ ဘာထူးမှာလဲ။ ကားကို တစ်ဖက်လမ်းကြောင်းယူရန် ပြန်ကွေ့လိုက်သည်။ ကျွန်မ အိမ်ပြန်ရောက်ပြီး သိပ်မကြာခင် ကျွန်မထံ ဒက်ဒီ ဖုန်းဆက်သည်။

"သမီး သွားမတွေ့ဘူးဆို"

"ဟုတ်တယ် ဒက်ဒီ၊ မတွေ့ချင်လို့ ရောက်ခါနီးမှ ပြန်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ဖက်သားကို စော်ကားသလို ဖြစ်သွားပြီ ယုလျာ"

"ဒက်ဒီ အဲသလိုထင်ရင် သမီး တောင်းပန်လိုက်ပါ့မယ်၊ အဲဒီလူ ဖုန်းနံပါတ်ပေးပါလား..."

"သမီးကို စည်းနဲ့ ကမ်းနဲ့ ထားတာတောင် ဒီလောက် ခေါင်းမာနေတာ၊ ဘာကြောင့်မှန်း စဉ်းစားလို့ကိုမရပါဘူး၊ ကဲ... သမီးကို မေးမယ်၊ နောက်ထပ်တစ်ယောက် ကျန်သေးတယ် သမီးတွေ့ဖို့ စိတ်ကူးရှိသေးရဲ့လား"

"မရှိဘူး ဒက်ဒီ"

"ဒါဆို သမီးတစ်သက်လုံး လက်မထပ်တော့ဘူးလား"

"ခုထိတော့ အဲသလိုပဲ စဉ်းစားထားတယ် ဒက်ဒီ"

"မဟုတ်တရုတ်တော့ ဘာမှမကြားချင်ဘူး ယုလျာ... ဘာသာမတူတဲ့အပြင် အသက်လည်းငယ်တဲ့ လူမျိုးကို သမီး စိတ်ကူးနေရင်ခတော့ ဒက်ဒီတို့နဲ့ သေခန်းပြတ်မယ်၊ အဲဒါ နားလည်လား"

"ဒက်ဒီ ဘာကို ဆိုလိုတာလဲ"

"သမီးကို တစ်ယောက်တည်း မျက်စိပိတ်၊ နားပိတ် လွှတ်ထားတာ မဟုတ်ဘူးဆိုတာ သမီးသိဖို့ ကောင်းတယ် ယုလျာ...၊ သမီး ဆင်ခြင်ပါ၊ ဒါပဲ ပြောချင်တယ်"

ကျွန်မကို မာန် သတိပေးခဲ့သလို တကယ်ဖြစ်လာလေပြီ။ လူတွေက ကျွန်မနဲ့ ရဲရဲကို လက်ခံနိုင်မှာ မဟုတ်တာ မာန်က ကြိုသတိပေးတုန်းကမှ ကျွန်မက အို... ကင်ပွန်း ဒိုင်ယက်ဖ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ချပ်စတင်ဘားလိတ်တို့တောင် လက်ထပ်မယ် ဆိုတာပဲ၊ သူတို့အကြောင်းကိုတော့ ... အတက်ထပ်လို့ရရင် ငါတို့လည်းရတာပဲဟု ခပ်ပေါ့ပေါ့ ပြန်ဖြေခဲ့သည်။ အန်ကာ ကျွန်မ၏ သတ္တိကြောင်မှုကို နားလည်စွာ ခေါင်းခါနေခဲ့သည်။

"နင် အသက်ငယ်တဲ့ ယောက်ျား တစ်ယောက်ဆီက ဘာရမယ် ထင်လို့လဲ ယုလျှာ"

"အနည်းဆုံးတော့ အချစ်ပေါ့"

"အချစ်...ဟုတ်လား၊ ရယ်ရတယ်၊ အချစ်...၊ နင်ရောဒီပါ အချစ်ကိုယုံလို့လား၊ ငါတို့မယုံတာတွေ အများကြီးရှိနေတယ် ယုလျှာ...၊ ငယ်ရွယ်မှုကို နင် ယုံလို့လား၊ သစ်ရွက်လှုပ်တိုင်း ခုန်တဲ့အရွယ်မှာ အချစ်ဆိုတာ ရှိမရှိ ငါတို့က အစမ်းသပ်ခံခဲ့ဖူးသားတွေပါ၊ နင် အဲဒီကောင်လေး ဆီက အချစ်ကို ဘယ်တော့မှ မရဘူး"

"ဘာလို့လဲ... ကောင်လေးက ငါ့ကို တွယ်တာတယ်၊ အထင်ကြီးတယ်၊ ငါ့ဆီမှာ သူ နှစ်သထက်နှစ်နေတာ ငါ မြင်နေရတယ်၊ တို့ငယ်ငယ်တုန်းကလိုပေါ့၊ တို့တွေက အဲဒီအရွယ်ကို ဖြတ်သန်းလာခဲ့တာလေ"

"ဟုတ်လား...နင့်ဆီမှာ သူ နှစ်နေတာ ဟုတ်လို့လား၊ အဲသလိုမဟုတ်ဘဲ နင်က သူ့ဆီမှာ နစ်နေတာ မဖြစ်နိုင်ဘူးလား၊ ဖြစ်နိုင်တာကိုစဉ်းစားပါ ယုလျှာ၊ ငါတို့ အသက်တွေက စိတ်ကူးယဉ်လို့ကောင်းတဲ့ အသက်မဟုတ်တော့ဘူး၊ ဒီခေတ်မှာ ကောင်မလေးတွေ၊ ကျောင်းသားလေးတွေ တီရှပ် အကျပ်လေးတွေ၊ စတက်

www.burmeseclassic.com



ဆံပင်လေးတွေနဲ့ ပေါ်မှပေါ်၊ အဲဒီထဲက ဘယ်နှစ်ယောက်နဲ့ အဲဒီကောင်လေး ကြိုက်ပြီးပြီလဲ၊ နင် သိလား"

"သိတယ်...သူ့ရည်းစားအကြောင်းတွေ ငါ့ကို ပြောပြတယ်"

"ဟုတ်လား... အဲဒါဆို နင့်အကြောင်းတွေကိုလည်း သူ့ရည်းစားကိုလည်း ပြောပြနိုင်တာပဲ၊ ပြီးတော့ ဟားတိုက်နိုင်တာပဲ၊ ငါတို့ ယောကျ်ားတွေကို ဟားတိုက်သလိုပေါ့"

"တော်စမ်းပါဟာ... ငါ အဲဒါကြောင့် နင့်ကို သူ့နာမည်တောင် ပေးမသိတာ"

"ငါကလည်း မသိချင်ပါဘူး...၊ ဒီလို ရေပေါ်ဆီကောင် တစ်ကောင်မှာ ဘာအနှစ်ရှိမှာလဲ၊ နင့်ပိုက်ဆံအိတ်ထဲက ငွေနိုက်သုံးဖို့ရယ်၊ နင့်ကို ချွဲဖို့ရယ်ကလွဲပြီး ဘာသုံးစားရမှာမို့လို့လဲ"

"ဒါဆို ဘာအတွက် မိန်းမတွေ ချစ်သူ ထားရမှာလဲ"

"အရိပ်အာဝါသ အတွက်လေ၊ ဘယ်လောက်ပဲ ငွေရှာနိုင်တယ် ပြောပြော၊ နားဖို့လိုတဲ့အခါ အမိုကောင်းကောင်းပေးနိုင်တဲ့ အရိပ်အာဝါသ အတွက်လေ၊ နင့်အကောင်က အဲဒီလိုအရိပ်မျိုး ပေးနိုင်လို့လား"

"နင် စကားပြောတာ မရိုင်းနဲ့"

"အေးလေ...ဒီကောင် ဘာအဆင့်ရှိလို့လဲ၊ မိဘ ချမ်းသာလို့ ဘွဲ့တစ်ခုယူပြီး အချိန်တွေ ဖြုန်းနေတဲ့ကောင်၊ ဖတ်တဲ့စာကို ကြည့်မလား၊ နားထောင်တဲ့ သီချင်းကို ကြည့်မလား၊ နေပုံထိုင်ပုံ ကြည့်မလား၊ ခံယူချက်ကို ကြည့်မလား၊ မိန်းမတစ်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်လို့ မမြင်တတ်တာ သေချာနေတယ်...ယုလျှာ၊ နှင်းသာယာတာ ငါ အပြစ် မတင်ဘူး။ ကောင်လေးက ချောတယ်၊ ငယ်တယ်၊ ဒါပေမယ့် ငယ်တာ ချောတာတွေက ဘဝမှာ သုံးစားလို့မရဘူး။ အချိန် တစ်ခုထိ ခံတယ်၊ နှင်း စောင့်လိုက်ပါဦး...”

“ဘာကို စောင့်ရမှာလေ”

“နှင့်ရဲ့ ဖူးစာရှင်လေ၊ နှင်း စောင့်သင့်တယ်...”

“နှင်းကရော”

“ငါက စောင့်ခဲ့ပြီးပြီ၊ ဒီဘဝမှာတော့ မရှိတော့ဘူး”

ကျွန်မ သက်ပြင်း မှုတ်ထုတ်လိုက်သည်။ မာန့်စကားတွေကို ခုထက်ထိ ကြားယောင်နေတုန်းပဲ။ မေ့လို့မရနိုင်။

မာန်က လောလောဆယ် ကျွန်မအနားမှာ အဲဒီကောင်လေးကလွဲ၍ တခြားသူ မရှိမှန်းသိလျက် ဘာကို စောင့်နိုင်းခဲ့တာလဲ။ ကျွန်မ ဆက်မစောင့်ချင်တော့ဘူး။ စောင့်ရတဲ့ အလုပ်က ဘယ်လောက် ပင်ပန်းလှတယ်ဆိုတာ စောင့်ဖူးတဲ့သူမှ သိနိုင်တာမျိုးပါ။ ကျွန်မ မစောင့်ချင်တော့ဘူး။

မာန်...မရှိတော့ ရင်ဖွင့်စရာလူ မရှိတော့။ ဒီလို အထီးကျန် ဘဝမှာ ဘာကို စောင့်နေရဦးမလဲ။ အသက်ကလည်း ကြီးနေပြီ။

မာန်... အရိပ်အာဝါသကို ဘာနဲ့တွက်ချက်ရမလဲ။ ငါ့ကို ဘာလို့ နှင်း သင်မပေးခဲ့တာလဲ၊ သူငယ်ချင်းရယ်။

www.burmeseclassic.com

www.burmeseclassic.com



မာန့်ကို အိပ်မက် ထပ်မက်ပြန်သည်။ မာန့်မျက်နှာက လင်းလက်နေသလို ရှိ၏။ ကျွန်မကို ပြုံး၍ကြည့်ကာ ဖျတ်ခနဲဆို ပျောက်သွားသည်။

အိပ်ရာက နိုးလာချိန်မှာ မာန် အနားမှာများ ရှိနေသလားဟု ကျွန်မ လိုက်ရှာမိပါသည်။ လူတစ်ယောက် သေဆုံးသွားပြီး ကြာလျှင် ထိုသူကို လူတွေက မေ့တတ်ကြသည်ဟု စာထဲမှာ ဖတ်ဖူးပါသည်။

အချိန်မည်မျှကြာချိန်တွင် မေ့တတ်ပါသနည်း။ ခုထက်ထိတော့ ကျွန်မ မမေ့သေးပါ။

လူခေါ် ခေါင်းလောင်းသံ မြည်လာ၍ တံခါးထ,ဖွင့်ပေးတော့ ရဲရဲ...။

"ဒီနေ့ အလုပ်ပြန်တက်မယ် မဟုတ်လား"

"အင်း... ဒါနဲ့ မင်း ဘာလာလုပ်တာလဲ"

"လာခေါ်တာလေ"

"ခုမှ ခုနစ်နာရီပဲ ရှိသေးတယ်"

"ကျွန်တော် သိပါတယ်၊ မနက်စာ တူတူစားရအောင်လေ"

"ကိုယ် အိမ်မှာပဲ ကော်ဖီသောက်တယ်"

"ဒါဆို ကျွန်တော့်ကိုလည်း တိုက်ပါလား..."

"အပြင်မှာ ခဏနေလိုက်ဦး၊ ကိုယ် ရေချိုးလိုက်ဦးမယ်"

"ဟာဗျာ... လူများ မယုံမကြည်နဲ့"

"စကားမများနဲ့... စောင့်ဆို စောင့်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ တံခါးကို အတွင်းမှ သော့ခတ်လိုက်ပြီး ရေချိုး သည်။ ထို့နောက် အင်္ကျီအဝတ်အစားလဲကာ ရုံးသွားဖို့ ပြင်ဆင် သည်။ အားလုံးပြီးတော့မှ ကော်ဖီနှစ်ခွက်ဖျော်ကာ ကိတ်မုန့်လှီး၍ ထမင်းစားပွဲတွင် ပြင်ဆင်ကာ သူ့ကို တံခါးသွားဖွင့်ပေးသည်။

"နာရီဝက်တောင် စောင့်ရတယ်၊ ငယ်ငယ်တုန်းက ကျောင်း မှာ ဒဏ်ပေးခံရသလိုပဲ၊ မမ တော်တော် ရက်စက်တာပဲနော်"

"စကားမများနဲ့... ကော်ဖီသောက်၊ မုန့်စား"

"ကော်ဖီ မသောက်ချင်ဘူး..."

"မသောက်ချင်လို့ မရဘူး၊ ကော်ဖီပဲရှိတယ်၊ မသောက်ရင် ထ်မယ်"

"မသောက်ဘူးဗျာ"

"ဘယ်လို ညည်သည်လဲ၊ အိမ်ရှင်တိုက်တာကို သောက်ကို သောက်ရမယ့်ဝတ္တရား ရှိတယ်လေ၊ မကြိုက်လည်း သောက်ရမှာပဲ၊ သီးနည်းပါးပါး ဟန်ဆောင်ပါဦးလား"

"မသောက်တတ်တာ ဘယ်လို လုပ်ရမလဲ"

"ဒါဆို ဘာသောက်မလဲ"

"ရေ..."

"ရေခဲသေတ္တာထဲမှာ ရေပုလင်း ရှိတယ်၊ ထယူချေ"

ကျွန်မကို မျက်စောင်းတစ်ချက် ထိုးကာ ထယူသည်။

"အိမ်မှာဆို မနက်ပိုင်း ထမင်းကြော်နဲ့၊ နွားနို့နဲ့၊ ကော်ပြန့် ကြော်တို့၊ အုန်းနို့ခေါက်ဆွဲတို့ တစ်ခုခု အမြဲစားရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က တစ်ယောက်တည်း နေတာ၊ ထမင်းဟင်းတောင် ချက်စားချင်ရင် ချက်စားတယ်၊ မစားချင်ရင် မစားဘူး အဆင်ပြေသလိုပဲ နေတယ်၊ အဲဒီလို ဗာကူးတကတွေ လုပ်မပေးနိုင်ဘူး..."

"ယောကျာ်းရရင် အဲဒီလို နေလို့မရဘူး..."

"သိတယ်...သိသားပဲ၊ ဒါကြောင့် မယူတာပေါ့၊ ကရိကထများတယ်"

"မယူတာလား... မရတာလား...သေချာပြောပါဦး"

"မင်းသူများအိမ် စောစောစီးစီးလာပြီး ရန်စ,တာလား"

"မှန်တာပြောတော့ မကြိုက်ဘူးမို့လား"

"စောစောကပြောတော့ ကော်ဖီ ကျွန်တော့်လည်း တိုက်ပါဆိုပြီး အခု ဘာလို့မသောက်တာလဲ"

"ကျွန်တော် မုန့်ဟင်းခါး စားချင်တယ်"

"လမ်းမှာ ဝယ်စားပေါ့"

"မမနဲ့ စားချင်တာ"

"ကိုယ် ကော်ဖီတစ်ခွက်နဲ့ ကိတ်မုန့်နှစ်တုံးဆို Breakfast ပြီးပြီ"

"ထပ်စားပါလား"

"မစားဘူး... ဝ,လိမ့်မယ်"

"ဒီတိုင်းနေလည်း မလှပါဘူး"

"ရဲရဲ..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို မသိနားမလည်သော ကလေးတစ်ယောက် ကျတ်လုံး ပေကာလပ် ပေကာလပ်လုပ်သော မျက်နှာမျိုးဖြင့် သူ ကြည့်သည်။ စိတ်က တဖြည်းဖြည်း တိုလာပြီ။ ပခုံးကနေ ကိုင်ဆွဲ လွှင့်ပစ်ချင်စိတ်လည်း ပေါက်လာပြီ။

"မင်းက ဘာနဲ့တူလဲဆိုရင် အရောဝင် ခေါင်းခေါက်ချင်တဲ့ အမျိုးအစားထဲမှာ ပါတယ်၊ ကိုယ့်ကို အဲဒီလိုအချိုး လာမချိုးနဲ့၊ ကိုယ်သည်းခံမှာ မဟုတ်ဘူး။ ဒီအိမ်ကိုလာတာ မဖိတ်ခေါ်ဘဲ လာတာ၊ ဒါတော့ မင်း အခု ပြန်ချင်ရင် ပြန်လို့ရပြီ"

"ခင်ဗျား သိပ်ရင့်သီးတယ်"

"ဟုတ်တယ်...ကိုယ် ရင့်သီးတယ်၊ အမှန်ဆို မင်းပေါင်း သင့်တာ မင်းလို အရွယ်တွေပဲ၊ သူတို့က မင်းစော်ကားလည်း ပြုံးနေနိုင်တယ်၊ ကိုယ်ကတော့ မပြုံးနေနိုင်ဘူး..."

"ခင်ဗျားလည်း ရူးနေပြီ ထင်တယ်၊ ခင်ဗျား သူငယ်ချင်း ဆိုပဲ၊ တော်ကြာ နလုံးရောဂါ ရနေဦးမယ်"

"နင် ငါ့သူငယ်ချင်းကို ဘာကိစ္စ စကားထဲ ထည့်ပြော တာလဲ၊ မပြောနဲ့... ငါမကြိုက်ဘူး"

"ဟုတ်တယ်လေ...ဘာပဲဖြစ်ဖြစ် ခင်ဗျား ရှင်းရှင်းမတွေး ဘူး လူတစ်ယောက်ကို အဖြောင့်တိုင်း မြင်ကြည့်လို့ မရဘူးလား... အများကြီးမဟုတ်ဘူး... တစ်ခါ နှစ်ခါတည်းပါ၊ ခုတော့ ဒီလို မဟုတ်ဘူး၊ ခင်ဗျားက ခွဲခြားစိတ်ဖြာပြီး ကြည့်တယ်၊ အဲဒီလို ကြည့်လို့ကတော့ ဘယ်တစ်ခုမှ စံမီမှာမဟုတ်ဘူး...၊အကုန်လုံး

www.burmeseclassic.com

www.burmeseclassic.com



ချွတ်ချော် တိမ်းစောင်းပြီး အရည်အသွေး ချို့တဲ့နေမှာချည်းပဲ အခုလည်းကြည့်၊ စိတ်ဆိုးစရာ မဟုတ်တာကို စိတ်ဆိုးတယ် ခင်ဗျားကို ကျွန်တော် နားလည်ချင်တယ် ယုလျှာ၊ ခင်ဗျားက လျှို့ဝှက်သည်းဖို ဝတ္ထုတစ်ပုဒ်လိုပဲ။

ကျွန်တော် လိုက်မမီတော့ဘူး...ဘာကြောင့်မှန်းတော့ မသိတော့ပါဘူး...ခင်ဗျားနားကနေ ထွက်သွားရမယ့် အလုပ်မျိုး မလုပ်ချင်ဘူး...ကျွန်တော် ခင်ဗျားအပေါ်မှာ သံယောဇဉ်တွယ်နေပြီ ထင်တယ်၊ အဲသလိုဖြစ်မှာ ကြောက်လို့ ရှောင်ရင်းနဲ့ပဲ၊ ကျွန်တော် သွားတော့မယ်”

မသောက်ရသေးသော ကော်ဖီခွက်သည် သူ့ကိုယ်စား ကျွန်မရှေ့မှာကျန်ခဲ့သည်။ မျက်နှာငယ်စွာဖြင့် ကျွန်မကို ကြည့်နေ သလို ခံစားရပါသည်။ သံယောဇဉ်တဲ့။ အသက် ရှစ်နှစ်ကျော် ကိုးနှစ်ခန့်ရွယ်သော ကောင်လေးက သံယောဇဉ်ဆိုသော စကား လုံးကို သုံးသွားသည်။

သူ ဘယ်လောက် နားလည်မှာ မို့လို့လဲ။

အချစ်... မေတ္တာတို့ထက် သံယောဇဉ်ဆိုတာ ပို၍ နှောင်တည်းတတ်သည်။ ကျွန်မ သူ့ကို တုပ်နှောင်မထားချင်ပါ။

ကောင်လေးကို ကြည့်ရင်း ကျွန်မ ငယ်စဉ်က ကိုမှုကို မျှော်လင့်ချက်ကြီးစွာဖြင့် အချစ်ကြီးခဲ့ပုံကို သတိပြန်ရသည်။

ကျွန်မရဲ့ ငယ်ရွယ် နုနယ်တဲ့ နှလုံးသားမှာ အချစ်ကို ကြောက်သွားအောင်၊ ရွံ့သွားအောင် ဒဏ်ရာနက်နက် ပေးခဲ့

www.burmeseclassic.com

www.burmeseclassic.com



နူးသော ကိုကို့အား ကျွန်မ သေလောက်အောင် မုန်းတီးခဲ့သည်။

ဟာအကြောင်းပြချက်မှ မရှိဘဲ သစ်စိမ်းချိုး ချိုးသွားခဲ့ဘာမျိုး တစ်ဖက်သူ ဘယ်လောက် သောက ကြေကွဲစွာကျန်ခဲ့ရမလဲဆိုတာ ကိုကို သိသင့်သည်။ ကျွန်မ ရဲရဲအပေါ်တွင် ဤသို့ခံစားရမှာ စိုးပါသည်။

ကျွန်မ အလုပ်ပြန်တက်ပြီး သိပ်မကြာခင် သတင်းတစ်ခုကြားသည်။ ရဲရဲ ကားတိုက်မှုဖြစ်လို့တဲ့။ ကြားကြားချင်း စိတ်ထဲမှာမသိသာပေမယ့် အိမ်ပြန်ရောက်သောအခါ လျှောက်တွေးပြီးထိတ်လာရသည်။

ရဲရဲက ကားဖြင့်တိုက်တာလား... အတိုက်ခံရတာ လား...၊နှစ်ခုလုံးမကောင်း။ ကောင်လေးက စိတ်ဆတ်လှသည်။ သူ့ဖုန်းကိုကျွန်မ ခေါ်သည့်အခါမှာလည်း ဖုန်းပိတ်ထားသည်။

တာဝါတစ်ခုတည်းမှာ ရုံးခန်းများ ရှိတာမို့ သူတို့ရုံးခန်းသွားမေးရ ကောင်းမလားလို့ဟု ကျွန်မ စဉ်းစားနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မသွားဖြစ်။ တစ်ပတ်ခန့် ကြာပြီးနောက် ရဲရဲ ကျွန်မထံ ဖုန်းဆက်သည်။

"မမ ဖုန်းခေါ်ထားလား"

"ဟုတ်တယ်... ကားအက်ဆီးဒင့် ဆိုလို့"

"ဘယ်က ကြားတာလဲ"

"ရုံးမှာ ပြောနေကြတာ"

"ဟုတ်တယ်၊ ကျွန်တော် အတိုက်ခံရတာ၊ ဘာမှတော့ မဖြစ်ဘူး...ခြေထောက်တစ်ဖက် ကျောက်ပတ်တီး ကိုင်ထား ရတယ်၊ ခေါင်းမှာ ငါးချက် ချုပ်ရတယ်၊ လက်မှာ သုံးချက် ချုပ်ရတယ်၊ အခုထိ ဆေးရုံမှာ နေ့နေ့ရတုန်းပဲ"

"အဲဒါ ဘာမှမဖြစ်တာလား"

"သေတာထက်စာရင် တော်သေးတာပေါ့ မမ...ကျွန်တော့်ကို စိတ်ပူနေတာလား...ဟဲ ဟဲ"

"အမှုဖြစ်နေပြီ ထင်တာ"

"ဟုတ်တယ်၊ တစ်ဖက်ကားသမားက မူးနေတာ၊ ကျွန်တော်ကလည်း ကားလမ်းကူးတာ၊ စိတ်ကူးယဉ်ပြီး ကူးနေတာကိုး။ ဘာမှ မစိုးရိမ်ပါနဲ့၊ လာကြည့်ရင် ပန်းသီး ကောင်းကောင်းနဲ့ ဖာလူဒါ ဝယ်ခဲ့ပါဗျာ၊ ကျွန်တော် ဖာလူဒါသောက်ချင်လို့"

သူက ဆေးရုံအဆောင်နှင့် အခန်းနံပါတ် ပြောပြသည်။ လူမှုရေးအရ သွားသင့်တယ်ဟု ဆုံးဖြတ်၍ သူမှာသော ဖာလူဒါ ဝယ်ကာ ပန်းသီးဆယ်လုံးဖြင့် ကျွန်မ လူနာ သွားမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံက ဆင်းသွားပြီဟု သိရသောအခါ တမင် ကျွန်မကို ညာပေးတာမှန်း သိ၍ ဒေါသ ထွက်ရပြန်သည်။

"ဟော့... မင်းကိုယ့်ကို ကစားစရာများ မှတ်နေလား"

ကျွန်မ ဖုန်းကို ဒေါသတကြီး အော်ပြောသဖြင့် အနားမှ လူများက ပြန်လှည့်ကြည့်ကြသည်။ မတတ်နိုင်။ ဒီလောက် မလိမ့်တပတ်လုပ်တာ လွန်လွန်းပြီ။

"ဘာဖြစ်လို့လဲ"

"ကိုယ်က အရူးလား... ပန်းသီးတွေနဲ့ ဖာလူဒါနဲ့ အခု ဆေးရုံရှေ့ကဆက်နေတာ၊ မင်း ဆင်းရမယ်ဆို ကြိုပြောပါလား... ဘယ်လာမလဲ"

"မနေ့ညကမှ ပေးဆင်းလိုက်တာ၊မမ လာမယ်မထင်လို့ ကျွန်တော် ပြန်မဆက်တာပါ၊ ဆောရီးပါဗျာ... အခု ဒဆေးရုံ ရှေ့မှာနေ၊ ကျွန်တော် အခုလာခဲ့ပါ့မယ်၊ စောင့်နေပါ"

"မင်းက ကားမှ မမောင်းနိုင်ဘဲ"

"ဒရိုင်ဘာ ရှိတယ်၊ စောင့်နေပါ မမရယ်...ပြန်မသွားပါနဲ့"

"ပုံထပ်ပြောရင် အသိပဲ"

"ဟုတ်ကဲ့ပါဗျာ... မပြောပါဘူး၊ တကယ်လာခဲ့ပါ့မယ်"

ဆယ်မိနစ်ခန့်မှာ သူ ရောက်လာသည်။ ကျောက်ပတ်တီးကိုင်ထားသော ခြေထောက်တစ်ဖက်က ထောက်မရ၍ ချိုင်းထောက်ဖြင့် လျှောက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမှာလည်း ဆံပင် ကွက်ရိုတ်ထားသည်။ ဒီလောက် ထော့နဲ့ ထော့နဲ့ဖြစ်တာ မျက်နှာက ပိုးမသေ။

"တကယ် လာတယ်နော်၊ ဝမ်းသာလိုက်တာဗျာ"

"ရော့... အဲဒါကွေလာပို့တာ"

"အိမ်လိုက်ခဲ့လေ"

"မလိုက်ပါဘူး... ဘာလို့လိုက်ရမှာလဲ"

"တွေ့ချင်တယ်ဆို"

"အခု တွေ့ရပြီပဲ၊ ပြန်တော့မယ်"

"စကားလေး ဘာလေး မပြောတော့ဘူးလား"

"မပြောတော့ဘူး"

"ညကျ ကျွန်တော် ဖုန်းဆက်လိုက်မယ်"

"ဒါပဲမို့လား... သွားတော့မယ်"

"မမ"

"ဘာတုန်း"

"ကျွန်တော့်ကို မမုန်းဘူးမို့လား..."

သူ့မျက်လုံးများက အဖြေကို စောင့်ဆိုင်းနေသည်။ မမုန်းဘူး မို့လား ဆိုတော့ တစ်မျိုးတော့ တစ်မျိုးပဲ။ ကျွန်မ ဝေခွဲမရပါ။

"အဲဒါတွေ ပြောဖို့ စောသေးတယ် ထင်တယ်"

"ကျွန်တော့် အသက်ကြောင့်လား...ပြောပါ မမ၊ ကျွန်တော့် အသက်ကြောင့်လား... ကျွန်တော် သိပ်ငယ်နေတာ သိပါတယ်၊ ဒါပေမယ့် ကျွန်တော် တဖြည်းဖြည်း ရင့်ကျက်လာမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း အဲဒီအချိန်ထိ စောင့်လိုက်ပေါ့"

"မမအသက်က သုံးဆယ်လေ..."

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့...ကျွန်တော်က ပြဿနာမရှိဘူး... မမက တဖြည်းဖြည်း အဘွားကြီး ဖြစ်လာမှာ"

"ဒါ နောက်စရာကိစ္စ မဟုတ်ဘူး ရဲရဲ"

"ကျွန်တော် နောက်နေတယ် ထင်လို့လား"

"........."

"ပြောလေ၊ ကျွန်တော် နောက်နေတယ် ထင်လို့လား"

"ဒါဟာ ဒီလောက်နဲ့ပဲ ရပ်သင့်တဲ့ ကိစ္စမျိုးပါ"

"ဘာဖြစ်လို့လဲ... ဘာကြောင့်လဲ"

"ကိုယ်တို့မှာ ကွာခြားချက်တွေက အများကြီးလေ"

"ဒါကတော့ ရှိမှာပဲဗျ၊ အဲဒါကို ယိုးမယ် ဖွဲ့လို့တော့ မရဘူး...၊ ကျွန်တော့်အတွက် အဲဒီကွာခြားချက်တွေက အသေးအဖွဲ့ပါ"

"ကိုယ့်အတွက် သိပ်ကြီးကျယ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



မာန်. . .။

ကောင်လေးက တစ်မျိုးပဲလို့ နင် မထင်ဘူးလား. . .ငယ်သေး တော့ မတွေးတတ်တာလား မသိဘူး. . .ကွာခြားချက်တွေကို အသေးအဖွဲ့ပဲတဲ့၊ နင်နဲ့ ငါ့လိုမျိုးတစ်ယောက်ကို တစ်ယောက် နားလည်နိုင်တဲ့ နှလုံးသားမျိုး သူ့ဆီမှာရော ရှိနိုင်သလား. . .၊ ငါ မသိဘူး. . .၊ ငါ သူ့ကို ချစ်တယ်လို့ ပြန်ဖြေချင်တယ်၊ နင် စိတ်ဆိုးမယ်မှန်း ငါ သိပါတယ်ဟာ. . . ဒါပေမယ့် ငါ ရဲရဲကို ချစ်တယ်လို့ ပြန်ဖြေချင်တယ်။

မာန့် အုတ်ဂူလေးက ကျွန်မကို ဘာအကြံဉာဏ်မှ မပေး နိုင်ပါ။ အုတ်ဂူအပေါ်တွင် ကုက္ကိုပင်အကြီးကြီးရှိရာ မာန့်အုတ်ဂူကို နေပြောက်ပင် မထိုး။ မာန်ရဲ့ နောက်ဆုံး နားခိုရာ နေရာလေးက မာန် ဖြစ်ချင်သလို အေးချမ်းပါသည်။ ကျွန်မ မာန့်အုတ်ဂူဆီကနေ ပြန်လာတော့ စိတ်ရွှဲလာတာလား မသိ၊ မာန်သုံးသော ပေါင်ဒါနံ့ကို ရနေသလို ရှိသည်။

ခဏအကြာမှာ ပျောက်သွားသည်။

ကျွန်မ အိမ်ရှေ့ရောက်သောအခါ ရဲရဲကို ချိုင်းထောက်နှင့် ရပ်စောင့်နေတာ မထင်မှတ်ဘဲတွေ့ရပါသည်။ ကျွန်မကို မြင်တော့ ပြုံးပြသည်။

“ဘယ်တုန်းက ရောက်လဲ”

“နာရီဝက် ရှိပြီ”

“ခြေထောက် ညောင်းရောပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်… မမ ဘယ်က ပြန်လာတာလဲ"

"ဒီနေ့ မာန်ဆုံးတာ နှစ်လပြည့်လေ၊ သူ့အုတ်ဂူ သွားရှင်းပေးတာ"

ကျွန်ုပ်မ တံခါးဖွင့်ပြီး အိမ်ထဲဝင်တော့ သူပါ လိုက်ဝင်သည်။ ကြမ်းပြင်နှင့် ချိုင်းထောက် ထိသံက တစ်မျိုးပဲ။ သူ လမ်းလျှောက်ပုံ ကြည့်ရတာ အဆင်မပြေလှ။

"ခြေထောက်က ဘယ်တော့ ဖြေရမလဲ"

"တစ်လ လိုသေးတယ်၊ ဖြေပြီး ဓာတ်မှန် ပြန်ရိုက်ရဦးမယ်၊ အရိုးအနေအထားကြည့်ပြီး ကျောက်ပတ်တီး ပြန်စည်းရမယ်"

"နာလား"

"နာတာပေါ့ဗျ… ကျွန်တော့် ခြေထောက် အရိုး တစ်ချောင်း ကျိုးပြီး နောက်တစ်ချောင်းကို သွားစိုက်နေတာ၊ အရိုးများ ထိအောင်ရှ ဆိုတာလေ၊ ဒူးလုံးသီချင်း ကြားဖူးလား။ အဲဒီအတိုင်းပဲ၊ အရိုးထိတော့ ဆတ်ဆတ်ခါအောင် နာတော့တာပဲ၊ ယောက်ျား တန်မယ့် အော်ငိုနေရတယ်၊ ခေါင်းချုပ်တာက ပြဿနာမရှိဘူး။ ဒီနေ့ ချုပ်ရိုးသွားဖြေလာတာ"

"ဩော်…"

"မမကြည့်ရတာ ပိန်သွားသလိုပဲ"

"ဟုတ်လား"

"ကျွန်တော့်ကြောင့် စိတ်ညစ်နေတာလား"

"မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မညာပါနဲ့… ကျွန်တော် သိပါတယ်၊ ကျွန်တော့်ကို ယုံလည်း မယုံဘူးမို့လား၊ အေးလေ… ဘယ်ယုံပါ့မလဲ၊ ယုံစရာ မရှိဘူးမို့လား၊ လူတွေက ကျွန်တော့်ကိုဆို အထင်ကို မကြီးကြ တာပါ၊ ကျွန်တော်က အထင်ကြီးအောင်လည်း မနေတတ်ခဲ့ဘူး မနေမိခဲ့ဘူး၊ ဒါပေမယ့် ကျွန်တော် နောင်တ မရပါဘူး"

"ဘာတွေ ပြောနေတာလဲ"

"ကျွန်တော့်စိတ်ထဲရှိတာ ပြောနေတာပါ၊ စိတ်ထဲရှိတဲ့ အတိုင်း ပြောရတာ သက်သာသလို ခံစားရတယ်၊ တကယ်လို့ ကျွန်တော့်အမေသာ ကျွန်တော့်ကို ဆယ်နှစ်စောမွေးခဲ့ရင် ဘယ်လို များ ဖြစ်လာမှာလိမ့်"

"မင်း ထမင်းစားပြီးပြီလား…"

"မစားရသေးဘူး"

"မမလည်း မစားရသေးဘူး…၊ တစ်ခါတည်း စားသွား ပါလား…"

"မစားတော့ဘူး…ကျွန်တော် မမကို တွေ့ချင်လို့လာတာ"

"ပြော်…"

"မနက်ဖြန်တွေအတွက် စဉ်းစားရင် ဒီနေ့အတွက်ဆိုတာ မေ့သွားတတ်တယ် မမ၊ ကျွန်တော်တို့က ပစ္စုပ္ပန်မှာ အသက်ရှင် နေတာ၊ အဲဒါတစ်ခုကို မမ ဆုံးဖြတ်တဲ့အခါ ထည့်စဉ်းစားပေးပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်… လုံးဝကို မဖြစ်နိုင်။ ဘယ်လိုစဉ်းစားပါစေ မဖြစ်နိုင်။ ဤသို့သာ အဖြေထွက်သည်။ ကျွန်မ တစ်သက်မှာ ဒီကိစ္စလောက် ရွေးချယ်ရခက်သော ပြဿနာ မရှိခဲ့ဘူးချေ။ ကျွန်မတို့နှစ်ယောက်သည် ချောက်တစ်ခုခြားလျက် ဟိုဘက် ဒီဘက် ကမ်းပါးစွန်းမှာ ရပ်တည်နေရသော လူနှစ်ယောက် သာလျှင်ဖြစ်သည်။ သူကတော့ ရှေ့ကို ရဲရဲဝံ့ဝံ့တိုးခဲ့ပြီ။ ထိုအခါ ကျွန်မက နောက်ကို ဆုတ်ရတော့မည်။ သို့မှသာ တည်မြဲ အကွာအဝေးအတိုင်း ရှိနေမည်ဖြစ်သည်။

ဘာသာ လည်းမတူ၊ အတွေးအခေါ်လည်း မတူ၊ အသက် အရွယ်ချင်းလည်း မတူ၊ ဒီတစ်သက် ဘယ်အရာကိုမှ ညှိယူ၍ ရမှာမဟုတ်။

မွေးကတည်းက သူရော ကျွန်မပါ ဦးနှောက်ထဲတွင် မိဘ များက ထည့်သွင်းထားခဲ့သော ယုံကြည်မှုများ ကိုယ်စီရှိကြသည်။ သူငယ်ချင်းက ပြဿနာမဟုတ်။ မာန်နှင့် ကျွန်မ ထိုအကြောင်းကို ဘယ်တော့မှ မဆွေးနွေးခဲ့ကြချေ။ ကျွန်မတို့က သူငယ်ချင်းကိုး။ တစ်ယောက်ဘဝကို တစ်ယောက် ဖွဲ့ယူစရာ မလိုအပ်ဘူးလေ။ လူနှင့်လူချင်း ပေါင်းဖော်စရာ မလိုအပ်၍ ကျွန်မတို့မှာ ကိုးကွယ် ယုံကြည်မှုကို တွက်ချက်စရာ အကြောင်းမရှိခဲ့။

ကျွန်မသည် မမြင်ရသော မှောင်ထဲမှာ ပိတ်မိနေသလို မွန်းကျပ်လာသည်။ ကျွန်မနှင့် မာန်သည် လူတစ်ယောက်ကို လူတစ်ယောက်အဖြစ်လို့ မြင်အောင် ကြည့်တတ်ခဲ့ကြသည်။

www.burmeseclassic.com



ထိုလူကို ဘာနဲ့မှ တိုင်းတာ တွက်ချက်ခြင်းမရှိဘဲ ကျွန်မတို့ စဉ်းစားသလို တခြားလူများ စဉ်းစားမှာမဟုတ်။ အနီးစပ်ဆုံးဆိုသော် ကျွန်မ မိဘများသည် ဒေါသကြီးမားသူများဖြစ်ပြီး ကျွန်မကို ရက်ရက်စက်စက် စွန့်ပစ်ဖို့ ဝန်မလေးကြ။ ကျွန်မ သိပ်စွန့်စားရာ ကျမလား။ တစ်ဖက်မှာတော့ ရဲရဲကို သံယောဇဉ် တွယ်မိနေပြီ။ ထိုသံယောဇဉ်သည် ဘယ်အရာကိုမဆို ချိုးဖြတ်ဖို့ ခိုင်မာရဲ့လား။ ကျွန်မ မသေချာပါ။

ကောင်လေးက ကျွန်မတွေးသလို မတွေးဘဲ အသက်ကိုသာ အဓိကထား၍ တွေးသည်။ ရုံးတွင် ကျွန်မတို့ နှစ်ယောက် တွဲသွား တွဲလာကို မြင်သူများက ကျွန်မ နောက်ကွယ်တွင် အတင်းပြောတာကို နားနှင့်ဆတ်ဆတ်ကြားခဲ့ရသည့် အခါမှာတော့ ကျွန်မ ဝမ်းနည်းသွားပါသည်။

သူတို့သည် ကျွန်မ၏ အသက်ကို ပြစ်ချက်တစ်ခုလို ပြောကြပြီး ကလေး မုန့်ပေးကြိုက်တယ် ဟူသော စကားကို သုံးနှုန်းကြသည်။ ကောင်လေးအဖေကတော့ ကျွန်မနှင့် ကိုးကွယ်မှု မတူတာကို အဓိကထားပြီး သူ့ကို တားမြစ်သည်။ ကျွန်မတို့ နှစ်ယောက်အတွက် တားမြစ်ချက်တွေ၊ ခလုတ်ကန်သင်းတွေ၊ ကဲ့ရဲ့စကားတွေသာ အဆင်သင့်ရှိခဲ့ပြီး ဘယ်သူကမှ ကျွန်မနဲ့ သူ့ကို လိုက်ဖက်စရာအတွဲဟု မကြိုဆိုခဲ့ကြပါ။

ရက်အနည်းငယ် အတွင်းမှာ ကျွန်မတို့ သတင်းသည် တာဝါတစ်ခုလုံးရှိ ကုမ္ပဏီရုံးခန်းများတွင် လူစိတ်ဝင်စား ခံရဆုံး



www.burmeseclassic.com

www.burmeseclassic.com



သတင်းဖြစ်သွားပြီး ကျွန်မနဲ့သူ တွဲလာလျှင် သိသိသာသာကြီး စပ်စုကြသည်။

"လူတွေဟာ ဒီလောက်စပ်စုမှန်း ကိုယ် အစက,မသိခဲ့ဘူး။ သိလား ရဲရဲ"

"သူတို့ ဘယ်လောက်ထိ ကျွန်တော်တို့ကို စိတ်ဝင်စားမယ် ထင်လဲ မမ"

"ဟင်..."

"အလွန်ဆုံး ခုနစ်ရက်၊ ထားပါ...တစ်လပေါ့ဗျာ၊ လူတွေက အဲဒီလောက် မအားပါဘူး၊ ကိုယ့်အလုပ်နဲ့ ကိုယ်ရှုပ်ပြီး မေ့သွား ကြလိမ့်မယ်"

"ဒါပေမယ့် ကိုယ့်မိဘတွေက ကိုယ့်ကို ဘယ်တော့မှ မေ့မှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

"သူတို့ တစ်သက်လုံး ခွင့်မလွှတ်တဲ့ အလုပ်ကို ကိုယ် လုပ်ခဲ့မိရင်ပေါ့"

"မမ ဘာကို ကြောက်နေတာလဲ၊ လူနှစ်ယောက် ပတ်သက် တာနဲ့ သူတို့ရဲ့ ကိုးကွယ် ယုံကြည်မှုတွေ ရောထွေးစရာ ဘာအကြောင်း ရှိလဲ၊ ကမ္ဘာပေါ်မှာ ဘာသာကွဲတွေ အများကြီး ရှိတယ်၊ အားလုံး လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိတယ်၊ လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိတယ်၊ အိမ်တစ်အိမ်ထဲမှာ ဘုရားစင် နှစ်ခုရှိတော့ ရော ဘယ်သူ့ကို ထိခိုက်မှာလဲ၊ မမစိတ်ထဲမှာ ကျွန်တော့်ကို

www.burmeseclassic.com



လက်ခံမယ်လို့ စဉ်းစားထားရင် စကားတစ်ခွန်းကိုလည်း လက်ခံထားရမယ်၊ peace လေ၊ ငြိမ်းချမ်းရေးပေါ့၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေး မူဝါဒပေါ့၊ ဥပမာ ကျွန်တော်တို့ နိုင်ငံ၊ ဘာသာကွဲတွေ၊ လူမျိုးကွဲတွေ၊ ဒါပေမယ့် တစ်စုတစ်စည်းတည်းပဲ ဒီမြေမှာ နေနေကြတယ်၊ အရေးကြီးတာ ကိုယ်ရွေးချယ်တဲ့ လူနဲ့ ကိုယ့်ယဉ်ကျေးမှုချင်း တူဖို့ပဲလို့ ကျွန်တော် ထင်တယ်"

"မင်း ကိုယ့်ကို ဘာကြောင့် သဘောကျတာလဲ"

သူက စဉ်းစားဟန်ပင် မပြုဘဲ ချက်ချင်းဖြေသည်။

"ဘယ်သူနဲ့မှ မတူလို့"

"ကိုယ်က ချိုပေါက်နေလို့လား"

"မဟုတ်ဘူး... အသိဉာဏ်ရှိလို့၊ ဘယ်လိုပြောရမလဲ၊ တွေးခေါ်တတ်တယ်ဗျာ၊ ကျွန်တော် အဲဒါမျိုးကို ကြိုက်တယ်၊ ဘာလို့လဲဆိုတော့ ကျွန်တော့်အရွယ် မိန်းကလေးတွေမှာ အဲဒီလိုမျိုး မတွေ့ဖူးဘူး၊ သူတို့ မမ,အသက် ရောက်ရင်တော့ တစ်မျိုးဖြစ်ချင် ဖြစ်သွားလိမ့်မယ်၊ တွဲဖို့လောက်ပဲ စဉ်းစား တာနဲ့၊ လက်ထပ်ဖို့ထိ စဉ်းစားတာ မတူနိုင်ဘူးလေ၊ ကျွန်တော့်ဇနီး နေရာမှာ အသိဉာဏ် ရှိပြီး တွေးခေါ် မြော်မြင်တတ်တဲ့ အမျိုးသမီးမျိုးပဲ သဘောကျတယ်၊ အဲဒီလို အမျိုးသမီးနဲ့ဆို အဆင်ပြေမယ်လို့ ယုံတယ်၊ အဓိက ကတော့ ယုံနေတာ ပေါ့ဗျာ"

ကျွန်မ သူ့ကိုကြည့်နေရင်း ကိုကိုက ကျွန်မကို မယုံလို့ပေါ့ ဆိုတာ စဉ်းစား၍ ရသွားပါသည်။ ကျွန်မ အဲဒီအသက်တုန်းက



www.burmeseclassic.com

www.burmeseclassic.com



အခုလိုမျိုး မတွေးခေါ်တတ်တာ သိပ်သေချာပါသည်။ ကျွန်မမှာ ငယ်ရွယ်မှု တစ်ခုပဲရှိခဲ့ပြီး ရင့်ကျက်မှု မရှိခဲ့။ ထို့ကြောင့် ကိုကို ကျွန်မကို သစ်စိမ်းချိုး ချိုးခဲ့ခြင်း ဖြစ်သည်။

"ကိုယ်ကတော့ မင်းကို မယုံဘူး"

"အသက်ငယ်လို့လား"

ကျွန်မ မညာပါ။ ခေါင်းညိတ်ပြလိုက်သည်။

"ဖြစ်သင့်ပါတယ်၊ ကျွန်တော်သာ မိန်းကလေး ဖြစ်မယ်ဆိုလည်း ^ဒီ^အသက်ကို ထည့်ပြီး စဉ်းစားမှာပဲ"

"နေပါဦး… မင်းက ဘာအတွက် စဉ်းစားမှာလဲ"

"လက်ထပ်ဖို့လေ"

"ဟင်…"

"ကျွန်တော်က ရည်းစားလို တွဲဖို့သက်သက်လောက်နဲ့ မမကို ခွင့်တောင်းမယ်လို့ ထင်နေလား…ဟားဟား…ရယ်ရတယ်၊ ကျွန်တော်တို့ နှစ်ယောက် လွန်ခဲ့တဲ့ခြောက်လအတွင်းမှာ တစ်ယောက်ကို တစ်ယောက် လေ့လာနေကြတာလို့ ကျွန်တော်က ထင်ထားတာ…တကယ်တော့ မမက တွဲခဲ့တာကိုး…အသက်ငယ်တဲ့ ယောကျ်ားတစ်ယောက်ကို လက်ထပ်ဖို့အထိ မမ စဉ်းစားခဲ့ပုံ မရပါဘူး"

"ပြီးခဲ့တဲ့ ခြောက်လအတွင်းမှာ ကိုယ်စဉ်းစားခဲ့တာ၊ ပိတ်ရက်ရှိ ဘွဲ့အတွက် ကိုယ်နဲ့မာန် ကျောင်းသွားတက်ဖို့ပဲ၊ ကိုယ်တို့နှစ်ယောက် ပျော်ပျော်ရွှင်ရွှင်နဲ့ ကျောင်းသားဘဝကို ပြန်ဖြတ်သန်းကြမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီလို စိတ်ကူးယဉ်ခဲ့တာ၊ ကိုယ်နဲ့ မာန်က ကျောင်းမတူဘူးလေ။ သူနဲ့ ကျောင်းအတူတူ တက်ချင်တယ်၊ ပျော်စရာကောင်းမှာပဲလို့ ကိုယ်ခဏခဏ တွေးပြီး စိတ်ကူးယဉ်ခဲ့တာ ဒါပေမယ့် ကံကြမ္မာက လက်သီးပုန်း ထိုးတတ်တယ်"

"မာန် မရှိတော့ မမ... မသွားချင်တော့ဘူးလား"

"ကိုယ် တစ်ယောက်တည်း ဘာသွားလုပ်ရမှာလဲ၊ ဒီနိုင်ငံက ကိုယ့်နိုင်ငံပဲ၊ ဒီမှာ အထီးကျန်ပေမယ့် ကိုယ့်မြန်မာ စကား ပြောပြီး မြန်မာတွေနဲ့ နေရတာ၊ သူများနိုင်ငံမှာ အထီးကျန်ရင်၊ ကိုယ်ဘယ်သူနဲ့ စကားပြောရမလဲ၊ အဲဒီကျမှ တကယ် တစ်ယောက် တည်း ဖြစ်နေမှာ၊ ကိုယ် အဲဒီဒဏ်ကို မခံစားနိုင်ဘူး၊ သေလိမ့်မယ်၊ သေသွားလိမ့်မယ်..."

"အခုရော မမက တစ်ယောက်တည်းလို့ ကိုယ့်ကိုယ်ကို ထင်နေတာလား"

"မင်းရှိနေသေးတယ်လေ"

ထိုစကားအတွက် သူ သဘောတကျ ရယ်မောလေသည်။ သူ့မျက်နှာ ဖြူနုနုသည် ရယ်မောလိုက်ခြင်းကြောင့် ပို၍နုပျိုကာ ပို၍နီရဲလာသည်။ ရယ်ပြီးသည့်နောက်...

"ကျွန်တော် ကျေနပ်သွားပြီ" ဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး အဲဒီကောင်းလေးနဲ့ ပတ်သက်ပြီး ဘယ်လိုဆုံးဖြတ်မလဲ"

ကျွန်မ ဒယ်ဒီ့ကို မော့ကြည့်လိုက်သည်။ ဒက်ဒီ့မျက်နှာမှာတော့ ညှာတာမယ့် အရိပ်အယောင် မတွေ့ပါ။ ကျွန်မကို ဟာကွက်ရှာပြီး နှိမ်နင်းတော့မည့် မျက်လုံးများကိုသာ တွေ့ရသည်။ ဒက်ဒီသည် ကိုးကွယ်မှုအပေါ်တွင် အယူသီး၍ ခေါင်းမာသောသူဖြစ်သည်။ ထို့ကြောင့် ကျွန်မကို လုံးဝခွင့်လွှတ်မှာ မဟုတ်ချေ။

"သမီး ဘာမှ မဆုံးဖြတ်ရသေးဘူး"

"သမီး လက်ထပ်မယ့်လူလို့ မဆုံးဖြတ်တာလား"

"မဟုတ်ဘူး ဒက်ဒီ..."

"ဘာကွ"

"သမီး စဉ်းစားနေတာ၊ သမီး သူ့ကို လက်ထပ် လိုက်ရင် ဘာတွေ ဆုံးရှုံးမလဲဆိုတာ စဉ်းစားနေတာ၊ အဲဒီ ဒဏ်ကို ခံနိုင်ပါ့မလားလို့"

"ဒါဆိုရင်တော့ သမီး အခုနေတဲ့ ကွန်ဒိုရော၊ ဖုန်းရော၊ ကားရော အကုန်ပြန်သိမ်းရလိမ့်မယ်၊ ဒက်ဒီတို့နဲ့ သေတဲ့အထိ ပြတ်စဲရလိမ့်မယ်၊ နေပါဦး... ဒီကောင်လေးက အဲဒီလောက် သမီး စွန့်လွှတ်ပြီး လဲယူရလောက်အောင် တန်ဖိုးထိုက်ရဲ့လား..."

"သမီး ချစ်တဲ့လူကို ယူမယ်ဆိုရင် ဒက်ဒီတို့ဆီက ဘာမှ မရဘူးဆိုတာ အစ,ကတည်းက သိသားပြီးသားပါ ဒက်ဒီ..."

"ဒါဆိုလဲ ဘာမို့လို့ မိုက်မဲနေမလဲ သမီးရယ်..."

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို လူတစ်ယောက်လို့ပဲ မြင်ပေးလို့ မရဘူးလား ဒက်ဒီ...သူ့မှာ အလုပ်ရှိတယ်၊ ဘွဲ့တစ်ခု ရပြီးပြီ၊ အစွမ်းအစ ရှိတယ်၊ ရှေ့အလားအလာလည်း ရှိတယ်၊ သမီးအပေါ်မှာလည်း လေးစားတယ်၊ အဲဒီလို မြင်ပေးလို့ မရဘူးလား"

"ဒက်ဒီ မြင်သမျှကတော့ သူနဲ့ သမီး ဘာသာ မတူဘူး အသက် မတူဘူး၊ ကြီးပြင်းလာတဲ့ အသိုင်းအဝိုင်းချင်း မတူဘူး... သူ သမီးကို သူ ပိုင်ဆိုင်ထားတဲ့ အရာတွေစွန့်ပြီး... လက်ထပ် ရဲလား...ဒက်ဒီတော့ မထင်ဘူး..."

"လက်ထပ်ဖို့အတွက် သူရော သမီးပါ ဘာမှမစွန့်လွှတ် ချင်ဘူး ဒက်ဒီ၊ သမီးတို့ တစ်ယောက်ကို တစ်ယောက် အပြည့် အဝ နားလည်ပေးထားနိုင်တယ်၊ သူက ပေ့ါပါးသွက်လက်တဲ့ လူငယ်တစ်ယောက်ပါ၊ သူ့မှာ ဘာဆင်းရဲ ဒုက္ခမှမရှိဘူး...သူက အေးချမ်းတယ် ဒက်ဒီ..."

"သမီး လူတစ်ယောက်ကို ဘယ်လိုစံနဲ့ ရွေးမလဲ၊ အခု သမီးပြောနေတာ အဓိပ္ပါယ်တစ်ခုမှ မရှိဘူး..."

"ဘာစံနဲ့မှ မရွေးဘူး ဒက်ဒီ၊ ဘာလို့လဲဆိုတော့ အရွေးချယ် ခံရတဲ့ ဘဝကို သမီး မကြိုက်လို့ပဲ၊ သမီးနဲ့ အဆင်ပြေမယ့်လူ ထင်ရင် လက်ထပ်မယ်...ဒါပဲ၊ ဒက်ဒီတို့ ရွေးပေးတဲ့ လူတွေ အားလုံး ပြည့်စုံကြပါတယ်၊ ဒါပေမယ့် သမီးနဲ့ အဆင်မပြေ လောက်ဘူး... ဒါကြောင့် သမီး သူ့ကို စဥ်းစားပေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင်ဟာလေ...အမျိုးဖျက်မ...သွားစမ်း... နင့် မျက်နှာ ဒဲ မမြင်ချင်တော့ဘူး... ငါ့ရှေ့က ထွက်သွား..."

ကျွန်မလက်ထဲမှာ ရှိသော အရာအားလုံးကို တစ်မနက် တည်းနှင့် စွန့်ခွာရလိမ့်မည်ဟု မနေ့ကတောင် မတွေး။ ကျွန်မမှာ အလုပ်တစ်ခုကလွဲ၍ ဘာမှမရှိတော့ချေ။ ခုနေ ရဲရဲဆီ ဖုန်းဆက် ချင်တာတောင် အပြင်ဖုန်းနဲ့ ဆက်ရပေမည်။

ကျွန်မအသံကို ဖုန်းနံပါတ် အသစ်တစ်ခုနှင့် ကြား၍ သူ အံ့ဩနေသည်။ အခြေအနေကို အကျဉ်းချုံး၍ ရှင်းပြလိုက်သော အခါ...

"ဒါဆို ကျွန်တော်လည်း အိမ်က ထွက်ခဲ့တော့မယ်..."

ကျွန်မ စောင့်နေသော ဘတ်စ်ကား မှတ်တိုင်ဆီကို အအကြာ သူ ရောက်လာသည်။ ထိုအချိန်ထိ ကျွန်မမှာ အိမ်မက် မက်နေသူလို ထုံအအ ဖြစ်နေဆဲ။ သူဝတ်ထားတာ ရှင်းရုပ်ပြာရောင်၊ ဘောင်းဘီ ကာကီရောင်လို့ ထင်သည်။ ကောင်လေးက ငယ်ငယ်ရွယ်ရွယ်လေးပဲ။ ကျွန်မ လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



တယ် ဆိုတာ သူ့အတွက် စွန့်စားခန်းလို ခဏ ပျော်ရွှင်ရပေမယ့် ကြာလျှင် ပျင်းရိလာမှာလား။

ခုနေ အနားမှာ မာန်ရှိနေလျှင် ကျွန်မကို ရှုံးသွပ်နေတယ်လို့ ပြောမယ် ထင်ပါသည်။ ကောင်လေး ကျွန်မအနားသို့ နီးလာလေလေ ကျွန်မမှာ ရပ်နေသောနေရာမှာပင် အငွေ့ပျံ၍ သေချင်လောက်အောင် စိတ်ပြောင်းလာလေပင်။ အခြားမိန်းမတွေရော လက်ထပ်ခါနီးမှာ ကျွန်မလို စိတ်ကယောက်ကယက်ဖြစ်တတ်ကြသလား မသိ။

သူနဲ့ အဆင်ပြေမယ်မှာ ယုံသော ကျွန်မသည် သူ ကျွန်မလက်တစ်ဖက်ကို ကိုင်လိုက်ချိန်တွင် ယုံမှဖြစ်မည်ဟု သန္နိဋ္ဌာန်ချမိလျက်သား ဖြစ်လေသည်။

မယုံလို့ မဖြစ်တော့ဘူးလေ။

ကျွန်မ တစ်ဖက်ကို ရွေးလိုက်ပြီ။

ကိုယ်ရွေးသောဘက်မှာ ကိုယ်ရပ်တည်မှ ဖြစ်တော့မည်။

"ထမင်း စားပြီးပြီလား"

"ဟင့်အင်း"

"ကျွန်တော်လည်း မစားရသေးဘူး...လာ...သွားစားရအောင်..."

"ဘယ်ကို သွားမှာလဲ"

"မမကို ပြစရာ ရှိလို့ပါ"

သူ ကျွန်မကို ဘတ်စ်ကားဖြင့်ပင် ခေါ်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘတ်စ်ကားကို တခါတလေမှ စီးဖူးသူမို့ ကျွန်မနှင့် ဘတ်စ်ကားသည် အဆင်မပြေ။

ကားရှေ့သို့ ထိုးရိုက်လျှင် ကျွန်မပါ ယိုင်သည်။ လူများက မှတ်တိုင်တစ်ခုရောက်လျှင် မဆင်းဘဲ တက်ကြသည်။ ဒီလောက် လူတွေများတာ ၄ ;တွေ့ဘူးခဲ့။ ဝတ်စားထားတာလည်း နွမ်းနွမ်း ဖတ်ဖတ်တွေ။ မျက်နှာများကလည်း ရွှင်ပျမှု မရှိ။ မျက်လုံးတွေက မှိုင်တွေကာ ဘယ်အရာကိုမှ စိတ်မဝင်စားသော မျက်လုံးမျိုး တွေချည်း ဖြစ်သည်။

အချို့က အကြောင်းအရာ တစ်ခုကို အထူးအဆန်းလို စိတ်ဝင်စားသော အကြည့်မျိုးဖြင့် ကျွန်မနဲ့ ရဲရဲကို ကြည့်ကြသည်။

ရဲရဲက ကျွန်မလက်ကို မလွှတ်တမ်း ကိုင်ထားတာကိုပင် ကျွန်မမှာ အနေကျပ်သလို ဖြစ်လာသည်။

ကားမှတ်တိုင်တစ်ခုမှာ ဆင်းပြီးတော့ လမ်းလျှောက်ရ သေးသည်။ အိမ်ကလေးများ ပြွတ်သိပ်ကာ ဆူညံနေသော ရပ်ကွက်တစ်ခုအတွင်း အတန်ငယ်သွားပြီးသောအခါ တစ်ထပ်အိမ် ညှိုထောင်လေးရှေ့မှာ ရဲရဲက ရပ်၍ အိမ်ရှေ့က အော်ခေါ်သည်။ ကျွန်မနေသော ရပ်ကွက်နဲ့တော့ အားလုံး ခြားနေပေသည်။ ဒီကလူတွေ အသက်ရှူ မကျပ်ဘူးလားမသိ။ လူဦးရေ ထူထပ် သွန်းသည့်အပြင် အိမ်ခြေ စိပ်လွန်းသည်။

"မင်းမင်းရေ...မင်းမင်း"

ခဏအကြာမှာ မိန်းမ ၀၀,ကြီး ထွက်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



"မင်းမင်း မရှိဘူးကွယ့်၊ အလုပ်အင်တာဗျူး သွားတယ်၊ ရဲရဲပါလား၊ အိမ်ထဲဝင်လေ...သား..."

"အန့်တီ တစ်ယောက်တည်းလား၊ အန်ကယ်ရော"

"မင်းအန်ကယ်လ် ဆိုင်ထွက်တယ်လေ... လာ လာ... အထဲဝင်..."

အိမ်တစ်အိမ်လုံး ရှာသည့် ကျွန်မ ကွန်ဒိုလောက် မကျယ်ဝန်းပေ။ သွပ်မိုး ပျဉ်ခင်း၊ ပျဉ်ကာမို့ သပ်ရပ်သည်။ အထဲမှာ ပစ္စည်းများကို သူ့နေရာနှင့်သူ စနစ်တကျ ထား‚ထားသည်။ ခေါင်းရင်းမှာ ဘုရားစင် နှစ်ခု။ ကျွန်မ ရဲရဲမျက်နှာကို ဖျတ်ခနဲ ကြည့်တော့ သူကြည့်တာနှင့် တိုးသည်။

"အန့်တီနဲ့ အန်ကယ်လ်က ဘာသာမတူဘူး။ အန်ကယ်လ်က အန့်တီထက် ဆယ်နှစ်တောင်ကြီးတယ် မမရဲ့၊ မင်းမင်း တစ်ယောက်တည်း မွေးထားတာ၊ မင်းမင်းက ကျွန်တော်နဲ့ ငယ်သူငယ်ချင်းပဲ၊ တက္ကသိုလ်တက်တဲ့အထိ တူတူ..."

"ဪ"

အန့်တီကြီးက ကျွန်တော်တို့ရှေ့က သစ်သားခုံမှာပင် ဝင်ထိုင်ကာ...

"ကိစ္စထူး ရှိတယ်နဲ့တူတယ်"

ဟုဆိုသည်။ ကျွန်မ ဘာမှ ဝင်မပြော။

"အန့်တီ ကျွန်တော် မိန်းမ ခိုးလာတာ"

"ဟင်... သား အိမ်က"

www.burmeseclassic.com

www.burmeseclassic.com



"သဘောမတူဘူး...ကျွန်တော်တို့က အန်တီတို့လိုပဲ၊ ကျွန်တော့် ဘက်ကရော သူ့ဘက်ကပါ ခါးခါးသီးသီးပဲ၊ ဒါပေမယ့် ကျွန်တော်တို့နှစ်ယောက် ရှေ့ဆက် တိုးမယ်လို့ ဆုံးဖြတ်ထားကြတယ်၊ အန်တီ့ဆီလာတာ မမနဲ့ ပေးတွေ့ချင်လို့..."

"မင်း...မှားတယ်လို့ လူတိုင်းက ဝေဖန်ကြမှာပဲကွယ့်၊ အန်တီတို့လည်း ခက်ခက်ခဲခဲ ကျော်ဖြတ်ခဲ့ရတာပဲ၊ အဓိက,က လက်ထပ်တဲ့ လူနှစ်ယောက် အဆင်ပြေရင် ပြီးတာပါပဲ၊ သားမိန်းကလေးက အသက်ကြီးတယ် ထင်တယ်"

"ဟုတ်ကဲ့... ကျွန်မက ကိုးနှစ်လောက် ကြီးမယ်ထင်ပါတယ်"

"အေးပေါ့ကွယ်... ဆုံလာကြပြီဆိုမှဖြင့် လွှဲလို့မရတာ၊ ကံကြမ္မာပဲကိုး၊ ဘယ်တတ်နိုင်ပါ့မလဲ၊ ဒါနဲ့သားတို့ နေဖို့ ထိုင်ဖို့ကိစ္စရော ဘယ်လို စီစဉ်ထားကြလဲ"

"ကျွန်တော့်မှာ အိမ်ခန်း တစ်ခန်းရှိတယ် အန်တီ... ကျွန်တော့်နာမည်နဲ့ အဖေ ဝယ်ပေးထားတာ၊ ပရိဘောဂပစ္စည်းလည်း အစုံရှိတယ်"

"တော်သေးတာပေါ့... အန်တီတို့တုန်းကဆို နေစရာမရှိလို့ တည်းခိုခန်းမှာ တစ်လကျော်လောက် နေရသေးတယ်၊ ပြီးမှ အိမ်ငှားရတာ၊ ဒီလို အိမ်ပိုင်ယာပိုင်နဲ့နေဖို့ ကြိုးစားရတာ အေးမင်း တစ်သက်ပဲကွယ့်၊ သားတို့ အိမ်ထောင်ရေး အဆင်ပြေ ချောမွေ့



www.burmeseclassic.com

www.burmeseclassic.com



ပါစေကွယ်၊ တစ်ခုခု လိုအပ်ရင် အန်တီ့ဆီမှာ အကူအညီ တောင်းပါ… အားမနာကြနဲ့”

ထိုအိမ်က အပြန်လမ်းမှာတော့ သူသည် လေကလေး တချွန်ချွန်နှင့် ကျွန်မလက်ကိုလည်း တင်းကျပ် မြဲမြဲစွာ ဆုပ်ကိုင် ထားသေးသည်။

သူ လေချွန်နေသော scopion အဖွဲ့က သီချင်းတွေထဲက တစ်ပုဒ်ဖြစ်မည်ဟု ကျွန်မ မှန်းဆမိသည်။

“အရမ်းပျော်တာပဲဗျာ… ကျွန်တော့်ဘဝမှာ ဒီလောက် တစ်ခါမှ မပျော်ဖူးဘူး… ကျွန်တော် တကယ် မိန်းမရပြီဗျ… နော်…မမ”

“အို…ဘာတွေ ပြောနေတာလဲ”

“မမ အခု ခိုးရာလိုက်လာတာလေ”

“ကိုယ့်မှာ အဝတ်တစ်ထည် ကိုယ်တစ်ခုပဲ ပါတယ်၊ အိမ်ပြန်ပြီး အင်္ကျီတွေယူဦးမယ်၊ အသုံးအဆောင်ပစ္စည်းတွေလည်း ယူဦးမယ်”

“မယူပါနဲ့တော့၊ ကျွန်တော် အားလုံး ဝယ်ထားတယ်”

“ဟင်…”

“တကယ်ပြောတာ ကျွန်တော် ပစ္စည်းတွေစုတာ ဝါသနာ ပါတယ်ဗျ…”

တစ်နေ့ ကျွန်တော် လက်ထပ်ရင် ဆိုပြီး ဈေးချောင်းပြီး ကတည်းက ဝယ်ထားတာတွေ၊ ဘာမှမလိုဘူး… ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



မမသိအောင် ပြောရဦးမယ်၊ ကျွန်တော် ထမင်း့ဟင်း အကုန်ချက်တတ်တယ် သိလား...''

သူ့ကို အဲသလို စိတ်ကူးယဉ်ကာ စုဆောင်းတတ်လိမ့်မယ်ဟု ကျွန်မ တကယ်မထင်ထားပါ။ သူ့အိမ်ခန်း ရောက်တော့ သူပြောတာတွေ တကယ်ဆိုတာ မျက်ဝါးထင်ထင် မြင်ရလေသည်။ ဗီရိုတစ်လုံးအပြည့် မီန်းမအင်္ကျီတွေနှင့် ထမီတွေ ဘယ်လိုစိတ်ကူးနဲ့ သူ ဝယ်ပါလိမ့်။ မီးဖိုချောင်မှာလည်း ပစ္စည်းပစ္စယ အစုံအလင်။ ဓားကလေးတွေကအစ ဓားစင်နှင့်။ မိုက်ခရိုဝေ့ဖ် မီးဖို။ ဖန်ထည်ပစ္စည်းများ။ ပြတင်း နှစ်ပေါက်၊ ရေခဲသေတ္တာ တစ်လုံး။ အဝတ်လျှော်စက် တစ်စက်။ တိုက်ခန်းက ကြွေပြားကပ်ပြီး ပါကေးခင်းပြီးသား။ ဧည့်ခန်းမှာ တီဗွီတစ်လုံး ရှိသည်။ ကုလားထိုင် အစွပ်မှာ ပန်းနုရောင် အစွပ်များနှင့်။ ဒါကတော့ မကြာခင်ကမှ လာလုပ်ထားတာ ဖြစ်နိုင်သည်။

"အိပ်ခန်းထဲ ဝင်ကြည့်ဦးလေ မမရဲ့"

"မကြည့်ချင်ပါဘူး"

"ကိုယ် အိပ်ရမယ့် နေရာကိုတော့ စိတ်မဝင်စားဘူး"

"ဟာ...' ရဲရဲကလည်း ဘာတွေပြောနေတာလဲ"

"မမ... ရှက်နေတာလား... မသိပါဘူး ကျွန်တော်က ရိုးရိုးသားသား ပြောတာပါ၊ အင်း...အခုတော့ မရိုးသားချင်လာသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာကို ကြောက်လန့်စွာ မော့ကြည့်လိုက်သောအခါ တလက်လက် ဖြာနေသော သူ့မျက်လုံးနှင့် ဆုံမိသည်။

“မကြောက်ပါနဲ့ မမရယ်. . .ကျွန်တော် မမကို တစ်သက်လုံး အနွံတာခံပြီး စောင့်ရှောက်သွားမှာပါ၊ ကျွန်တော်တို့ နှစ်ယောက် လက်ထပ်လိုက်တဲ့အတွက် မမ ဘာမှ မဆုံးရှုံးစေရဘူး။ မစွန့်လွှတ် စေရဘူး. . .တကယ်လို့ စွန့်လွှတ်ရမယ် ဆိုရင်တောင် အဲဒီတန်ဖိုး တွေအတွက် နှစ်ဆပြန်ပြီး ကျွန်တော်ပေးဆပ်သွားမှာပါ။ ကျွန်တော် မမကို ချစ်တယ်”

ကျွန်မ သူ့ရင်ခွင်မှာ မျက်နှာအပ်ပြီး မငိုမိအောင် အတော် ထိန်းသိမ်းထားရပါသည်။ ကျွန်မက မချည်နှောင်သော်လည်း သူကမူ ကတိသစ္စာဖြင့် ကျွန်မကို တုပ်နှောင်လိုက်လေပြီ။

သူ့ကတိများကို လက်ထပ်စာချုပ်မှ ကျမ်းကျိန်စကားလုံး များထက် ကျွန်မ နှစ်ခြိုက်ပါသည်။

ငယ်ရွယ် နုနယ်သော ကောင်လေး တစ်ယောက်ဆီကနေ ကျွန်မ ဒီလောက်ရမယ်မှန်း မသိထားခဲ့။ ကံကြမ္မာက မျက်လှည့် ပြလေတော့သလား မသိပါ။

ဒါပေမယ့်. . . အဆုံးကိုတော့ ကြည့်ရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃ )

"မာန်... ငါ လက်ထပ်လိုက်ပြီ... သိလား၊ ငါ စိတ်မကောင်းတာ တစ်ခုကလေ ငါ လက်ထပ်လိုက်တာ နင်သဘောတူတဲ့ လူနဲ့ မဟုတ်တာကိုပဲ၊ သူနဲ့ ငါ့ကို နင်မှ မဟုတ်ပါဘူး၊ တစ်လောကလုံး သဘော မတူကြတာပါ။ သူ့အသိုင်းအဝိုင်းဘက်က ကြည့်ရင် ငါက ဘာသာကွဲတဲ့ အပြင် အသက်လည်းကြီးတယ်၊ ငါ့ဘက်က ကြည့်ရင်လည်း သူ့ကို သဘောကျစရာ တစ်ခုမှ မတွေ့ကြဘူး။ ဒီလို အခက်အခဲတွေနဲ့ပဲ ငါ လက်ထပ်လိုက်ပါတယ် မာန်၊ ငါ နင့်ကို အသိပေးတာပါ"

မာန်သည် ကျွန်မကို ခေါင်းညိတ်ပြကာ စကားများစွာ ပြန်ပြောသည်။ ကျွန်မကမူ ကျွန်မနဲ့ ရဲရဲ လက်ထပ်၍ မာန် ဆုပူဇော်ဟစ်ကာ ကန့်ကွက်လိမ့်မည်၊ အပြစ်တင်လိမ့်မည်ဟု ထင်ထားတာ။ မာန့်အသံက ချိုအေးလှသည်။ စိတ်ချမ်းသာစရာ



www.burmeseclassic.com

www.burmeseclassic.com



များဖြင့်သာ နေထိုင်ရသော လူလို မာန်သည် အကောင်းဘက်မှသာ မြင်၍ ပြောသွားသည်။

“နင် အခုပျော်နေလား ယုလျာ”

“ငါ...ငါ... ပျော်နေလားဆိုတော့...”

“နင် မဖြေနိုင်ဘူး မို့လား၊ နင်မှ မဟုတ်ပါဘူး။ လူတွေ အားလုံးနီးပါး ကိုယ့်ကိုယ်ကို ပျော်လား မပျော်လား ဆိုတာ ဆန်းစစ်တဲ့ အလေ့အကျင့် မရှိကြဘူး၊ အလုပ်တစ်ခု လုပ်မယ် ဆိုရင်လည်း ပိုက်ဆံတော့ ဘယ်လောက်ရမှဖြစ်မယ်ဆိုတာကိုပဲ စဉ်းစားတယ်၊ အလုပ်မှာ စိတ်ချမ်းသာပါ့မလား၊ ဝါသနာပါပါ့ မလား၊ အန္တရာယ် ရှိပါ့မလား မတွေးဘူး၊ အိမ်ထောင်ပြုရင်လည်း ထွေထွေထူးထူး သိပ်မတွေးဘူး၊ ဒီလိုပဲ ပြုလိုက်ကြတယ်၊ သေခါနီးရင်လည်း ငါ ဒီဘဝမှာ သေပျော်ရဲ့လားဆိုတာ တစ်ချက် တောင် မတွေးနိုင်ဘဲ သေသွားကြရတာပဲ၊ နင်နဲ့ ငါက စိတ် ချမ်းသာဖို့ကိုပဲ အမြဲ တွေးခဲ့ကြတာ၊ ငါ ငွေလိုချင်တာလည်း စိတ်ချမ်းသာချင်လို့ပဲ၊ ဒါပေမယ့် ငါ ပျော်ခဲ့ရဲ့လားဆို တစ်ခါမှ မပျော်ခဲ့ရဖူးဘူး၊ ပျော်လားဆိုတာကို စဉ်းစားချိန်တောင် မရှိလိုက် ဘူး၊ နင်ကတော့ ငါ့လို မဟုတ်ဘူး၊ နင် ပျော်နေတယ် ယုလျာ၊ နင်မထင်ထားဘဲ ရတာတွေအတွက် နင် စိတ်ချမ်းသာနေတယ် ဆိုတာ ငါ သိတယ်”

“ဟုတ်တယ်... သူ့ကို ဒီလောက်ထိ ငါ့အပေါ် ကောင်းလိမ့် မယ်လို့ ထင်ကို မထင်ထားတာ၊ နင် သိလား မာန်၊ သူဟာ

www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ယောက်ကို လက်ထပ်ပြီး စိတ်ချမ်းသာအောင် ထားဖို့ စိတ်ကူးယဉ်တတ်တဲ့ လူမျိုးပဲ၊ ဒါပေမယ့် ငါ လက်ထပ်လိုက်တာ ရုတ်တရက်ကြီးလိုပဲ၊ လက်ထပ်ဖို့ထိ တစ်ခါမှ စိတ်မကူးမိတဲ့ သူ့ကိုမှ ငါ လက်ထပ်လိုက်တယ်၊ အဲ့ဒါဟာ မကောင်းဘူးလား"

"မကောင်းပါဘူး"

"ဘာဖြစ်လို့လဲ"

"လူတွေ တော်တော်များများ ရုတ်တရက် အိမ်ထောင်ကျပါတတ်တယ်၊ အယောက်တစ်ရာမှာ ရာနိုင်နှုန်းနည်းနည်းလောက်ပဲ သေချာစိစဉ်ပြီး လက်ထပ်ကြတယ်၊ တကယ်တမ်း အိုအောင်မင်းအောင် ပေါင်းရတဲ့ အဘိုးကြီး အဘွားကြီးတွေကို မေးကြည့်လိုက်ရင်…

"နင်တို့လို မထင်မှတ်ဘဲ ယူဖြစ်သွားတဲ့ လူတွေ များပါတယ်၊ လက်ထပ်တာပဲ၊ ကုန်ပစ္စည်းတစ်ခု ထုတ်တာမှ မဟုတ်တာ၊ ပစ္စည်းဆိုတာ ကုန်ကြမ်းကတစ်ဆင့် ပုံသွင်း၊ အကြမ်းကိုင်၊ အချောကိုင်၊ အချောသတ် ဖြန့်ချိ၊ ဒီလို အဆင့်ဆင့်သွားကို သွားရတယ်၊ ကျော်သွားလို့ မရဘူး၊ လက်ထပ်တာကျတော့ နှစ်ယောက် အဆင်ပြေမယ်ထင်ရင် ချက်ချင်း ကောက်ယူလိုက်ရတာပဲ"

"ငါ့ကို လူတွေက ဘာပြောဦးမလဲ မသိဘူး"

"စိုးရိမ်မနေပါနဲ့ဟာ… နင့်ကို လူတွေပြောတဲ့အခါ သီချင်း တစ်ခုကို နင့်ခေါင်းထဲ စွဲထားချေ၊ လူဆိုတာ ကိုယ့်မြက်သာ မနာလိုတဲ့၊ မနာလိုလို့ နင့်ကို ပြောကြတာ၊ ဒါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"နင် ငါ့ကို စိတ်ဆိုးမနေဘူးပေါ့နော်"

"မဆိုးပါဘူး... နင် လက်ထပ်ဖြစ်တာကိုပဲ ဝမ်းသာနေတာ... ယုလျာ၊ တို့နှစ်ယောက် အတူတူနေချင်တယ်ဆိုတာ နင် ပြောခဲ့ဖူးတယ်နော်..."

"ဟုတ်တယ်လေ"

"ငါ နင့်ဆီမှာ လာနေမယ်ဆို ရမလား"

"ရတာပေါ့... ဘာလို့မရ ရမှာလဲ"

မာန်က ရယ်လေသည်။ ပြီးတော့ ကျွန်မကို ဖတ်သည်။ ထိုခဏမှာပင် ကျွန်မနားထဲ ခေါ်သံကြားရသဖြင့် လန့်နိုးလာရာ ကျွန်မ မာန်နှင့် စကားပြောနေခြင်းသည် အိပ်မက် မက်နေခြင်းဖြစ်ကြောင်း သိရသည်။

"မမ...ထတော့ မနက်စာ မစားသေးဘူးလား..."

ရဲရဲ သံကြောင့် ကျွန်မ၏ ပစ္စုပ္ပန်ကို ပြန်သတိထားမိသွားသည်။ ကျွန်မ မနိုးခင်ကတည်းက ရဲရဲ ထနှင့်ပြီး နံနက်စာကို အဆင်သင့်လုပ်ထားလေသည်။ ပေါင်မုန့် ကြက်ဥကြော်နှင့် ကျွန်မအတွက် ကော်ဖီ။ သူ့အတွက် ထမင်းကြော်နှင့် ပဲပြုတ်ကြော်။

"နောက်နေ့ မင်း မလုပ်နဲ့တော့၊ မမပဲ လုပ်မယ်၊ ဒါ မိန်းမအလုပ်ပဲ"

"မဟုတ်တာ... မိန်းမပဲ မီးဖိုချောင် ဝင်ရမယ်ဆိုတာ ရှိလို့လား... ကျွန်တော် အားရင် အားသလို လုပ်ပေးမှာပဲ ကျွန်တော် ချစ်လို့ လုပ်ပေးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ရဲရဲ အလုပ်က"

"အဖေက အလုပ်တော့ ဆက်ပေးထားတယ်"

"ဪ... တော်သေးတာပေါ့၊ ကိုယ်လည်း အလုပ်ရှိသေးတယ်၊ နှစ်ယောက်လုံး အလုပ်မရှိရင် ခုချိန်မှာ တစ်က စဖို့ မလွယ်တော့ဘူး..."

"မမ အလုပ်ဆက်မလုပ်ချင်လည်း ရတယ်၊ ကျွန်တော်ပဲ ရှာကျွေးမယ်"

"ငါးစိလ ရှစ်သိန်းတောင် ရတာ၊ ကိုယ့်လုပ်သက်နဲ့ ခံစားခွင့်က မနည်းဘူး... ဘာလို့ မလုပ်ချင်ရမှာလဲ၊ လုပ်ရမှာပေါ့ အလုပ်မရှိဘဲ ဘယ်လိုနေရမှာလဲ"

"အိမ်အလုပ် လုပ်ပေါ့"

"ဒါဆို ရဲရဲနဲ့ကိုယ် ဆွေးနွေးဖို့ လိုလာပြီ"

"ဘာကို ဆွေးနွေးမှာလဲ"

"ကိုယ် မီးဖိုချောင်ထဲမှာတင် မနေနိုင်ဘူး ရဲရဲ... အဲဒီလို ဘဝမျိုးကို ကိုယ်ဘယ်တော့ကမှ မလိုချင်ခဲ့ဘူး၊ ယောကျ်ား ပေးတာယူ၊ ကျွေးတာစားပြီ ကလေးပဲ ထိုင်မွေးရတဲ့ ဘဝမျိုးက လူဖြစ်ရှုံးတဲ့ဘဝမျိုးပဲ၊ မိန်းမတွေ လူဖြစ်ရှုံးတဲ့ဘဝမျိုးက ခုခေတ်မှာ လက်မခံကြတော့ဘူး... ဒီတော့ ကိုယ်အလုပ်လည်း လုပ်မယ်၊ မိခင်လည်း လုပ်မယ်"

ဒီတော့မှ သူက ရယ်မောကာ...

"ကျွန်တော် ထင်သားပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြန်ချော့ရှာသည်။ ဒီနေ့သည် ကျွန်မတို့၏ ပထမဆုံး အိမ်ထောင်ဦးနေ့ ဖြစ်သည်။

သို့သော် နှစ်ယောက်လုံး ရှိုးတိုး ရှန့်တန့် ဖြစ်မနေဘဲ တစ်ပတ်စာ အချိန်ဇယားကို ဆွဲကြသည်။ အိမ်သာဆေးရန်၊ အဝတ်လျှော်ရန်၊ အိမ်သိမ်းရန်။ ထမင်း၊ ဟင်းချက်ရန် တစ်ပတ်မှာ ခုနစ်ရက်ရှိရာ သူက တာဝန် လေးရက် ယူမယ်ဟု ဆိုသည်။ ကျွန်မကတော့ နှစ်ယောက်လုံး မျှမျှတတဖြစ်အောင် တစ်လမှာ လေးရက် နှစ်ပတ်စီ သုံးရက် နှစ်ပတ်စီ ခွဲတမ်းချလေသည်။

"ကိုယ်တို့ အိမ်ထောင်ရေးမှာ တစ်ယောက်ယောက်ဘက်က ပိုတာမျိုး လိုတာမျိုး မရှိစေရဘူး။ နို့မို့ တစ်ဖက်ကပိုတာ လိုတာတွေက အချိန်ကြာလာရင် အပြစ်တွေဖြစ်ပြီး ပေါက်ကွဲထွက်ကုန်ကြလိမ့်မယ်၊ အသက် ငယ်တယ်ဆိုပြီး ရဲရဲကို ကိုယ် လျှော့ပေးမယ် မထင်နဲ့နော်"

"ကျွန်တော်က အိမ်ထောင်ဦးစီးပါဗျ"

"နာမည်ခံပဲ ဖြစ်နေဦးမယ်"

"မမကလည်းဗျာ အထင်သေးတတ်လိုက်တာ"

"ဟုတ်တယ်… မိန်းမယူလိုက်တာနဲ့ အိမ်ထောင်ဦးစီး နေရာ ရောက်သွားတာ မှန်တယ်၊ ဒါပေမယ့် အိမ်ထောင်ဦးစီး တာဝန်ကို မင်းယူတတ်မှ ဖြစ်မှာပေါ့။ တာဝန်မကျေဘဲ နာမည်ခံရုံနဲ့တော့ မမက လေးစားမယ်မထင်နဲ့၊ ကိုယ့် မင်းအတွက်အများကြီး စွန့်စားပြီးသွားပြီ၊ စွန့်စားရကျိုးနပ်အောင် နေပိုမ်စဉ်းစား"

www.burmeseclassic.com



"မမ ကျွန်တော့်ကို ချစ်လို့လက်ထပ်ခဲ့တာ ဟုတ်ရဲ့လား"

"ဘာဖြစ်လို့ အဲသလို မေးရတာလဲ"

"ကျွန်တော်နဲ့မမ စိမ်းနေသလိုပဲ၊ ဟုတ်တယ်... မမ ပြောတဲ့ စကားလုံးတွေကအစ နူးညံ့မှုမပါဘဲ မာနေတယ်၊ ကျွန်တော်က ကျွန်တော့် အိမ်ထောင်ရေးကို နွေးနွေး ထွေးထွေးနဲ့ ချစ်ခင်တဲ့ အိမ်ထောင်ရေးမျိုးပဲဖြစ်ချင်တာ၊ ကျွန်တော့်ကို စည်းကမ်းတွေ၊ အာဏာတွေ၊ အမိန့်တွေ၊ ဘောင်တွေနဲ့ အကျဉ်းချတာမျိုး မလိုချင်ဘူး၊ မမကိုလည်း ကျွန်တော် အကျဉ်းချထားမှာ မဟုတ်ဘူး။ အခုဆို ကျွန်တော် ပြောချင်တာ ဒီလိုစကားတွေ မဟုတ်ဘူး။ မမဆီက မောင်ပဲ ဖြစ်ဖြစ် ရဲရဲပဲဖြစ်ဖြစ် နူးနူးညံ့ညံ့နဲ့ ခေါ်သံကို ကြားချင်တာ၊ စိတ်ကူးယဉ်တယ်ပဲ ပြောပြော ကျွန်တော် ခုနေခါမှာ ရင်မောမယ့် စကားတွေမကြားချင်ဘူး။ အဲဒါ ကျွန်တော်မှားလား။ မမထက်ငယ်တယ်ဆိုပြီး ကျွန်တော် အနိုင်ယူမယ့်ကောင် မဟုတ်ပေမယ့် ကျွန်တော် ချွဲချင်တယ်၊ နွဲ့ချင်တယ်၊ ဒါ...အမှားလား။ မမဆီက မောင် မခိုးနဲ့နော်ဆိုရင် အားလုံးပြီးသွားမယ့် ကျွန်တော့် လိုကောင်ကို မမ ပြောနေတာတွေက နားထဲမှာ ကြပ်နေတယ်၊ ကျွန်တော် မကြားချင်ဘူး"

ကျွန်မ ကော်ဖီ ပန်းကန်ကို ကိုင်ထားလျက်ကနေ သူ့ကို တအံ့တဩ ကြည့်မိကာ အရွယ် ကွာခြားမှုနှင့် ရင့်ကျက်မှုဟာ သူနဲ့ ကိုယ့်ကြား တော်တော်လိုသေးတာပဲဟု မှတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက လက်တွေ့ကျကျနစွာ ကျွန်မတို့အတွက် အချိန်ဖယားကို ဆွဲချိန်မှာ သူက ကလေးလို ချွဲနွဲ့ချင်သူ ဖြစ်နေသတဲ့။

ကျွန်မ ဘာမှားသွားလို့လဲ။ အဲဒါကို အပြေးအလွှား စဉ်းစားရသေးသည်။

ကျွန်မ သူ့ကို မချစ်ဘဲနဲ့ လက်ထပ်မတဲ့လား။ လက်ထပ်တာကသာ ရုတ်တရက်ဖြစ်သွားခဲ့တာ။ ကျွန်မစိတ်ထဲမှာ သူသည် ကျွန်မနှင့် ကွဲပြားခြားနားသော အသွင်တစ်မျိုးဖြင့် ထူးခြားစွာ အမြစ်တွယ်နေတာ ကျွန်မ ဘာသာပဲ သိသည်။ ကောင်လေးက ငယ်ငယ်နုနုကလေး။ စကားကလည်း တတ်သေးသည်။ ကျွန်မကိုလည်း ချစ်ရှာသည်။ ဒါဆို ကျွန်မက သူ့ကို ဘာအတွက် လက်ထပ်ခဲ့တာဟု သူ ထင်နေပါသလဲ။

"မမသိလား... မမဟာ မမ အချစ်ဟောင်းကြီး အကြောင်းကို တဖွဲ့တနွဲ့ ပြောလိုက်တိုင်း ကျွန်တော့်ရင်ထဲမှာ ကလီစာတွေကို တစ်စစီဆွဲထုတ်သလို ဘယ်လောက် နာနာကျင်ကျင် ခံစားရတယ် မှတ်သလဲ၊ ကျွန်တော်ခံစားရတာ ငရဲလိုပဲ"

"မင်း ဘာတွေ ပြောနေတာလဲ၊ ဒါတွေကို ပြောနေ... မင်းနဲ့ ကိုယ်ကြားမှာ ဘာထူးလာမှာလဲ၊ ကိုယ်တော့ ဘာမှထူး... ထင်ဘူး"

"သိထားသင့်လို့ပါ၊ ဘာလို့လဲဆိုတော့ ကျွန်တော်... နှစ်ယောက် အခု ဘဝတစ်ခု စ,လိုက်ပြီလေ၊ မမအပေါ်... ကျွန်တော်ထားတဲ့ သဘောထားက နက်ရှိုင်းတယ်၊ မပေါ့...

www.burmeseclassic.com

www.burmeseclassic.com



မန္တပတ်သက်ရင် ဘာကိုမှ အသေးအဖွဲလို့ မယတ်မှတ်ဘူး၊ အဲဒီသဘောကို မမ သိသင့်တယ် ထင်လို့ပါ၊ မမ ပြောသလို တစ်ဖက်ဖက်က အပိုအလို ရှိနေမယ်ဆိုရင် ကျွန်တော့်မေတ္တာကတော့ မမ ထားနိုင်တာထက် ပိုမယ်ဆိုတာ ခုကတည်းက မမ သိသင့်တယ်၊ ကျွန်တော်ပြောတာ နည်းနည်းများသွားပြီ ထင်တယ်၊ အလုပ်သွားဖို့ ရေချိုးတော့လေ၊ ကျွန်တော် ထမင်းချိုင့်တွေ ပြင်လိုက်ဦးမယ်"

"မင်းကရော..."

"ကျွန်တော် ဒီနေ့ သန်လျင်ဘက်သွားပြီး အရောင်းဆိုင်ခွဲ တစ်ခုက စာရင်းတွေ သွားယူရမှာ၊ နည်းနည်း နောက်ကျမှ သွားလို့ရတယ်၊ မမအလုပ်က ကိုးနာရီထက်နောက်ကျလို့ မရတာ ကျွန်တော် သိတယ်၊ ကဲ... ကဲ...ရေချိုးတော့..."

***

ခုံးရောက်သည်နှင့် ရင်ဆိုင်ရသော မျက်နှာများက ကျွန်မကို နည်းချလိုသော၊ ကဲ့ရဲ့လိုသော၊ စပ်စုလိုသော မျက်လုံးများ ကိုယ်စီနှင့်ဖြစ်သည်။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီလူတွေနှင့် ကျွန်မ အလုပ် လုပ်ခဲ့တာ နှစ်မနည်းတော့ပါ။ သို့ပါလျက် ဘာကြောင့် ကျွန်မ အပေါ်တွင် သူတို့ထားသော သဘောထားက မနွေးထွေးဘဲ အေးစက်နေရပါသလဲ။

သူ့ ငွေးတူမဗိုလ်စာများသော အတွင်းရေးမှူး နေရာအား ရထား၍ပဲ မတန်မရာဟု စွပ်စွဲလိုကြတာလား။ ကျွန်မ အပေါ်တွင် စာနာ နားလည်သော အသိစိတ် တစ်ချက်တောင် ထိုမျက်လုံးများစွာတွင် လင်းလက်ခြင်းမရှိခဲ့ကြပါ။

ကျွန်မတို့ဌာနခွဲမှ မန်နေဂျာအမျိုးသမီး၏ ညီမဖြစ်သူ ဆီဒိုးနားမှာ မင်္ဂလာဆောင်မည့် ဖိတ်စာကို တစ်ဌာနလုံး လိုက်ဝေစဉ်မှာ ထိုမိန်းမသည် ကျွန်မကိုပေးသကဲ့သို့ ပြုံးမဲ့မဲ့ဖြင့် တိုက်ခိုက်ခဲ့ပါသလား။

"တို့ညီမ Wedding လေ၊ မိန်းကလေးဆိုတာ တစ်သက်မှာ တစ်မင်္ဂလာပဲ ရှိတာ၊ ခမ်းခမ်းနားနားလုပ်ကို လုပ်မှဖြစ်မှာ၊ ဘယ့်နယ် ယောကျ်ားယူတာ ကန့်စွန်းရွက် ဝယ်သလို လက်ထဲရောက် ပြီးရော မဖြစ်သင့်ဘူးလေ၊ လူသိထင်ရှား ဖြစ်ရမှာပေါ့ နို့မို့ single မှန်းမသိ၊ married မှန်းမသိနဲ့... မယုလျှာ ဆက်ဆက်လာခဲ့ဦးနော်"

ကျွန်မစိတ်ကို ခက်ခက်ခဲခဲ ထိန်းချုပ်လိုက်ရပါသည်။ ကျွန်မအား ကန့်စွန်းရွက်ဝယ်သလို လင်ယူသူဟု တည့်တည့် ပုတ်ခတ်သွားတာကို သိနေလျက် သည်းခံ ထိန်းချုပ်လိုက်ရတာ ထင်သလောက် မလွယ်ကူပါ။ ကျွန်မ လက်ထပ်ခြင်းသည် ဤသို့ အစော်ကားခံရန်အတွက် မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"လူတွေဟာ ဘယ်လိုတွေလဲမသိဘူး မာန်ရယ်။ ကလေး မွေးပေးယူတယ်လို့ ပြောလိုပြော၊ reception မလုပ်တော့လည်း စကားနဲ့ ခနဲ့လိုခနဲ့၊ ငါ့ကို သူတို့ တိုက်စရာ ခလုတ်တစ်ခုလို မှတ်နေကြတယ်၊ ငါ ဘယ်လိုလုပ် မင်္ဂလာဆောင် လုပ်နိုင်မှာလဲ၊ ငါ့မှာ အခက်အခဲတွေချည်းပဲ၊ နှစ်ဖက်မိဘက သဘောမတူလို့ နှင်ချထားတဲ့ တို့နှစ်ယောက်လုံး မင်္ဂလာဆောင်တော့ ဘယ်လို မျက်နှာနဲ့ နေရမှာလဲ။ လာမယ့်လူတွေအားလုံး ငါတို့ကို ကဲ့ရဲ့မယ် ဆိုတာ သိနေလျက်နဲ့ ငါက မျက်နှာပြောင်တိုက် ဆောင်ရဦး မှာလား။ မဆောင်တော့ရော ဘာဖြစ်မှာလဲ၊ ငါတို့ တရားရုံးမှာ အသိသက်သေနဲ့ သွားလက်မှတ်ထိုးခဲ့ပြီးပြီ၊ ဒါ မလုံလောက် ဘူးလား။ ကန့်စွန်း ရွက်လို လင်ယူရအောင် ငါက လမ်းဘေးက တွေ့ရာယူ ကောက်ခွဲယူလာတာမဟုတ်ဘဲနဲ့ မာန်ရယ်၊ သူတို့မှာ ကိုယ်ကျင့်တရား ဆိုတာ ရှိရောရှိရဲ့လား မသိဘူး။ ကိုယ့် စကားကြောင့် တစ်ဖက်လူ ဘယ်လောက် ခံစားသွားရမယ်မှန်း သူတို့ နည်းနည်းကလေးတောင် မတွေးကြဘူးကွယ်"

ကျွန်မ မာန့်ကို စိတ်ထဲမှသာ တိုင်တည်မိတော့သည်။

လူတွေရဲ့ ပါးစပ်မှာသာ ဓားတစ်စင်း တပ်ထားမယ်ဆိုရင် တစ္ဆာလူဦးရေဟာ ရှိရင်းစွဲထက် အများကြီးနည်းပါး နေမှာပဲ ဟုလည်း တွေးမိသည်။

လက်နက်နဲ့ တိုက်ခိုက်မှ လူဆိုတာ ဒဏ်ရာ ရတတ်တာမျိုး မဟုတ်ဘူးလေ။ စကားလုံးတွေနဲ့ တိုက်ခိုက်ရင်လည်း နာကျင် ကြေကွဲတတ်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျွန်မ ရဲရဲကို လက်ထပ်လိုက်သည့်အတွက် ခုထက်ထိ နောင်တ မရပါ။ နောက် ဘယ်တော့မှလည်း ရမည် မဟုတ်။

ကျွန်မ လက်ထပ်လိုက်သော လင်ယောကျ်ား၏ တန်ဖိုးကို ဖိတ်စာချင်းယှဉ်၍ ပြိုင်ရသော တန်ဖိုးမျိုး မဟုတ်ဟု ကျွန်မ ယုံကြည်ပါသည်။

မိန်းမ တစ်ယောက်အပေါ်တွင် သူထားသော သဘောထားမျိုးသည် ကျွန်မငယ်စဉ်က အထင်တကြီး ချစ်ခဲ့သော ကိုကို့ထံတွင်တောင် မတွေ့ရခဲ့ချေ။

ချစ်တယ် ဆိုတာမျိုးဟာ နှုတ်က ထပ်တလဲလဲ ပြောဆိုနေရုံနဲ့မပြီးဘဲ လက်တွေ့ကိုသာ မှတ်ကျောက် တင်ရတာမျိုး ဖြစ်လေသည်။

ရုတ်တရက် ကျွန်မ ဖုန်းက မြည်လာသည့်အတွက် ဖုန်းနံပါတ်ကို ကြည့်လိုက်သည့်အခါ ဒက်ဒီဆီက ဖြစ်နေသည်။

"ယုလျာ... နင့်ပစ္စည်းတွေ လာမသယ်သေးဘူးလား"

"ဒက်ဒီ အခု..."

"ငါ့ကို အဲသလိုမခေါ်နဲ့၊ ငါ့ကို နင် အဲသလို ခေါ်လိုက်ရင် ရင်ထုမနာ ခံစားရတယ်၊ နင့်ပစ္စည်းတွေ သုံးရက်အတွင်း လာသယ်ချေ၊ မယူရင် ငါ့အဆိုး မဆိုနဲ့၊ ငါဝယ်ပေးထားတဲ့ အိမ်မှာ နင်နဲ့ ပတ်သက်တာတွေ ဘာတစ်ခုမှ မမြင်ချင်ဘူး ဒါပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဖုန်းကို ပိတ်လိုက်ပြီးနောက် စားပွဲပေါ်သို့ မျက်နှာအပ်ကာ အသက်ကို ခပ်ပြင်းပြင်း ရှူသွင်း၍ ရှူထုတ်လိုက်သည်။ အိမ်ကိုသာ အရမ်းပြန်ချင်နေကာ ခုနေ ရဲရဲကို မြင်လိုက်ရရင် စိတ်သက်သာမှာပဲဟု တွေးမိသည်။ အဲဒီခံစားချက်ဟာ အားကိုးတာ ဖြစ်မှာပဲ။ ကျွန်မ စိတ်ခံစားချက်က သူ့ကို သွားထိမှန်သည်ထင်ပါ၏။ ကျွန်မဆီ သူ ဖုန်းလှမ်းဆက်ကာ...

"တစ်ခုခု ဖြစ်နေတယ် ထင်လို့"

"ဒက်ဒီကလေ...ကိုယ့်ပစ္စည်းတွေ တစ်ခုမှမမြင်ချင်ဘူးတဲ့"

"အဲဒီတော့..."

"သုံးရက်အတွင်း လာယူတဲ့"

"မောင် သွားယူပေးမှာပေါ့။ အဲဒါကို စိတ်ဂကောင်းဖြစ်နေတာလား"

"........"

"နောက်ထပ်ရော ပြောစရာ ရှိသေးလား"

"အင်း... ဒါပေမယ့် အိမ်ရောက်မှပဲ ပြောတော့မယ်"

"စိတ်ညစ်နေတယ် မို့လား။ ဒါတွေ ခဏပါလို့ စိတ်ထဲမှာထားလိုက်ပါဗျာ၊ ပြီးတော့လည်း ပြီးသွားမှာပဲ၊ သက္ကရာဇ် ၂၀၉၀ ဆိုရင် ရဲရဲ ဆိုတဲ့ကောင်လည်း ဒီကမ္ဘာကြီးမှာ မရှိတော့ပါဘူး။ အသက် ရှင်ချိန်ကလေးက သိပ်တိုတယ်၊ ကဲ... မောင့်အချစ်လေး။ မှားလို့ အချစ်ကြီး။ စိတ်မညစ်နဲ့ တော့နော်၊ မောင်တို့ ညကျမှတွေ့မယ်၊ ထမင်းအိုး ပြန်နွှေးလိုက်ဦးနော် မမ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မစိတ်ထဲမှာ တင်းကျပ်နေတာတွေ ထက်ဝက်မက လျော့ပါးသွားသည်။ သူပြောတာ ဟုတ်သားပဲ။ အသက်ရှင်ချိန်ကလေးက သိပ်တိုတယ် ဆိုတာလေ။ ကျွန်မတို့ လူ့သက်တမ်းက ခြောက်ဆယ်ဆို ကျွန်မအသက်က ထက်ဝက် ကျိုးနေပြီ။

ထို့ကြောင့် ကျန်ရှိသော နှစ်သုံးဆယ်ကို ပျော်ရွှင်စွာဖြင့် ဖြတ်သန်းရန် ကျွန်မ ကြိုးစားရပေမည်။

စာကြည့်မျက်မှန်ကို တစ်ကော စားပွဲတင်မီးဖြင့် မဂ္ဂဇင်း စာအုပ်များမှာ ပါသော ကျွန်မတို့ကုမ္ပဏီမှ တင်သွင်း ဖြန့်ချိသည် မိုဘိုင်းဖုန်း ကြော်ငြာများအား စစ်ဆေးကြည့်နေစဉ် ရဲရဲက ကော်ဖီတစ်ခွက် ကျွန်မရှေ့ လာချပေးသည်။

"သိုင်းကျူး"

"ပါးစပ်နဲ့ ပြောရုံတော့ မရဘူးဗျ"

ဆိုကာ ကျွန်မနား သူ့မျက်နှာကို ထိုးပေးသည်။ သူ့ပါးကို နှာခေါင်းဖြင့် ဖွဖွကလေး နမ်းတော့ သဘောကျသွားသည်။ ခုံတစ်ခုံကို ဆွဲယူ၍ ကျွန်မနား ကပ်ထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မမ ဘာတွေ လုပ်နေတာလဲ"

"ဪ... ကြော်ငြာခ ပေးထားပြီး ကြော်ငြာပါ့မပါ ကြည့်ရတာလေ၊ တချို့က ကာဗာမှာဆို ဈေးတစ်မျိုးယူပြီး အတွင်းမှာပဲ ပါတတ်တယ်၊ အဲဒါတွေ စစ်ရတာပေါ့"

"မမ မျက်မှန် ပါဝါ ဘယ်လောက်ရှိလဲ"

"မမှတ်မိတော့ဘူး... များမယ်ထင်တယ်၊ အနီးဆို မျက်မှန် ချွတ်ထားရင် မမြင်ရဘူး၊ အဝေးက မြင်ရသေးတယ်"

"ဒါဆို မောင့်မျက်နှာကို အနီးကပ်ကြည့်ရင် ဘယ်လို မြင်ရလဲ"

"ရုပ်ဆိုးတာပေါ့၊ နှာခေါင်းက အရှည်ကြီး၊ မျက်လုံး ကလည်း ပြူးပြူးကြီး၊ သွားကလည်း ခေါခေါကြီးပေါ့"

"မဟုတ်တာ ပြောနေပြန်ပြီ"

"တကယ် ပြောတာဆို"

"မမ..."

"ဟင်..."

ကျွန်တော် မမကို ပေးစရာ ရှိတယ်"

"အင်း... ဘာလဲ၊ ရည်းစားဘဝတုန်းက ချေးထားတဲ့ အကြွေးလား၊ စာရင်းပျောက်နေလို့ အတိအကျ မမှတ်မိဘူး"

"အဲဒီအကြွေးအတွက် လူကို ထိုးအပ်ပြီးပြီလေဗျာ"

"မလိုချင်ပါဘူး"

"ဒါဆို မမက ဘယ်လိုပြန်အပ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါ... သူ နစ်နာဦးမယ်"

ကျွန်မ ဖတ်နေသော စာအုပ်ပေါ်သို့ သူက ဘူးအပြာရင့်ရောင် ရှည်ရှည်လေးကို ချပေးသည်။

"ဘာလဲ... ရဲရဲ..."

"ဖွင့်ကြည့်လေ... ဖွင့်ကြည့်ရင် သိမှာပေါ့"

"ပေးမယ့်လူက ဖွင့်ပြရမှာပေါ့"

"အိုကေ...အိုကေ"

ဘူးထဲမှာ လက်စွပ်၊ နားကပ်၊ လည်ဆွဲနှင့် ဟန်းချိန်းအပျော့စား တစ်ကုံးကို သူ့နေရာနှင့်သူ ထည့်ထားတာ တွေ့ရသည်။

တန်ဖိုး သိပ်ကြီးမည် မဟုတ်သော နီလာပွင့်များနှင့်ရွှေဖြူသည် ကျွန်မမျက်စိထဲ လှတယ်ဟုမမြင်။ အဖြူနဲ့အပြာဆိုတော့ တစ်မျိုးကြီးပဲ။

"ကျွန်တော် မမကို မင်္ဂလာဦးလက်ဆောင် ပေးတာနီလာက ငြိမ်းချမ်းတယ်လို့ ပြောကြတယ်၊ တန်ဖိုးတော့ သိပ်မကြီးဘူး။ မမ ကြိုက်ရဲ့လား"

"အင်း...ကြိုက်ပါတယ်"

"ဒါဆို ကျွန်တော် ဝတ်ပေးမယ်"

ဆွဲကြိုး၊ နားကပ်နှင့် ဟန်းချိန်းက ပြဿနာ မရှိသော်လည်း လက်စွပ်က ကျွန်မလက်သူကြွယ်နှင့်ဆို ကြီးနေပြီး လက်ခလယ်မှာ လာတော်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လက်ထပ် လက်စွပ်ဆိုတာ လက်သူကြွယ်မှာ ဝတ်ရတာဗျ"

"အို... ရဲရဲကလည်း။ လက်ခလယ်ပဲ တော်တဲ့ဟာကို၊ နောက်မှ လက်သူကြွယ်နဲ့ တိုင်းပြီး တစ်ကွင်း ထပ်လုပ်ပေးပေါ့"

"လုပ်ပေးမှာ သိလား။ မမကို မမ မီဘတွေ လက်ထက်ကထက်သာအောင် ကျွန်တော် ထားမှာ၊ အချိန်တော့ နည်းနည်းပေးရမှာပေါ့ဗျာ၊ ဆယ်နှစ်လည်း ဖြစ်ချင်ဖြစ်မယ်၊ ဆယ့်ငါးနှစ်လည်း ဖြစ်ချင်ဖြစ်မယ်၊ ကျွန်တော်တို့နှစ်ယောက် ဒီလိုအတူနေရဖို့ဆိုတာ အတော်ခဲယဉ်းတာ၊ မမ စိတ်ဆင်းရဲမှာ ကျွန်တော်စိုးတယ်"

ကျွန်မ မျက်မှန်ကိုချွတ်၍ စားပွဲပေါ်တင်လိုက်ပြီး ရဲရဲနှင့်မျက်နှာချင်းဆိုင် ထိုင်လိုက်သည်။ သူ့မျက်နှာက အပူအပင်ကင်းစင်သော ကလေးတစ်ယောက်လို အေးငြိမ်းနေတာ ကျွန်မပြောမှားတွေကြောင့် စိတ်ညစ်သွားမလားမသိ။

"ဒီနေ့ ရုံးမှာ မန်နေဂျာညီမ မင်္ဂလာဆောင် ဖိတ်စာဝေတယ် သိလား"

"အင်း..."

"ကိုယ့်ကို ဘယ်လို ရှုသွားတယ်မှတ်လဲ၊ ယောကျ်ားယူတာ ကန်စွန်းရွက်ဝယ်သလို လက်ထဲရောက် ပြီးရော မဖြစ်သင့်ဘူးတဲ့၊ လူသိထင်ရှားဆိုလားပဲ လုပ်ရမယ်တဲ့"

"မှားနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်... ဘာများတာလဲ"

"လှုသီထင်ရှား မဟုတ်ဘူး... လှုသီရှင်ကြား၊ မမက အဲဒါကြီးကို ဗီးလ်င့်ပ်နေတာပေါ့"

"စိတ်ထဲ ဘယ်ကောင်းမလဲ၊ ကိုယ့်မှာ အခက်အခဲတွေနဲ့ ဆိုတော့ လုပ်လို့မဖြစ်၊ Wedding Reception လုပ်လိုက်ရင် နှစ်ဖက်မိဘကို အရှက်ခွဲသလို ဖြစ်မှာလည်းစိုးရနဲ့ ကိုယ့်ကို ဘာလို့ ဟားချင်ကြတာလဲ မသိဘူးလို့ တွေးမိတယ်"

"အဲဒီလို မင်္ဂလာဆောင်ပြီး အိမ်ထောင်ရေး အဆင်ပြေမယ် ဆိုတာ သေချာလို့လား။ ကြွားဖို့လေ... ခဏအတွက်နဲ့ လူလည်း စိတ်ပင်ပန်း ကိုယ်ပင်ပန်း ဘာအမြတ်မှ မထွက်တဲ့ လုပ်ငန်းကို နှစ်ဖက်မိဘ အဆင်ပြေလည်း ကျွန်တော်က မလုပ်ချင်ဘူး။ မမက လုပ်ချင်မှာပေါ့... မိန်းကလေးပဲ၊ ကျွန်တော် သိပါတယ်။ စိတ်ချပါဗျာ... ကျွန်တော် မမကို ကြီးကျယ်ခမ်းနားတဲ့ လက်ထပ်ပွဲ တစ်ခု မလုပ်ပေးနိုင်ပေမယ့် ကြီးကျယ်ခမ်းနားတဲ့ ဘဝတစ်ခု ပေးမှာပါ။ မမကို အမြဲတမ်း စိတ်ချမ်းသာစေရမယ်၊ ငွေကြေးလည်း မပူမပင် ရှာပေးမယ်၊ မွေးလာမယ့် သား၊သမီးကိုလည်း သူတို့မှာ အကောင်းဆုံးအဖေ ရှိတယ် ဆိုတာမျိုး ဖြစ်စေရမယ်"

"မောင်က ငယ်သေးတယ်လေ၊ ကလေး အဖေလို့ အခေါ်ခံချင်ပြီလား"

"ခံချင်တာပေါ့... ကလေးအဖေဆိုတာ နည်းတဲ့ဂုဏ်လား။ ကိုယ့်မျိုးဆက်သစ်ကို ထားနိုင်ခဲ့ပြီဆိုတဲ့ အဓိပ္ပာယ်ပဲ၊ မမရော ကလေး ချစ်တတ်လား"

www.burmeseclassic.com



"အင်း... ချစ်တတ်တယ်၊ ဒါနဲ့လေ မာန့်ကို ဟိုတစ်နေ့ ညကအိပ်မက်တယ်၊ သိလား...အိပ်မက်ထဲမှာ မာန်က မမတို့နဲ့ လာနေမလို့တဲ့၊ အဲဒါ ရဲရဲကို ပြောဖို့ မေ့နေတာ"

"အဲသလို တကယ် ပြောသွားသလား"

"ဟုတ်တယ်၊ ကိုယ့်စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ မာန်ကလေ သူ မသေခင်ညက Reincarnation အကြောင်းတွေ ပြောပြ သွားသေးတယ်၊ လူ့ဝင်စားဆိုတာ ယုံလားတဲ့၊ နောင်ဘဝကျရင် သူ့မှာ အားလုံး ပြီးပြည့်စုံတဲ့ ဘဝမျိုး လိုချင်တယ်တဲ့၊ မာန့်ဘဝက ဘာမှ မပြည့်စုံခဲ့ဘူး၊ လမ်းခုလတ်မှာ ရပ်သွားသလိုမျိုးပဲ၊ ပညာ ရေးလည်း သူ Ph.d လိုချင်တာ မသွားဖြစ်တော့ဘူး။ အချစ်ရေး မှာလည်း ကျွန်ရစ်ပဲ၊ ရောဂါဆိုးတစ်ခုကိုလည်း ငယ်ငယ်ရွယ်ရွယ်နဲ့ ခံစားရသေးတယ်၊ ငွေဆိုလည်း သူ့မှာ ရှာလိုက်ရတာ ဖတ်ဖတ် မော၊ သေတဲ့အထိ သူနေချင်တဲ့ အိမ်နဲ့တောင် နေမသွားရရှာဘူး"

"ဒါဆိုရင် သူ့ဘဝက သိပ်သနားစရာ ကောင်းနေပြီ၊ အမြဲတမ်း struggle လုပ်(ရုန်းကန်)ပြီး ဘာမှလည်း မရသွားရှာဘူး။ ဒီတိုင်းဆို သူ ကျွတ်မယ် မထင်ဘူး။ ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာ အဲသလို စွဲလမ်းငြိတွယ်မှုများရင် လူဟာ သေတာတောင် ဝိညာဉ်က တဝဲလည်လည်ဖြစ်နေတတ်တယ်လို့ ယုံကြည်ကြတယ်"

"မာန့်အတွက် ဘာလုပ်ပေးနိုင်လဲ ဟင်"

"အလှူအတန်း လုပ်ပေးလို့ရတယ်၊ အဲဒါဆို သူ ကောင်းရာ မွန်ရာ ရောက်သွားမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"မာန်က စိတ်ကောင်း ရှိတာပဲ၊ မာန်က ကောင်းကင်ဘုံကို တန်းရောက်မှာပါ"

"ဒါဆို မမကရော reincarnation ကို မယုံဘူးလား"

"ဟင်..."

"ကျွန်တော်လည်း သေချာတော့ မရှင်းပြတတ်ဘူး။ ဒါပေမယ့် မမမှာ ကလေးရှိလာရင် အဲဒီကလေးက ကျွန်တော့်သွေးပဲ၊ ကျွန်တော် ချစ်မှာပါ၊ ကျွန်တော် သူ့ကို ကောင်းကောင်းကာကွယ်စောင့်ရှောက်မှာပါ၊ တကယ်လို့ မမ သူငယ်ချင်း မာန်သာ ဖြစ်ခဲ့ရင်လည်း ကျွန်တော် သူ့ကို သူ့ အရင်ဘဝနဲ့ လုံးဝခြားနားတဲ့ ဘဝတစ်ခု ဖန်တီးပေးမှာပါ၊ ကျွန်တော့်သမီး ဖြစ်တဲ့အတွက် သူ့မှာ မပြည့်စုံတာမျိုး၊ စိတ်ညစ်ရတာမျိုး၊ အားငယ်ရတာမျိုး ဘယ်တော့မှ မရှိစေရဘူး"

ကျွန်မ လိုက်မမီသော၊ ရင်းနှီး ကျွမ်းဝင်ခြင်း မရှိသော အကြောင်းအရာ တစ်ရပ်ကို အကျယ်တဝင့် မဆွေးနွေးချင်ပါ။ ကျွန်မတို့မှာ ကန့်သတ်ချက်တွေ၊ စည်းတွေ၊ ဘောင်တွေရှိနေသေးသည်။ အစဉ်အလာ ထုံးတမ်းနည်းနာများ ရှိသေးသည်။ ထူးခြားသည်က မာန့်ကို ကျွန်မအိပ်မက်ထဲမှာ လုံးဝမြင်မက်ခြင်းမရှိတော့ဘဲ လက်ထပ်ပြီး သိပ်မကြာခင်မှာ ကိုယ်ဝန်ရှိလာခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆီးစစ်ထားသော အနီရောင်းနှစ်ချောင်း ပေါ်နေသည့် အတံကလေးကိုကြည့်ပြီး ကျွန်မရင်ထဲတွင် ဝမ်းနည်းသလိုလို၊ ဝမ်းသာသလိုလို ခံစားချက်မျိုးစုံ ရောထွေးကာ ရင်ခုန်လာသည်။ ဒါဆို ငါ ကလေး ရှိနေပြီပေါ့။

ကြိုတင် ပြင်ဆင်ခြင်းမရှိဘဲ ရုတ်တရက် ရလာသည့် အတွက် အံ့သြရုံမှတစ်ပါး ကလေးအပေါ်တွင် မလိုစိတ်တော့မရှိခဲ့။ မောင်များသိရင် ဆိုတာတွေးပြီး ချက်ချင်း ဖုန်းဆက်ရသည်။ သူ့ဖုန်းက မရေးထဲ မအားချေ။

ကျွန်မအနေဖြင့် လူဝင်စားခြင်း၊ မစားခြင်းထက် ကျွန်မ ကလေးကို မာန်သာ ဖြစ်စေချင်သော ဆန္ဒက ပိုများပေသည်။ ဘာပဲဖြစ်ဖြစ် ကျွန်မသည် ရှင်သန် ထ,မြောက်ခြင်းကို ယုံကြည်သူ ဖြစ်သည်။

ကျွန်မချစ်သော လူတစ်ယောက် ပြန်လာမည့် အရေးအား မည်သည့် ကိုးကွယ်မှုနှင့်မျှ မတိုင်းတာဘဲ လွတ်လပ်စွာ ကြိုဆိုလို ပါသည်။ မာန်သာဖြစ်ခဲ့ရင် မာန် စိတ်ဆင်းရဲဖို့ဆိုတာ လုံးဝမရှိစေရ သော ဘဝတစ်ခုကို ကျွန်မ အင်အားရှိသလောက် ကြိုးစား၍ ဖန်တီးပါမည်။

သို့သော် မာန် မဖြစ်နိုင်ဟူ၍လည်း ငယ်စဉ်ကတည်းက အရိုးစွဲ ယုံကြည်မှုက ထောက်ခံနေပြန်သည်။ မောင် ပြန်လာသော အခါ ကျွန်မက ရှုပ်ရှင်ထဲကလို မူယာမာယာဖြင့် တိုးတိုးပြောဖို့ သတိမရဘဲ ခပ်ကျယ်ကျယ်ပဲ အော်ပြောမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင် ကလေးအဖေ ဖြစ်ရတော့မယ် သိလား"

သူ့လက်ထဲမှအိတ် ကြမ်းပြင်ပေါ်သို့ ကျသွားပြီး ကျွန်မကို သူ အံ့သြစွာ ကြောင်ကြည့်နေသည်။ ထို့နောက် တဖြည်းဖြည်း ပြုံးလာပြီး ကျွန်မကို ပွေ့ချီ၍ အားပါးတရ ရယ်မောကာ ခုတင်ပေါ်သို့ ချပေးသည်။

"တကယ်လားဟင်... တကယ်ရော ဟုတ်လို့လား"

"ဆီးစစ်ထားပြီးပြီ မောင်ရဲ့"

"ဟား... ပျော်လိုက်တာဗျာ၊ နှစ်လပဲ ရှိသေးတယ်နော်၊ မမဟာက ဟုတ်ရော ဟုတ်ရဲ့လား၊ တော်ကြာ မဟုတ်ဘဲ နေဦးမယ်"

"ဟုတ်ပါတယ်ဆို"

အိမ်ထောင်သည် ဘဝတွင် နှစ်ကိုယ့်တစ်စိတ် ဖြစ်သွားကြပြီး ဘာကိုမှ ရှက်ခြင်း၊ ကြောက်ခြင်းမရှိပော့ဘဲ ကျွန်မနဲ့ ရဲရဲသည် ရင်းနှီး ချစ်ခင်လာခဲ့ကြသည်။

ကျွန်မတို့မှာ ကျဉ်းသော်လည်း လှပ၍ နေချင့်စဖွယ် အခန်းတစ်ခန်း ရှိသည်။ စက်ဘီး တစ်စီး ရှိသည်။ နှစ်ယောက်လုံး အလုပ်ကိုယ်စီဖြင့်။ စားရေး သောက်ရေးအတွက် ကျွန်မ ငွေကို စာရင်းနှင့် စိစစ်သုံးသလို ရဲရဲ ကလည်း အပိုမသုံး တစ်လတစ်ခါ ကျွန်မအတွက် လက်ဝတ်ရတနာ တစ်ခုခုဝယ်ပေး တတ်သည်။ တန်ဖိုးအများကြီး မဟုတ်ပေမယ့် အိမ်ထောင်သက် ကြာလျှင် များပြားလာသော ရတနာများက ကျွန်မတို့ နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အချစ် သင်္ကေတများအဖြစ် တည်ရှိလာကြမှာ ဖြစ်သည်။ ရဲရဲနှင့် ကျွန်မသည် တစ်ယောက်ဆန္ဒကို တစ်ယောက် ငဲ့ညှာ၍ ညှိယူသော အိမ်ထောင်ရေးမျိုးဖြင့် ကျွန်မတို့ နှစ်ယောက်သည် ရန်ဖြစ်ခြင်း မရှိသလောက် နည်းပါးလာခဲ့သည်။

ကျွန်မဘဝကို ခုနေခါမှာ ကျေနပ်မယ်ဆို ကျေနပ်တတ်နေပြီ ဖြစ်သည်။

"ဒီနေ့ကစပြီး အိမ်အလုပ်ကို မမ မလုပ်နဲ့တော့၊ မောင်ပဲ လုပ်မယ်"

"ဘယ်ဖြစ်ပါ့မလဲ... တစ်ယောက်တည်း အိမ်အလုပ်လည်း လုပ်ပြီး စီးပွားရေးလည်း ရှာရသေးတယ်ဆို မောင် အရမ်းပင်ပန်းမှာပေါ့"

"ဗိုက်ထဲက ကလေးလေး ပင်ပန်းမှာ စိုးလို့ပါ၊ ဟဲ ဟဲ... မမဗိုက်က ကြီးလည်း မကြီးသေးဘူးနော်၊ ကလေးသေးလို့များလား"

"မောင်ရယ်... ပေါက်ပေါက်ရှာရှာ၊ အခုမှ တစ်လကျော် ကျော် ရှိဦးမှာ၊ ဘယ်လိုလုပ် ဗိုက်က ထွက်ဦးမှာလဲ"

"မသိဘူးဗျာ... မနက်ဖြန်ကျရင် ဗိုက်ဖုံးအင်္ကျီတွေ ဝယ်လာပေးမယ်၊ ဒီလိုအင်္ကျီတွေ မဝတ်ရတော့ဘူး၊ ဗိုက်ဖုံးအင်္ကျီပဲ ဝတ်ရမယ်၊ ပြီးရင် ကျွန်တော်နဲ့ ညနေတိုင်း လမ်းလျှောက် ထွက်ရအောင်"

"အထူးအဆန်းပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ကြွားတာလေ... ကျွန်တော် ကလေးအဖေ ဖြစ်ပြီဆိုတာ ကြွားတာ"

သူ့မျက်နှာ ပြုံးပျော်နေကာ ကလေးတစ်ယောက်လို ကျွန်မကို လှည့်ပတ်က,လိုက်၊ ပါးကို လာနမ်းလိုက်ဖြင့် ဂနာလုံးဝ မငြိမ်။ ကျွန်မရဲ့မိသားစု။ မကြာခင်မှာ ကျွန်မရဲ့ ကိုယ်ပိုင်မိသားစု ရှိလာတော့မည်။ ကျွန်မရဲ့ ခင်ပွန်း။ ကျွန်မ၏ ကလေး။

ငါ မရှိတော့ရင် နင် လက်ထပ်ဖို့ ကြိုးစားရလိမ့်မယ်ထင် တယ်။ နင့်ကို ငါ စိတ်မချဘူး။

ကျွန်မကို ခုလိုမျိုး ကျေနပ် နှစ်သိမ့်နေတဲ့ ဘဝမျိုးမြင်ရင် မာန်တစ်ယောက်လည်း ပြုံးနေနိုင်မယ် ထင်ပါသည်။ မာန်သည် ကျွန်မ မငိုတတ်တာ သိလျက်နှင့် ငိုမှာကို စိုးရိမ်ပေးတတ်ခဲ့သော ကျွန်မ၏ သူရဲကောင်းလည်း ဖြစ်သည်။

"မာန်...အခုဆို ငါ့မှာ ကလေးလေး ရှိနေပြီ ကလေးလေး က ခုမှ တစ်လကျော်လောက်ပဲ ရှိသေးတယ်၊ ဖြူလား မည်းလား လဲ မသိဘူး။ ဘယ်လောက်ထိ ကြီးနေပြီလဲ ငါမပြောတတ်သေးဘူး ခုချိန်မှာ ပြောနိုင်တာတစ်ခုက ငါ အရမ်းပျော်နေတယ်၊ ငါ့ကလေး လေးကို ငါသိပ်ချစ်နေတယ် မာန်၊ ငါ့မှာ အဖော်ရှိနေပြီ၊ သိလား... ငါ့ကလေးလေးကို နင် စောင့်ရှောက်ပေးပါနော် မာန်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မနှင့် ဗိုက်ဖုံးအင်္ကျီသည် မတော်ဘဲ ပွဲယောင်းလျက် လူက အကြီးကြီး ဖြစ်နေသည်။ ရဲရဲကတော့ ဒီပုံမကျ ပန်းမကျကိုပဲ ကြည့်၍ သဘောကျနေသည်။ မဝတ်ချင်ဘူးဆိုလည်း မရချေ။ အတင်းဝတ်ခိုင်းသဖြင့် ရုံးကို ဝတ်လာခဲ့ရသည်။

"လက်ထပ်တာ ဘယ်လောက်မှလည်း မကြာသေးဘဲနဲ့ ဗိုက်က ထွက်လာပြီ"

"ဗိုက်ရှိလို့ ယူတာ နေမှာပေါ့"

"အေးလေ... ကောင်လေးက ငယ်ငယ်လေးဥစ္စာ၊ မယူမဖြစ်လို့ ယူရတာ နေမှာပေါ့၊ နို့မို့ ကောင်လေးမှာ ရည်းစား ရှိသားပဲ၊ သူ့ကို ယူမလား"

ကျွန်မ မကြားအောင် ပြောနေခြင်းမျိုးမဟုတ်ဘဲ ကြားအောင် ပြောနေခြင်းမျိုးလားဟု ထင်ရအောင် အသံများက ကျယ်လှသည်။

သူတို့ဟာ ကျွန်မ၏ ယောကျ်ားယူခြင်းကို လည်းကောင်း၊ ကလေးရှိခြင်းကို လည်းကောင်း သူတို့အရေး ကိစ္စများထက် ပို၍ စိတ်ဝင်စားကြသည်။ ညနေ အိမ်ပြန်ရောက်တော့ ဗိုက်ဖုံး အင်္ကျီကို စိတ်တိုတိုဖြင့် လုံးထွေးကာ အဝတ်ခြင်းထဲ ပစ်ထည့် လိုက်မိလေသည်။

"ဒီအင်္ကျီကြောင့် မဝတ်ချင်ပါဘူး ဆိုလည်း အတင်းဝတ်ခိုင်း တယ်၊ ငါ့ကို လူပြော လူဆိုခံရအောင် တမင်လုပ်နေတယ်"

ကျွန်မ ဒေါသဖြင့် ပွစိပွစိပြောနေချိန်မှာ သူက ထမင်းအိုး ထည့်ကာ အဝတ်လျှော်ရန် ပြင်ဆင်နေချိန် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူက ဘာပြောလိုက်ပြန်ပြီလဲ"

"Preg ရှိလို့ မင်းက ကိုယ့်ကို ယူတာတဲ့၊ ကောင်းကြ သေးလား"

"ဟား... ဟား... ကျွန်တော့်ကို အထင်ကြီးကြတယ်ပေါ့ ဟား... ဟား..."

"ဘာပြောတယ်... မင်းကို အထင်ကြီးကြတယ်ဆိုတော့ ကိုယ့်ကို အထင်သေးတဲ့ သဘောပေါ့... ဟုတ်လား၊ ယောကျ်ား တစ်ယောက်ကို ကိုယ်ဝန်ကြောင့် မျက်နှာအောက်ချပြီး ကိုယ်က ယူရတယ်ဆိုတဲ့ သဘောလား"

"ဟာဗျာ... မမက လျှောက်တွေးနေပြန်ပြီ၊ worry ပဲ"

"ငါ ဒီကလေးကို မယူဘူး"

"ခင်ဗျား ဘာလုပ်မလို့လဲ"

"ဖျက်ပစ်မယ်ဟေ့ ဖျက်ပစ်မယ်၊ ငါ့ဂုဏ်သိက္ခာနဲ့တော လဲပြီး မမွေးနိုင်ဘူး၊ တို့မျိုးထဲမှာ ခုနစ်လနဲ့ မွေးတာရှိဘူးတယ် တော်ကြာ ခုနစ်လနဲ့ ငါ့ကလေးမွေးခဲ့ရင် သူများ လက်ညှိုးထိုးတာ ခံရဦးမယ်"

"လုပ်ရဲရင် လုပ်ကြည့်လေ သူများ အားတိုင်း ယားတိုင်း အတင်းပြောတာကို ခေါင်းထဲ ထည့်စဉ်းစားပြီး ကိုယ့်ကလေး ကိုယ် သက်ပစ်မယ်ဆိုရအောင် ခင်ဗျားနဲ့ ကျွန်တော့် အခြေအနေ ခင်ဗျား အသိဆုံးပဲ၊ ဒီကလေးကြောင့် လက်ထပ်ရတယ်ဆိုတဲ့ အနေအထားမျိုးနဲ့ ဆိုရင်တောင် မိခင်စိတ် မရှိတဲ့ စကားမျိုး



www.burmeseclassic.com

www.burmeseclassic.com



မပြောသင့်ဘူး၊ ခင်ဗျားကို အသိဉာဏ်ရှိတဲ့ မိန်းမလို့ ထင်ခဲ့တာ၊ လက်စသက်တော့ ခင်ဗျားလည်း သာမာန်မိန်းမတစ်ယောက်ပဲ၊ ကိုယ့်ကိုယ်ကိုထက် ပတ်ဝန်းကျင်ကို ဂရုစိုက်တယ်၊ ပတ်ဝန်းကျင်က သွေးခွဲရင် ခင်ဗျား ကျွန်တော့်ကိုပါ သတ်ရင်သတ်မှာ တော်တော် ကြောက်စရာ ကောင်းတဲ့ မိန်းမ"

"အဲဒါတွေအားလုံး နင့်ကြောင့်၊ ငါ နင်နဲ့ လက်ထပ်လိုက်ကတည်းက လူအားလုံး မျက်စိအောက်မှာ ကြည့်စရာ 'ငါ တစ်ယောက်ပဲ ရှိတော့သလို ငါ ခံစားရတယ်၊ ငါ့ကို တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်မျိုးနဲ့ လူတွေကဲ့ရဲ့တာ ခံရတယ်၊ ဘယ်တော့မှ အဲဒီဒုက္ခ ဆုံးမှာလဲ၊ ငါ အဲဒီဒုက္ခကို မခံချင်ဘူး"

"အဲဒီဒုက္ခက ခင်ဗျား တစ်ယောက်တည်း ခံရတဲ့ ဒုက္ခ မဟုတ်ဘူး၊ လူတိုင်းခံရတဲ့ ဒုက္ခ၊ ဘယ်သူမဆို အချီးမွမ်း ခံဘူးတဲ့လူ မရှိဘူး၊ အကဲ့ရဲ့မခံဘူးတဲ့လူ မရှိဘူး၊ လူအားလုံး ဒီစပ်က ပြောနိုင် ဆိုနိုင်သမျှ ကာလပတ်လုံး အပြော အဆို ခံရမှာပဲ၊ သူတို့ပြောသလိုသာ လိုက်ပြီးနေရင် ခင်ဗျားမှာ နေစရာ ရှိတော့ဘူး၊ နားလည်လား... မြည်းတစ်ကောင်နဲ့ သားအဖ နှစ်ယောက်လိုမျိုး ဖြစ်နေတာ၊ ခင်ဗျားအပြစ် လည်း မဟုတ်ဘူး ကျွန်တော့်အပြစ်လည်း မဟုတ်ဘူး၊ ပြောတတ် ဆိုတတ်တဲ့ လူ့အကျင့်ကိုက မကောင်းတာ၊ သူများ ဘာဝတ်လဲ၊ ဘာစားလဲ ဘယ်လောက် ချမ်းသာလဲ မုဒိတာများဖို့ လူဆိုတာ ဆယ်ဦးနှုန်းမှာ တစ်ယောက် မရှိဘူး၊ ခင်ဗျားကို သူတို့ပြောကြမှာပေါ့၊ ခင်ဗျားကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ချစ်လို့ အိမ်ကိုတောင်စွန့်ပြီး ယူခဲ့တာ၊ ကျွန်တော်တို့ နှစ်ယောက် ဘယ်လောက် ဒီခရီးကိုဖြတ်ခဲ့ရသလဲ၊ အခု တည်ငြိမ်မယ် မကြံသေးဘူး လှိုင်းက ထ,လာပြီ ခင်ဗျား တစ်သက်လုံး လက်တွဲရမှာ ကျွန်တော့်ကိုပါ၊ သူတို့ကို မဟုတ်ဘူး၊ ခင်ဗျားက သုံးဆယ်ပေမယ့် လှနေတာကိုး၊ သူတို့က ပုံမကျ ပန်းမကျ ဖြစ်ကုန်ပြီ၊ တချို့ဆို ယောကျ်ား လိုချင်လျက်မရကြဘူး၊ တစ်ချို့က ကိုယ်လိုတာနဲ့ ရတာ မကိုက်ဘူး၊ ဒီတော့ ခင်ဗျားကို သူတို့ထက် ပြည့်စုံတယ်ထင်ပြီး တောင်ပြော မြောက်ပြော ပြောမှာပဲ၊ ဒါ သဘာဝပဲ...ဒီတော့ ခင်ဗျား အလုပ်ထွက်ပြီး အိမ်မှာပဲနေမလား။ ဆက်လုပ်မလား။ ကြိုက်တာရွေးလေ၊ ကျွန်တော်ကတော့ ဒီပါးစပ်ပေါက်တွေကို ဘာလို့ ပိတ်လို့ကိုရမယ်မှန်း စဉ်းစားလို့ကို မရတော့ဘူး။ အိမ်ထောင်ရေး ဆိုတာ ဒီလိုမျိုး ပတ်ဝန်းကျင်ကြောင့်ပဲ ကွဲကုန်ကြတာ၊ ဘေးက သွေးထိုးပေးနေတာကိုး၊ ကျွန်တော် အဲဒီလို အဖြစ်မခံနိုင်ဘူး"

ကျွန်မ ဒေါသကို ပြန်ထိန်းလိုက်ရပါသည်။ သူပြောတာ ကျိုးကြောင်း ဆင်ခြင်မှု အများကြီးပါသည်။ ကျွန်မကိုလည်း အပြောအဆို ခံရမှာပဲ ဆိုတာ ပထမဆုံး ကိုယ်ချင်းစာမိပါသည်။

"မင်းကိုရော...ဘာမှ မပြောကြဘူးလား"

"ပြောတာပေါ့...ပြောကြတာမှ အများကြီး၊ ဒါပေမယ့် အဲဒါတွေ ခင်ဗျားကို ပြန်ပြောပြဖို့ မလိုဘူး၊ ပြန်ပြောလိုက်ရင် ခင်ဗျား စိတ်တိုမယ်၊ ဒေါသ ထွက်မယ်၊ အကုသိုလ် များမယ်

www.burmeseclassic.com



ပြောကြပါစေဗျာ... သူတို့ပြောတာတွေ အားလုံးက အကျိုးမှ မရှိတာ၊ နံရံလို ကျင့်စမ်းပါဗျာ၊ နံရံဆိုတာ သူ့ဆီကို ပစ်ပေါက်လိုက်တဲ့ ဘာပစ္စည်းကိုမှ မယူထားဘူး၊ ပြန်ကန်ထွက်တယ်"

"ဒါပေမယ့် နံရံမှာ ထွင်းထားတဲ့ စာလုံးတွေ ရှိတတ်တယ်လေ"

သူ သက်ပြင်းချကာ အဝတ်များကို ပလတ်စတစ်ဇလုံကြီးထဲထည့် ဆပ်ပြာမှုန့် ဖောက်ထည့်သည်။ ထို့နောက် ရေအနည်းငယ် ထည့်ကာ ရေချိုးခန်းထဲ ဒီတိုင်း ထားခဲ့ပြီး ကျွန်မနား ပြန်လာထိုင်သည်။

"ကျွန်တော် နားလည်ပါတယ်၊ တချို့ လူတွေရဲ့ ပါးစပ်က စားတပ်ထားသလိုပဲ ကြောက်စရာ သိပ်ကောင်းတယ်၊ ဒါပေမယ့် ရှောင်ရမှာပေါ့၊ မရှောင်လို့ ဖြစ်မလား၊ ထိပ်တိုက်တိုးတော့ ကျွန်တော်တို့ပဲ စိတ်ထိခိုက်ရမယ်"

သူက လေသံအေးသွားပြီး ဖျောင်းဖျနေပြန်သည်။

"မင်းနဲ့ ကိုယ့်မှာ အသက် သိပ်ကွာနေတာကိုလည်း သူတို့ အပြစ်ပြောကြမှာပဲ၊ ဗိုက်ဖုံးအင်္ကျီကို မြင်တာနဲ့ သူတို့ ထင်တာ ပြောကြပြန်ရော၊ ကိုယ်တို့ မင်္ဂလာ မဆောင်ဖြစ်တော့ တိတ်တိတ်ပုန်း လင်ယူထားသလိုမျိုး ပြောကြပြန်တယ်၊ ကိုယ့်အတွက် လက်ထပ်လိုက်တာ ဒီလောက် စိတ်သောက များမယ်မှန်း မသိပါဘူး"

"မမ နောင်တ,ရနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

ကျွန်မ စကားက ပြတ်သွားလှသည်။ သူ ကျွန်မအနားက ထွက်သွားကာ ထမင်းပေါင်းအိုး အဖုံးတစ်ချက် ဖွင့်ကြည့်သည်။ ထမင်းအိုး မီးတက်တော့မည်ဟု ကျွန်မကို ပြောသလို တစ်ချက် ပြောသည်။

ကျွန်မလည်း စိတ်ပင်ပန်းလှသဖြင့် အိပ်ခန်းထဲဝင်ကာ ခုတင်ပေါ်ပစ်လှဲပြီး သိပ်မကြာခင် အိပ်ပျော်သွားတော့သည်။

❋

ကျွန်မ နိုးလာချိန်မှာ ညရှစ်နာရီခန့် ရှိနေပြီဖြစ်သည်။ ကမန်းကတန်းထ,ကာ ရဲရဲကို ရှာတော့ မတွေ့။

ထမင်းအိုးက အောက်တိုမှ မီးဝါပြီး ချက်ချင်းပိတ်သွား၍ တော်သေးသည်။

အဝတ်ဗီရိုထဲမှာ လျှော်ရန်အဝတ်များက ဒီအတိုင်း။ ကျွန်မကို စိတ်ဆိုးပြီး တစ်နေရာရာ ထွက်သွားသလားပဲ။

အခန်းတံခါးကို အပြင်မှပိတ်ကာ ကျွန်မတို့ ခြောက်ထပ် တိုက်အမိုးအပေါ် ကျွန်မ ဖြည်းညှင်းစွာ တက်လာခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စိတ်ညစ်ရင် တိုက်ခေါင်မိုးပေါ် တက်ပြီး အောက်ကို ငုံ့ကြည့်တတ်တယ်။ ထိုစကားကို ကျွန်မ မသိစိတ်မှာ စွဲလမ်းနေခဲ့ပုံရပါသည်။ ခေါင်မိုးပေါ်မှာ တကယ်ပဲ သူ ရှိနေသည်။ ကျွန်မ ခြေသံကြောင့် သူ နောက်ကို လှည့်ကြည့်သည်။

ဘုရားရေ...၊ သူ ငိုနေခဲ့ပါလား။ ကျွန်မ မှားသွားပြီထင်ပါရဲ့။

"မောင်"

ကျွန်မ သူ့ပခုံးပေါ် ခေါင်းတင်၍ သူ ကြည့်နေရာသို့ လိုက်ကြည့်လိုက်သည်။ ကားတွေ...လူတွေ... အားလုံး သေးနေကြသည်။

"မမကို ခွင့်လွှတ်ပါကွယ်"

"ကျွန်တော်တို့ အခု Poseidon သင်္ဘောပျက်ထဲ ရောက်နေသလို ခံစားရတယ်၊ မမ ပြောခဲ့ဖူးသလိုပဲ၊ လူ့ဘဝဟာ တစ်ခါတလေ ကံကြမ္မာလှိုင်း အကြီးစားနဲ့ တွေ့ရတတ်တယ် ဆိုတာ၊ ကျွန်တော် ဘယ်လောက် လှိုင်းကြမ်းကြမ်း ခံနိုင်ရည် ရှိတယ်၊ ဒါပေမယ့် မမဆီက ကျွန်တော်နဲ့ လက်ထပ်လိုက်လို့ နောင်တ ရတာမျိုးတော့ မကြားချင်ဘူး။ နောင်တ ရကောင်း ရလိမ့်မယ်၊ ဒါပေမယ့် မမ ကျွန်တော့်ကို နောင်တ ရတယ်လို့ မပြောစေချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပြောနေရင်း အသံ တိမ်ဝင်သွားကာ သူ့ပါးပြင်ပေါ် မျက်ရည်များ ထပ်မံစီးကျလာသည်။ ကျွန်မ သုတ်ပေးဖို့ စိတ်မကူးပါ။ သူသည် ကျွန်မပြောသမျှကို မှတ်သားထားပြီး ခံစားတတ်သူ ဖြစ်ကြောင်း ကျွန်မ သိလိုက်ရပြီပဲ။ ကျွန်မစကားတွေ ပြောခဲ့သည်။

သူက ထိုစကားတွေအတိုင်း လိုက်လံနေထိုင်ဖို့ ကြိုးစားခဲ့သည်။

ကျွန်မက ပြောရုံသာ ပြောခဲ့သူလို ဖြစ်နေသည်။

အဲဒီအတွက် ကျွန်မ ကိုယ့်ကိုယ်ကို ရှက်မိသည်။ လောလောဆယ်တော့ သူပြောသလို ကျွန်မတို့နှစ်ယောက် သဘော်ပျက်ချိန်လို ကျွန်မလည်း ခံစားနေရတာပဲ။ ထွက်ပေါက်ကို ရှာလို့ မတွေ့နိုင်။

ခြေတစ်လှမ်းမက ကျွံဝင်ခဲ့ပြီးသော ဘဝသစ်တစ်ခုဆီကနေ ကျွန်မ ရနိုင်တာ ရှိသလို ပေးဆပ်ရတာတွေ ရှိနိုင်ကြောင်း တဖြည်းဖြည်း ကျွန်မ နားလည်ခဲ့ရတာလည်း ဖြစ်နိုင်သည်။

ပေးဆပ်ခဲ့ရတာတွေ သိပ်များပြီလို့ ကျွန်မ ပြောရင် ဒီအိမ်ထောင်ရေးဆီက မျှော်လင့်ထားတာ သိပ်များလို့ပဲဟု ပြောနိုင်သေးသည်။

ကျွန်မကို ထိုမျှော်လင့်ချက်များကပဲ လုပ်ကြံသတ်ဖြတ်နေကြသည်။ ကျွန်မကို ထိုမျှော်လင့်ချက်များကပဲ နာကျင်ကြေကွဲအောင် လုပ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင် စိတ်ကျေနပ်အောင် ကိုယ် ဘာလုပ်ပေးရမလဲ"

သူ ကျွန်မကို ပြန်ဖြေပုံက ရိုးစင်းပါသည်။

"ကျွန်တော်က မောင်,လို့ မမ တစ်ချက်ခေါ်လိုက်တာနဲ့ အရည်ပျော်သွားခဲ့ပြီးပါပြီ"

ကျွန်မ သူ့ရင်ခွင်မှာ မျက်နှာအပ်ကာ ဘာကို ငိုချင်မှန်း မသိ။ မျက်ရည်တော့ ကျမလာခဲ့ပါ။ ကျွန်မတို့ နှစ်ယောက်လုံးဘဝ သဘော်ပျက်ကြီးထဲမှာ စွန့်စားခန်း တစ်ခုကို နှစ်ဦးသဘောတူ စတင်ခဲ့ပြီး ထွက်ပေါက် မတွေ့သေးသူများလို မှန်းကြပ်နေကြသည်။ အဲဒီအချက်ကိုတော့ ငြင်းမရ။

နှစ်ဖက်မိဘရဲ့ ထိုးနက်ချက် ကြီးမားတာကြောင့်ရယ်၊ ပတ်ဝန်းကျင် လှိုင်းဒဏ်ကြောင့်ရယ် ကျွန်မမှာတောင် ဒီမျှနာကျင် ရလျှင် သူက အသက်ငယ်သူ၊ ပို၍ နာကျင်ရလိမ့်မည်ဟု ကျွန်မ ကိုယ်ချင်းစာတတ်မိသွားသည်။

တကယ်တော့ ကျွန်မတို့နှစ်ယောက်ဟာ ချစ်လို့ လက် ထပ်ခဲ့ကြတဲ့ သူတွေပဲ။

စိတ်ဆန္ဒ လစ်ဟာချက် မြောက်မြားစွာကိုတော့ ဒီလောက် အချိန်ကာလလေးဖြင့် တစ်ဦးနှင့်တစ်ဦး ပြည့်စုံအောင် ဖြည့်စွမ်း ပေးနိုင်ကြမယ် မထင်။

ပြီးတော့ ဒီလက်ထပ်ခြင်းမှာ သူက ကျွန်မအပေါ် နှင့်နှင့် သီးသီး ယုံကြည်ခဲ့ပြီး ကျွန်မကတော့ အိပ်မက်သူရဲကို ကယောင် ကတမ်း လမ်းလျှောက်နေခဲ့သည်။

www.burmeseclassic.com



ကျွန်မသည် အသက်အားဖြင့်သာ သုံးဆယ် ဆိုသော်လည်း လူ့ဘဝနှင့် ပတ်သက်လျှင်မူ အတွေ့အကြုံ နုနယ်သေးသော ကလေးတစ်ယောက်လိုသာ ဖြစ်နေသည်။

ကျွန်မ ကိုယ်ဝန် သွားအပ်တော့ သူ မလိုက်နိုင်။ နယ်သို့ သုံးရက်ခရီး သွားနေရသည်။ အိုဂျီနှင့် ပြသပြီး ဆေးခန်းထဲက အထွက်မှာ လူတစ်ယောက်နှင့် ဝင်တိုးမိသဖြင့် "ဆောရီး"ဟု တောင်းပန်ပြီး မော့မကြည့်မိ။

"ယုလျှာ"

ဟု ခေါ်သံကြားမှ အသံကို သိပ်ရင်းနှီးသလိုဖြစ်ပြီး မော့ကြည့်လိုက်ရာ ကိုကို ဖြစ်နေသည်။ စကား ခဏပြောရအောင် ဟုဆို၍ ကျွန်မကို ဆေးရုံနှင့်နီးသော အအေးဆိုင်တစ်ခုသို့ ခေါ်သွားသည်။

ကိုကိုနဲ့ ကျွန်မသည် ရည်းစားဘဝက ဒီဆိုင်မှာ တစ်ခါ လာထိုင်ခဲ့ဖူးသေးတာ ကျွန်မ အမှတ်ရမိပါသည်။ သို့သော် ကာလများစွာ ကြာမြင့်ခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ဝန် လာအပ်တာလား"

ကျွန်မအတွက်ရော သူ့အတွက်ပါ ချောကလက်မစ်ရှိတ်နှစ်ခွက်မှာပြီး သူက စကားစ,သည်။

"ဟုတ်ကဲ့"

"အိမ်ထောင် ကျသွားတယ်လို့တော့ ကြားတယ်၊ အမျိုးသားက တော်တော်ငယ်တယ်ဆို"

"ဟုတ်ကဲ့"

"ဒါပေမယ့် အဆင်ပြေတယ်မို့လား"

"………"

"အဆင်ပြေမှာပါ၊ ယုလျာကို ကောင်လေးက ချစ်မယ့်ပုံပဲ"

"ကိုကို ဘယ်တုန်းကတွေ့… အဲ"

ရည်းစားဟောင်းကို ကိုကိုဟု နှုတ်ကျိုးနေသည့်အတွက်သူကတော့ မဆန်းသလို ရယ်နေသည်။

"ခေါ်တတ်သလို ခေါ်ပါ၊ မောင်နှမလိုပေါ့"

"ဘယ်တုန်းက တွေ့လို့လဲ"

"တမင် လာကြည့်တာ၊ အဲဒီတုန်းက သူ ဈေးဝယ်လာတာ ထင်တယ်၊ ဆွဲခြင်းထဲမှာ အပြည့်ပဲ၊ ယုလျာကို ပေးမဆွဲဘူး ယုလျာတို့ အိမ်အောက်ထပ်မှာ နှစ်ယောက်သား ရယ်လို့မောလို့ အရမ်းပျော်နေကြတဲ့ပုံပဲ"

"ဒါနဲ့ ကိုကိုရော…"

www.burmeseclassic.com



"ဘာကိုလဲ"

"ကလေး ဘယ်နှစ်ယောက် ရပြီလဲ"

"မယူသေးဘူး"

"ကိုကို လက်ထပ်တာ ကြာလှပြီပဲ"

"ဟုတ်တယ်၊ ကိုယ် အင်္ဂလန်မှာ သုံးနှစ်ခွဲ ကြာခဲ့သေးတယ်၊ ပြန်ရောက်လာတာ ခြောက်လလောက်ပဲ ရှိသေးတယ်"

"ကိုကို့အမျိုးသမီးက ဘယ်မှာလုပ်လဲ"

"သူ အလုပ်မလုပ်ဘူး"

"ဪ..."

"အဆင်ပြေမယ်ထင်လို့ လက်ထပ်ခဲ့တာ ယုလျာ၊ ဒီလိုပဲ အချစ်က သိပ်အရေးမပါဘူးလို့ ထင်ခဲ့တယ်၊ အမျိုးသမီးက အနောက်တိုင်း တော်တော်ဆန်တယ်လေ၊ ကိုယ်တို့နှစ်ယောက်က ခုထိတော့ Legally (တရားဝင်) divorce (ကွာရှင်း) မလုပ်ရသေးတာက လွဲလို့ တစ်ကွဲစီဖြစ်နေတာ ကြာပြီ"

"ရှင်... ဒါဆို ကိုကို့အိမ်ထောင်ရေး အဆင်မပြေဘူးပေါ့"

"အင်း... အဲသလိုပဲ ပြောရမယ်"

ကျွန်မ ဘာဆက်ပြောရမှန်း မသိ။

"ကိုယ်လည်း သိပ်မကြာခင် လက်ထပ်ဖြစ်မယ် ထင်တယ်"

"ဟုတ်ကဲ့"

"ရယ်စရာ မကောင်းဘူးလား ယုလျာ"

"ရှင်..."

www.burmeseclassic.com

www.burmeseclassic.com



"ဩော်... လက်ထပ်တာကို မြေစမ်း ခရမ်းပျိုးနေရသလိုပဲ၊ အဖြည်းဖြည်းသိလာတာ လက်ထပ်တဲ့ အလုပ်က ဘွဲ့တစ်ခု ယူတာထက် ပိုခက်သလိုပဲ၊ တစ်နည်းပြောရရင် လူ့ဘဝမေးခွန်း တွေက စာမေးပွဲမေးခွန်းတွေထက် ပိုခက်တယ်၊ ဒါနဲ့ မာန် တစ်ယောက်ရော၊ သိမ်နဲ့ ကလေးတွေ ဘာတွေ ရရောပေါ့"

"မာန်နဲ့ သိမ် လက်မထပ်ဖြစ်ဘူး ကိုကို"

"ဩော်... ဟုတ်လား"

"မာန် ဆုံးသွားတာ သိပ်မကြာသေးဘူး၊ ငါးလကျော်ပဲ ရှိဦးမယ်"

"ရုတ်တရက် ဆုံးတာလား၊ ဘာဖြစ်လို့လဲ"

"နှလုံးရောဂါနဲ့ပါ၊ ရုတ်တရက်တော့ မဟုတ်ဘူး၊ သူ ကျောင်းစ,တက်ကတည်းက ဖြစ်နေတာ၊ ယုလျာကိုလည်း သူ့ ရောဂါ အခြေအနေ ပေးမသိဘူး၊ ပေးသိတဲ့ညက မသေခင် ညလေ"

"ဩော်... ကျွတ်... ကျွတ်... ကျွတ်... သနားစရာ ကောင်းလိုက်တာ၊ ဒါဆို ယုလျာ လက်ထပ်တော့ မာန် ဆုံးပြီးမှ ပေါ့"

"ဟုတ်ကဲ့"

"ဘယ်သူ ဘာပြောပြော ကိုယ် စိတ်ချမ်းသာရင် ပြီးတာပဲ ယုလျာ၊ လူနှစ်ယောက်မှာ ဘာသာ မတူတာ၊ အသက်ငယ်တာ တွေက အပြင်ပန်းကွာခြားချက်တွေပဲ၊ တကယ်တမ်း တစ်ယောက်

www.burmeseclassic.com



ကို တစ်ယောက် နားလည်မှုနဲ့ သစ္စာ စောင့်ထိန်းဖို့က အရေးကြီး
တယ်၊ ဘယ်လိုပြောရမလဲ၊ ဗလာစာအုပ် တစ်အုပ်မှာ အပြင်
ကာဗာ ဘယ်လောက်လှလှ အတွင်းသားဖြူပြီး ရေးလို့ကောင်းဖို့
လိုတယ်မို့လား၊ အဲသလိုပေါ့”

ကျွန်ုပ်မ မေးခွန်းတစ်ခုကို မေးသင့်၊ မမေးသင့် ချိန်ဆ
နေမိသည်။

အချိန်တွေကလည်း ကြာခဲ့ပြီ မဟုတ်လား။ သို့သော်
သဲသဲကွဲကွဲတော့ သိချင်သေးသည်။

“ယုလျာ တစ်ခုခု မေးချင်နေသလိုပဲ... ဟုတ်လား”

“အင်း... ကျွန်မကို ဘာလို့ထားခဲ့တာလဲဆိုတာ ပြော
လို့ ရမလား”

သူက ပြုံးလေသည်။ အဲဒီအပြုံးက ကျွန်မကို မဆွဲဆောင်
နိုင်တော့ပါ။

“အဆင်ပြေမယ် မထင်လို့ပါ၊ ဘယ်လို ပြောရမလဲ၊ ...
တစ်ယောက်အနေနဲ့ ယုလျာအပေါ်မှာ ကိုယ် ယုံကြည် ...
မရခဲ့ဘူး၊ ကိုယ်လိုချင်တဲ့ point တွေ တစ်ခုမှလည်း မရှိ...
အဲဒီလို သစ်စိမ်းချိုး ချိုးခဲ့မိတာပဲ၊ အဲဒါကြောင့်လည်း ယုလျာ...
တောင်းပန်ဖို့ ကိုယ် လိုက်ရှာခဲ့တယ်၊ ဆေးရုံတစ်ဖက်၊ ...
တစ်ဖက်နဲ့ ဆိုတော့ သိပ်မအားတာနဲ့ မြန်မြန်မ...ခဲ့...
ကိုယ်တွေ့တဲ့ အချိန်မှာ ယုလျာ လက်ထပ်ပြီး... တစ်...
လောက်ပဲ ရှိသေးတယ် ထင်တယ်၊ ယုလျာ ရုံးကို သွားမေး...



www.burmeseclassic.com

www.burmeseclassic.com



သိခဲ့တာ၊ ကိုယ်သိချင်တာထက် စပ်စုပုံရတဲ့ မန်နေဂျာက အကုန်ပြောပြပေးခဲ့လို့ အသက်ငယ်တာတွေ၊ ဘာသာ မတူတာတွေ သိခဲ့ရတာ၊ ယုလျာနဲ့ ကိုယ်က risk ယူတတ်တဲ့ လူတွေပဲ၊ ကိုယ်စွန့်စားရတာ မတန်ဘူး"

"ကိုကိုက တကယ်စွန့်စားခဲ့ရတာ မို့လို့လား"

"စွန့်စားရတာပေါ့၊ လုံးဝမချစ်တဲ့ မိန်းမတစ်ယောက်ကို ကံစမ်းမဲဖောက်သလို ယူရတာလေကွာ၊ အစိမ်းသက်သက်ကြီး၊ သူကလည်း ကိုယ့်ရဲ့နာမည်နောက်က ပိုင်ဆိုင်မှုတွေကို ကြိုက်တာ၊ နှစ်ယောက်လုံးက ကျော့ကွင်းတစ်ခုစီနဲ့ပေါ့၊ နောက်ဆုံး ကိုယ့် ကျော့ကွင်းမှာ ကိုယ်တိုင် သားကောင်ဖြစ်သွားတာပဲ၊ အမှန်အတိုင်း ပြောရင် မှားပြီလို့ သိလိုက်တဲ့အချိန်မှာ နောက်ဆုတ်ရင် ရသေးတယ်၊ နှစ်ယောက်လုံး ရှေ့ဆက်တိုးတော့ ဒီနေ့လိုအခြေအနေ ဖြစ်လာတာပဲ၊ သူက ကွာရှင်းဖို့ အရင်တောင်းဆိုထားတာ"

"ဪ..."

"ယုလျာကို တောင်းပန်ပါတယ်၊ နှစ်တွေ ကြာပေမယ့် တစ်နေ့နေ့ လိုက်ရှာပြီး တောင်းပန်မယ်လို့ ကိုယ် ရည်ရွယ်ထားခဲ့တာ၊ ဒီနေ့ တွေ့လိုက်ရတော့ အရမ်း ဝမ်းသာသွားတာပဲ"

ကျွန်မ စိတ်ကျေနပ်သွားပါသည်။ ကျွန်မကို ဒီနေ့လို ပုံစံမျိုးဖြင့် တွေ့ရ၍ သူ အထင်သေးမယ်ဟုထင်ခဲ့တာ။ အထင်နဲ့ အမြင် ကွာခြားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြီးခဲ့တာတွေ ပြီးပြီပဲ ကိုကို၊ ကျွန်မ အခု ဘဝမှာ နေပျော်ပါတယ်၊ အဆင်မပြေတာတွေတော့ ရှိတာပေါ့၊ ကျွန်မတို့က ဘောင်ခတ်ခံထားရတဲ့ အတွေးအခေါ်တွေနဲ့ နေတာကိုး။ ဒါပေမယ့် ကျွန်မ ကျေနပ်ပါတယ်၊ သူက ငယ်ပေမယ့် သိတတ်တယ်၊ နားလည်တယ်၊ ကျွန်မအတွက် ခွန်အားလည်းပေးတယ်၊ ကျွန်မကိုလည်း သိပ်ချစ်တယ်"

"စွန့်စားရတာ တန်တာပေါ့ ယုလျာ"

ကိုကိုက သူ့ကားနှင့်ပင် ကျွန်မအိမ်ကို ပြန်လိုက်ပို့ပေးသည်။ ကျန်းမာရေးကိစ္စဖြင့် လည်းကောင်း၊ တခြားကိစ္စဖြင့်လည်းကောင်း သူ့အကူအညီလိုလာလျှင် အချိန်မရွေး အကူအညီတောင်းရန် ဖုန်းနံပါတ်၊ လိပ်စာ အကုန်ပေးခဲ့သည်။

ကျွန်မကို တကယ်ချစ်လျက် ထားခဲ့ပါတယ် ဆိုတာကို ကျေနပ်တာလား၊ သူမှားတာကို ဝန်ခံလို့ ကျေနပ်တာလား။

ကျွန်မ လက်ရှိဘဝကို ကျေနပ်တာလား... အားလုံး ရောထွေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုနှင့် တွေ့ခဲ့ကြောင်းကို သူ နယ်မှ ပြန်လာသည့် ညတွင် ကျွန်မ အကုန်အစင် ပြောပြလိုက်ပါသည်။ ဖုံးကွယ် ထိန်ချန်ထားလျှင် သူ့အပေါ် မတရားရာ ကျမှာစိုးသဖြင့် အမှန် အတိုင်း ပြောပြရခြင်း ဖြစ်သည်။

ပထမတော့ သူ ငြိမ်သက်စွာပဲ နားထောင်နေသည်။ ကျွန်မ ဗိုက်ဖုံးအင်္ကျီများကို မီးပူတိုက်ရင်းဖြင့် သူ နားထောင် နေတာဖြစ်သည်။ ကျွန်မ ပြောပြ၍ ဆုံးသောအခါ သူ မီးပူတိုက်၍ ပြီးပြီ။

"မောင်... ဒီနားက လှုပ်လိုက်သလိုပဲ"

"အန်... ဘယ်နားလဲ... ဘယ်နားလဲ"

ကျွန်မဗိုက်ကို အပြုံးအပြုံ လှန်ရှာကာ နားဖြင့် ကပ် နားထောင်သည်။

"ကလေးတိုးတာ ထင်တယ် မောင်ရဲ့"

"ဟုတ်လား... သေချာလို့လား။ အထဲက ကောင်က တန်တာတ်ပြီပေါ့၊ ဟား... ဟား... သားလေးလား မသိဘူး၊ ဘောလုံးကန်ဖို့ အဖော်ရပြီ"

"အို... ပါးစပ်ပုပ်ကြီးနဲ့၊ အာထရာဆောင်းတောင် မရိုက် ရသေးဘူး၊ သားလား... သမီးလား ဘယ်လိုလုပ် သိမှာလဲလို့"

"သားပဲဖြစ်မှာ... ကန်တယ်ဆို"

"ဟင့်အင်း... သမီးပဲ လိုချင်တယ်"

www.burmeseclassic.com



"မကောင်းပါဘူးဗျာ… သမီးမွေးရင် သားရှင်တွေက ယောက္ခမလို့ အခေါ်ခံရမှာ"

"အံ့မယ်… သူကျတော့ သူများသားသမီး ယူထားပြီး တော့…

"ဘာပဲဖြစ်ဖြစ် မမရာ၊ သားလေးပဲ လိုချင်တယ်"

ကျွန်မတို့ နှစ်ယောက်သည် သားလား သမီးလား ဆိုတာကို သိချင်ဇော ပြင်းပြနေသော်လည်း အာထရာဆောင်း မရိုက်ခဲ့ကြ။

သူက မရိုက်စေချင်။ ဘုရားပေးတဲ့ ကလေးပဲ။ ဘာဖြစ်ဖြစ် ချစ်မယ်။

သားလေးဆိုရင် ပိုကောင်းတယ်ဟု ဆိုသည်။

"ဘာဖြစ်လို့လဲ"

"သားဆိုရင် ရှင်ပြုပေးလို့ရတယ်၊ သင်္ကန်းလေးနဲ့ အရမ်း ကြည်ညိုစရာ ကောင်းမှာပဲ"

နောက်မှ သူ့စကားကို သူ ပြန်ထိန်းကာ…

"မမကရော ဘာလို့ သမီး လိုချင်တာလဲ"

"ထွေထွေထူးထူးတော့ မရှိပါဘူး။ သမီးကလေး ဆိုတော့ ခမေကို ကူဖော်လောင်ဖက် ရတာပေါ့၊ အနည်းဆုံး အမေ့ စားချက်ကိုပဲဖြစ်ဖြစ် ပြောပြလို့ ရနိုင်တယ်လေ၊ အသက်ကြီး ဘာ့ အမေနဲ့ သမီးဆိုတာ ပိုပြီးနီးစပ်လာတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အင်း... ဟုတ်တာပဲ၊ မောင်ကတော့ သားလေးပဲ လိုချင်တာဗျ။ ဒီကောင့်ကို သုံးနှစ်သားကတည်းက ကွန်ပျူတာ ဝယ်ပေးထားမယ်"

"ဘာလဲ... ဂိမ်းစွဲအောင်လို့လား"

"ဂိမ်းသမားတွေက ဉာဏ်ဒီလောက်ကောင်းတာ မမရဲ့"

"တော်ပါ...မောင် လူပျိုတုန်းက တစ်လ တစ်လ ဂိမ်းဆိုင် ကို လုပ်ကျွေးလိုက်ရတာ အမေ။ မသိဘူး မှတ်နေလား။ သားကနည်းနည်း အဖေကများများ၊ ကလေးကို အကြောင်းပြပြီး အခွင့်အရေး ယူလို့ကတော့ ရှင့်ကို ကျုပ် ရိုက်မယ်"

ကျွန်မတို့ နှစ်ယောက်သည် အားလပ်ချိန်တိုင်း ဗိုက် တစ်လုံးနှင့် အလုပ်ရှုပ်လေ့ရှိသည်။ ဗိုက်ထဲက ကလေးအတွက် ဘာပစ္စည်း ဝယ်ပေးရမလဲ၊ ဘာနာမည် ပေးရမလဲ၊ ဘယ်ကျောင်း မှာ ထားရမလဲ စသည်ဖြင့် ကြိုတင် တွေးတောကာ စိတ်ကူး ယဉ်ကြသည်။

"မောင်နဲ့တူရင် ကလေးက ချောမှာ"

"ဟဲ...ဟဲ... ခုတော့ သိပြီမို့လား"

"ရုပ်လှပြီး အသုံးမကျတော့ ဒုက္ခပါပဲနော်"

"ကလေးကြီးလာရင် ဘာလုပ်ခိုင်းရင် ကောင်းမလဲ"

"နိုင်ငံခြား လွှတ်မယ်"

"ကျွန်တော် လုံးဝ သဘောမတူဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လဲ"

"ဟိုမှာ ငယ်ငယ်ကတည်းက သွားထားရင် ဘုရားမသိ၊ တရားမသိ၊ မိဘမှန်း သိမှာတောင်မဟုတ်ဘူး။ တော်ကြာ သူ့ကို ဆိုဖာပေါ် ထိုင်ခိုင်းပြီး မောင်တို့က ကြမ်းပြင်မှာ ထိုင်နေရဦးမယ်၊ မလွှတ်ဘူး... ကိုယ့်မျက်စိအောက်မှာပဲ ထားမယ်၊ တိုးတက်ချင်ရင် အင်တာနက်ကနေ စာသင်ပေါ့၊ ဒါပဲရှိတယ်၊ မိဘနောက်ကွယ်မှာ ဖြစ်ချင်ရာ ဖြစ်နေမှာ"

"ဒါကတော့ လူတိုင်း ဘယ်ဟုတ်ပါ့မလဲ၊ ထိန်းနိုင်အောင် မမတို့က သင်ပေးရမှာပေါ့၊ ကလေးတွေကို ချည်မထားဘူး။ သမီးဆိုရင် ဆရာဝန် လုပ်ခိုင်းမယ်"

"လာပြန်ပြီ"

"အသက်ကြီးတော့ ကိုယ့်သမီးက ဆရာဝန်ဆို စိတ်ချ ရတာပေါ့ မောင်ရဲ့၊ တကူးတက ဆေးခန်းသွားပြစရာ မလိုတော့ဘူး ဂုဏ်လည်း ရှိတယ်၊ ကဲ..."

"သမီးက ဝါသနာ မပါရင်ကော၊ တော်ကြာ သမီးက ဘောလုံးပဲ ကန်ချင်ပါတယ် ဆိုရင်ကော"

"ဒါဆို ဘောလုံးပဲ ကန်ခိုင်းကြတာပေါ့"

"ဒါမှ မဟုတ်၊ သမီးလေးက သိပ်လှပြီး သိပ်ချစ်စရာ ကောင်းနေရင် မော်ဒယ်လ်လုပ်ခိုင်းရ ကောင်းမလားဘဲ"

"မော်ဒယ်လ် ဟုတ်လား...ဟင့်အင်း... မမက ပညာရေး ဘက်ပဲ အားပေးမှာ၊ မမတုန်းက ပညာရေးမှာ ထူးချွန် ပေါက်

www.burmeseclassic.com

www.burmeseclassic.com



မြောက်မှု မရှိဘူး။ သမီးအလှည့်ကျရင်တော့ ထူးချွန်စေချင်တယ်၊ အင်ဂျင်နီယာလောက်ဆို မဆိုးဘူး၊ မော်ဒယ်လ်ဆိုတာ လှတုန်း ပတုန်း လုပ်ရတာ၊ ပညာရေး ထူးချွန်တော့ တစ်သက်လုံး စိတ်အေးရတယ်၊ မောင်ဟာလေ ကိုယ့်သမီးကို စင်ပေါ် တော်တော် တင်ချင်နေတယ်၊ မမ ကတော့ ကိုယ့်သမီးကို သူများ နှမ်းမှာ တောင် မကြိုက်ဘူး။ အဝေဖန်ခံရတဲ့ ဘဝမျိုး ဘယ်တော့မှ မလုပ်နိုင်ဘူး၊ ဒါပဲ…"

ကျွန်မသည် မသေချာဘဲနှင့် စိတ်ထဲက ကလေးကို သမီးကလေးဟုသာ တစ်ထစ်ချ ယုံကြည် စွဲမှတ်လျက် ဗိုက်ထဲမှ ကလေးကို စွဲလမ်း ချစ်ခင်လျက် တစ်ညလျှင် နှစ်ခါ သုံးခါခန့် အိပ်ရာမှ လန့်နိုးကာ ကလေးလေး ထွက်လာမည့်ရက်ကို ရင်ခုန် စွာ စောင့်စားခဲ့သည်။

"မမ သိပ်နာမှာနော်… ခွဲမွေးသင့်တယ်"

"မမွေးဘူး… ဘာလို့လဲဆိုတော့ မိန်းမတစ်ယောက်ရဲ့ အမြင့်ဆုံးတန်ဖိုးက မိခင်ဘဝပဲ၊ နာနာကျင်ကျင်နဲ့ ကိုယ့်ဝမ်းထဲက ဆွဲထုတ်လိုက်တဲ့ ကလေးလေး တစ်ယောက်ကို ကြီးလာတဲ့အခါ မင်းကို မွေးတုန်းက မေမေ ဘယ်လိုနာခဲ့ရ တာဆိုတာမျိုး ပြောပြချင်တယ်၊ အဲဒါမှ ကလေးက ကိုယ့်ကို ဟီးရိုးလို့ ထင်မှာ ပေါ့၊ ကြည့်စမ်း… ငါ့ကို မေမေက ဒီလောက် ခေတ်မီတိုးတက်တဲ့ ခွဲနည်းတွေနဲ့ မနာအောင် မွေးလို့ရပေမယ့် တမင် အနာခံပြီး



www.burmeseclassic.com

www.burmeseclassic.com



မွေးတယ် ဆိုတာမျိုး သူ့ဦးနှောက်ထဲမှာ စွဲသွားမှာ၊ ဒီကမ္ဘာပေါ်မှာ မမအောတိုင်း မွေးလာတဲ့ ကလေးကို ချစ်ကြတယ်၊ အဲဒီလိုအချစ်တွေထဲမှာ မမအချစ်က အသိဉာဏ်ရှိရှိနဲ့ သူ့ကို အချစ်တတ်ဆုံးလို့ အဲသလို သူ ခံယူစေချင်တယ်"

"ကလေးလေး မွေးပြီးသွားရင် မမ မောင့်ကို ချစ်ပါတော့မလား"

"မောင့်ကို ချစ်လို့ သမီးအပေါ်မှာ ဒီလိုသဘောထားနိုင်တာပေါ့၊ မမမှာ ခုဆို မောင်ရယ်၊ သမီးရယ် မမ ဘဝကြီးတကယ်ပြည့်စုံနေပြီ သိလား"

"နိုင်ငံခြားမှာ Ph.d သွားမယူချင်တော့ဘူးလား"

"ယူချင်စိတ်တော့ လုံးလုံးမပျောက်သေးဘူး၊ သမီး မွေးပြီးရင် ပြန်စဉ်းစားမယ်၊ မမကို မာန်က ပြောခဲ့ဖူးတယ် သိလား၊ မြန်မာပြည်မှာ အကျော်ကြားဆုံးသမားတော် ဒေါ်မြင့်မြင့်ခင်က ပြောဖူးတယ်တဲ့၊ မြန်မာ မိန်းမတွေရဲ့ သက်တမ်း ထက်ဝက်လောက်က မီးဖိုချောင်မှာ အနှစ်ထောင်းရတာနဲ့ အချိန်ကုန်သွားတာ၊ အဲဒီ အချိန်တွေကို သူ နှမြောတယ်တဲ့၊ မမနဲ့ မာန်က အဲသလို တစ်သက်လုံး မနေနိုင်ကြလို့ လက်ထပ်ဖို့ အမြဲ ခေါင်းရှောင်ခဲ့တာ၊ မမ တစ်သက်လုံး မီးဖိုချောင်ရယ်၊ ကလေးရယ် အဲဒီနှစ်ခုနဲ့ မနေနိုင်ပါဘူး၊ မမ အလုပ် လုပ်မယ်၊ Ph.d ယူဦးမယ်၊ သမီးနဲ့ မောင့်ကိုလည်း ချစ်ရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို ရဲရဲက ခပ်တင်းတင်း ပွေ့ဖက်ကာ...

“အဲဒါတွေကြောင့် မမကို ချစ်ခဲ့တာ၊ ကျွန်တော့်ဖနီးဟာ ဒီလိုထက်မြက်တဲ့ မိန်းမမျိုးပဲ ဖြစ်ရမယ်၊ ထက်မြက်တဲ့ ဦးနှောက်နဲ့ ချစ်တတ်သွဲ့ နှလုံးသားတစ်ခု ပါလာတာ ကျွန်တော့်အတွက် အပိုဆုပေါ့”

သမီးဟု မမြင်ရခင်ကတည်းက ရှုံးခဲ့သော ကျွန်မတို့ ဇနီးမောင်နှံသည် လမ်းမှာ ကလေးမလေးတွေ တွေ့တိုင်း ငေးလိုက်ရတာ အမော။ သမီးရူး ရူးနေကြသော ကျွန်မတို့ဆီ ရောက်လာမယ့် ကလေးလေးဟာ ဘယ်လိုမျိုးလေးလဲ။

ကျွန်မ သိချင်လှပြီ။

အရင်ဆုံး ကျွန်မ မြည်းစမ်းခွင့်ရသည်မှာ မီးဖွားခြင်း၏ အကြို နာကျင်မှုအရသာပင် ဖြစ်သည်။ ဝမ်းချုပ်ချင်သလိုလို အိမ်သာတက်ချင်သလိုလို ဆီးစပ် အထက်ပိုင်းက တိုက်ပြီး ခြေထောက်ကိုပင် မသယ်ချင်အောင် တဖြည်းဖြည်း တိုး၍ နာလာသည်။

www.burmeseclassic.com

www.burmeseclassic.com



မိုက်ထဲက ကလေးသည် သူနဲ့ မဆံ့သော မိုက်ထဲကနေ အပြင်ကို ထွက်ရန် စွမ်းအားရှိသမျှ တွန်းကန်နေတာမို့ ဗိုက်ကပါ နာလာသည်။

ပြီးတော့ ကျွန်မ ကလေးက ရေပေါင်တာ[illegible]ကွတ်ဘဲ သွေးပေါင်တာ ဖြစ်သည်။

ထို့ကြောင့် သုံးရက် သုံးညတိတိ မွေးခန်းထဲမှာ ဝဋ်ဒုက္ခကို ကြီးစွာ ခံစားရလေသည်။ ထိုအချိန်တွင် သတိအရခုံးလူက အမေ။

မာမီ အနားမှာရှိရင် ဆိုတာမျိုး မတွေးမိအောင် နေပေမယ့် အတွေးထဲ ရောက်လာတတ်သေးသည်။ သို့ရာတွင် ဒီဝဋ်ဒုက္ခသည် ကိုယ်တိုင် ဖန်တီးယူထားသော ဒုက္ခမို့ ဘယ်သူ့ကိုမှ အပြစ်မတင် ရက်တော့ပါ။

ဒီအချိန်မှာ တစ်ခုသိလိုက်ရတာ မိဘမေတ္တာဆိုတာ စာလေး သုံးလေးကြောင်း၊ သုံးလေးမျက်နှာနဲ့ ရေးဖွဲ့ရုံနဲ့မလောက်ဘူး ဆိုတာပဲ ဖြစ်သည်။

ကျွန်မနားထဲတွင် ကလေးငိုသံ ကြားရချိန်၌ နာသမျှ အရာအားလုံး ပျောက်ကွယ်သွားကာ ပီတိက ချက်ချင်း အစားထိုး ဝင်ရောက်လာသည်။

ဘယ်လိုပြောရမလဲ... အမှောင်ထုကြီးကနေ ရုတ်တရက် အလင်းတန်းနဲ့အတူ ထွက်ပေါက်တစ်ခုကို တွေ့လိုက်ရ သလိုပဲ။

www.burmeseclassic.com



"သမီးကလေးဟော့... ချစ်စရာကြီး။ ကိုးပေါင်ကျော်တယ်၊ အသားကို ရဲနေတာပဲ၊ မျက်နှာဖုံးကလေးနဲ့တော့၊ စွမ်းဦးမှာ... ကျော်ကြားဦးမှာ"

သမီးကလေး... သမီးကလေးတဲ့...။

ကလေးဆီက အူဝဲ ဆိုသော ငိုသံကို ကြားရခြင်းသည် ကျွန်မအတွက် ကုန်ခန်းသွားသော အားအင်တွေ ချက်ချင်း ပြန်လည် ဝင်ရောက်လာသလို ခံစားရစေသည်။

သမီးပါး ကလေးကို တို့ကြည့်သည့်အခါမှာ အိအိထွေးထွေး ကလေးရယ်။

ကလေးလေး တစ်ယောက်ကို ကျွန်မဗိုက်ဖြင့် သယ်ဆောင်၍ လူ့လောကဆီ ပို့လိုက်ပြီ။ ဤသို့ တွေ့ရတာ စိတ်ချမ်းသာ ဆိုက်ပါဘိ။

တကယ်တော့ အရင်တုန်းက တွေ့ခဲ့ဖူးသည်။ လူတိုင်း အိမ်ထောင်ပြု သားမွေးကြတာပဲ။ မဆန်းပါဘူး...။

သို့သော် ကိုယ်တိုင် ကြုံလာရချိန်တွင်တော့ အတွေ့က အွားခြနဲ ပေါ်လာတော့သည်။

ငါ့သွေး၊ ငါ့သား၊ ငါ့ကလေး ဆိုတာမျိုးသည် ကလေး ဆီမှာ စိတ္တဇကံဖြစ် ကပ်ငြိ၍ ရှုးသွား မလားထင်ရလောက်အောင် သမီးကို ငြိတွယ်သော သံယောဇဉ်သည် ကျွန်မကိုယ်မှာ ဟုန်ဟုန်း တောက်လောင်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သားသမီးဖောနင့် ရှုးတယ် ဆိုတာတွေဟာ တကယ် ဟုတ်နေမှာပဲ။ ကျွန်မမှာ သမီးကို သူ့အဖေနှင့် ခွဲခြမ်းချစ်ရတာကိုပင် မနာလို မရှုစိမ့်နိုင်။

"မောင်… ကလေးကို သိပ်မဖက်နဲ့လေ"

"ဘာဖြစ်လို့လဲ မမရဲ့၊ ဖြည်းဖြည်းကလေး ဖက်တာပါ။ ချစ်စရာလေး… ရွှေရုပ်ကလေး…"

"ဟာ… ကြည့်… နမ်းပြန်ပြီ၊ မောင့်ဆီက ရောဂါတွေ ကူးကုန်တော့မှာပဲ"

"မမ… ဘာဖြစ်နေတာလဲ"

"အင်…"

"အေးလေ… ဒါ… မမ တစ်ယောက်တည်း ပိုင်တဲ့ ပစ္စည်း မဟုတ်ဘူး၊ ဟာဗျာ… ပြောရတာ ခက်လိုက်တာ။ ကျွန်တော်က ဖအေပဲ၊ ကိုယ့်သမီး ကိုယ်နမ်းတာ၊ မမ စိတ်ရော မှန်ရဲ့လား"

"မှန်ပါတယ်… သမီးက သိပ်ငယ်ပြီး နုနယ်နေတော့ သမီးဆီကို လူကြီးဆီက ရောဂါတွေ ကူးမှာစိုးလို့"

ဆေးရုံက ဆင်းသောအခါ ကလေးဖို့ နာနီတစ်ယောက် ငှားရသည်။

သို့သော် ကျွန်မမှာ ကလေးနှင့် နာနီကို စိတ်မချနိုင်။ ညဆိုလည်း သမီးကလေး သေးစိုပြီး အအေးများ မိလေမလား။ နို့များ ဆာနေမလား။ ခြင်ထောင်နှင့် သိပ်သည့် တိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ခြင်များ ကိုက်မလား။ လက်အိတ် ခြေအိတ်များ စွပ်ထားပေးသည့်တိုင်အောင် ချမ်းများနေမလားဟဲ့ တွေးကာ ကောင်းကောင်းအိပ်မရဘဲ ခဏခဏ ထကြည့်ရတာ အမော။ မောင်ကတောင်ကျွန်မကို အချစ်သည်းလွန်းတာ သိပ်ကြည့် မရတော့။

"သမီးကို ပျောက်သွားမယ့် ပစ္စည်းတစ်ခုလိုပဲ၊ မမ အရိပ်တကြည့်ကြည့်နဲ့ ကြည့်နေတာ ကျွန်တော်တောင် လန့်လာပြီ"

"ကိုယ် သိပ်ချစ်လို့ပါ၊ သမီးလေးကို ကိုယ် သိပ်ချစ်လို့ပါမောင်ရယ်၊ ကိုယ့်မှာ ပိုင်ဆိုင်တာဆိုလို့ သမီးပဲရှိသလို ခံစားရတယ်၊ သမီးငိုရင် ကိုယ် ဘာလုပ်ရမှန်းတောင်မသိဘူး၊ သမီးကိုမှန်ကလေးတစ်ချပ်လိုပဲ အမြဲကြည့်နေရတာ အားမရဘူး။ သမီးကိုအနာတရဖြစ်မှာလည်း သိပ်စိုးတာပဲ၊ သူများတွေ ချီတာလည်းမကြိုက်ဘူး"

"ကျွန်တော် ချီတာတောင် မကြိုက်ဘူးမို့လား၊ ဖြေပါ"

"အင်း..."

"မမ ဘာလို့ တစ်ဖက်သတ် ဒီလောက်ဆန်ရတာလဲ၊ပြီးတော့ သမီးကိုချစ်တာ ကျွန်တော် မတားပါဘူး။ ကျွန်တော်လည်း နားလည်ပါတယ်၊ ဒါပေမယ့် သမီးအပေါ်မှာ ရှိရှိသမျှအားလုံးပုံအောပြီး တရားလွန် စိတ္တဇတော့ မဖြစ်စေချင်ဘူး"

"စိတ္တဇ... ကိုယ့်ကို ရူးနေတယ်လို့ ပြောတာလား"

"ဘယ်လိုတွေးပြန်ပြီလဲ၊ မအေတိုင်း ကိုယ်မွေးတဲ့သမီးကိုကိုယ်ချစ်ကြတာပဲ၊ မမက လွန်နေလို့"

www.burmeseclassic.com

www.burmeseclassic.com



သမီးအပေါ်တွင် စိတ္တဇစွဲ စွဲ၍ချစ်သော အချစ်သည် လင်မယား စိတ်ဝမ်းကွဲမှုကိုတောင် မကြာခဏ ဖြစ်စေတော့သည်။ ရဲရဲက ကျွန်မ မထင်မှတ်သောမေးခွန်းကို မေးသည်။

"သမီးကလေးကို မာန်လို့ ထင်နေတာလား မမ"

ကျွန်မ တိကျသောအဖြေ မပေးနိုင်ခဲ့ပါ။ သမီးကလေးဟာ ဘယ်ကလဲ။ ကျွန်မအတွက် စဉ်းစားရတာ မသေချာပါ။ အို... မသိဘူး။ ကျွန်မ သမီးကို ချစ်သည်။ ဒါပဲ...။

သမီး တစ်နှစ်ကျော် စကား စပြောတတ်သော အရွယ်မှာ မန်...မန်ဟု အရင်ဆုံး စပြောလေသည်။

"သမီးက ဗိုက်ဆာလို့လား မသိဘူးနော် မောင်၊ မန်မန်တဲ့"

"ခုလေးတင် ထမင်း ကျွေးထားတာကွာ"

"ဒါမှမဟုတ် မမကို မာမိလို့ ခေါ်ချင်တာ မခေါ်တတ်လို့ ဖြစ်မယ်"

ထို့နောက် သမီးက 'ဖေ'ဟု ခေါ်တတ်လာပြန်သည်။ သမီး စကား စပြောတာကို ဝမ်းသာသော်လည်း ကျွန်မကို

www.burmeseclassic.com

www.burmeseclassic.com



မခေါ်တတ်သေး၍ စိတ်မကောင်းစွာဖြင့် ငိုတောင် ငိုရလေသည်။ 'ဖေ'ဆိုပြီး သူ့အဖေနှင့် သမီး အကြည်ဆိုက်ကာ ခိုးခိုးခစ်ခစ် ရယ်လျှင် ကျွန်မ မနာလိုတော့။

"ကြည့်စမ်း... မောင့်ကျတော့ သမီးက ရယ်လို့ မောလို့၊ မမကို ကျတော့ အခုထိ အမေ မခေါ်သေးဘူး၊ သမီးဟာလေ မျက်နှာလိုက်တတ်နေပြီ၊ ဒီအမေက သူ့ကို အနာခံပြီး မွေးထား ခဲ့တာ"

သမီး ှစ်နှစ်ကျော်ခါစ တစ်ညနေမှာ ကျွန်မကို ဘယ်လို ခေါ်ခဲ့သည် ထင်ပါသလဲ။

"ယုလာ...ယုလာ"

ပထမတော့ သမီး ဘာပြောနေမှန်း ကျွန်မ မသိပါချေ။ တဖြည်းဖြည်း နားစိုက်ထောင်တော့မှ ကျွန်မနာမည်ကို ခေါ်နေမှန်း သိတော့သည်။

သမီးက ကျွန်မကို မေမေဟု ခေါ်စေချင်လှပြီ။ ခေါ်မယ့် ခေါ်တော့ ယုလျာတဲ့။ မပီကလာ ပီကလာနှင့် ယုလာဟုခေါ်သည်။

မောင်က သိတော့ ရယ်လိုက်တာ။

"ဟား...ဟား... မမ ကွဲမြီးတိုတာ ရယ်ရသလား မေးနဲ့၊ မေမေလို့ အခေါ်သိပ်ခံချင်နေတယ်ပေါ့လေ၊ မောင် ခေါ်မှာပေါ့၊ ဟား... ဟား..."

ပထမတော့ ကျွန်မပါ မောင်နှင့်အတူ လိုက်ရယ်သေး သည်။ ရယ်နေရင်းနဲ့ တဖြည်းဖြည်း အရယ်ရပ်ပြီး ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ငိုချင်စိတ်ကို တော်တော်ထိန်းထားရသည်။ မောင်လည်း ကျွန်မ အဖြစ်ကို သတိထားမိသွားပုံရသည်။

"ဆောရီး... မမရာ၊ မောင် စ,တာ လွန်သွားတယ်၊ ဆောရီး... ဆောရီး... အရမ်းစိတ်မကောင်း ဖြစ်သွားတယ် ထင်တယ်၊ ဟုတ်လား"

"ဘာလို့ ကိုယ့်ကို မေမေလို့ မခေါ်တာလဲ မသိဘူးနော်၊ သမီးစိတ်ထဲမှာ ကိုယ့်ကို အမေလို့ မထင်လို့လားဟင်"

"ဟာဗျာ...ဘာတွေ လျှောက်တွေးနေတာလဲ၊ ကလေး က အခုမှ နှစ်နှစ်ကျော် ရှိသေးတာ၊ နောက်တော့ ခေါ်မှာပေါ့"

သို့သော် သမီးသည် ထမင်းစားမယ်၊ ရေသောက်မယ်၊ အရုပ်လိုချင်တယ်၊ အိပ်မယ် စသော အခြေခံစကားများကနေ တွတ်တီးတွတ်တာ ပြောတတ်သော သုံးနှစ်အရွယ်အထိ ကျွန်မကို မေမေလို့ မခေါ်ခဲ့ချေ။

ဘာကြောင့်မှန်းလဲ စဉ်းစားလို့မရ။ ကျွန်မမှာ သမီးကို ဘယ်လိုသင်သင် လုံးဝ မေမေလို့မခေါ်ချေ။ ကျွန်မပါးကိုနမ်းသည်။ ကျွန်မနှင့် အိပ်သည်။ ကျွန်မ ထမင်းကျွေးတာ စားသည်။

အားလုံး ပုံမှန်ပဲဖြစ်သည်။ တခြားကလေးတွေ မအေနှင့် နေသလိုပဲ ကျွန်မနှင့် သမီး ရယ်ရယ်မောမောနေသည်။

သမီးသည် ကျွန်မပါးကို သူ့နှုတ်ခမ်းကလေးနှင့် စုပ်ကာ ပြွတ်ခနဲ အသံမြည်အောင် နမ်းတတ်သေးသည်။

သို့သော် ကျွန်မကို ဘာကြောင့် မေမေလို့ မခေါ်တာလဲ စဉ်းစားမရပါ။



www.burmeseclassic.com

www.burmeseclassic.com



သမီးကို နာမည်ပေးဖို့ နာမည်အကြီးဆုံး ဗေဒင်ဆရာဆီ ကျွန်မ ရောက်သွားခဲ့သေးသည်။

သမီးဇာတာကို တွက်ချက်ပြီးသောအခါ ဗေဒင်ဆရာက...

"ဒီကလေးဟာ လှဝင်စားလေးပဲ"

ဟု မဆိုင်းမတွ ပြောချလိုက်ရာ ကျွန်မမှာ ယုံရအခက်၊ မယုံအခက်။

"ဒီကလေးဟာ တစ်နေ့ကျရင် အောင်မြင် ထင်ရှားမယ်၊ မိဘတွေထက် ကျော်ကြားမယ်၊ တစ်ခုတော့ရှိတယ်၊ ကျန်းမာရေး သတိထားရမယ်"

ဆိုကာ သမီးကို မေဂင်္ဂါ ဟူသော နာမည်ပေးလေသည်။

မောင်က လုံးဝ,မကြိုက်။

"ဘာလဲကွာ... အဓိပ္ပာယ်မရှိတဲ့ နာမည်"

"ဂင်္ဂါဆိုတာ မြင့်မြတ်တဲ့မြစ်ရဲ့နာမည်ပဲ မောင်ရဲ့၊ ဂင်္ဂါမြစ်ထဲမှာ ရေချိုးရင် ၉၆ ပါးရောဂါ ပျောက်တယ်လို့ ဟိန္ဒူတွေက ယုံကြည်ကြတယ်၊ အိန္ဒိယ ဇာတ်တော်တွေ တော်တော်များများမှာ ဂင်္ဂါဆိုတာ မပါမဖြစ်ဘဲ၊ မမကတော့ ကြိုက်တယ်၊ မေဂင်္ဂါ... ခေါ်တာမေဂင်္ဂါ...ဘယ်လောက်ခေါ်လို့ကောင်းတဲ့ နာမည်လဲလို့"

"တော်စမ်းပါဗျာ... ဘာ... ခေါ်တာ မေဂင်္ဂါလဲ၊ တော်ကြာ မအေ အရင်ရှူးနေဦးမယ်၊ သမီးဆရာဝန်မဖြစ်ခင် စြည့်လည်းလုပ်ဦး"

"သမီးက မေမေလို့ တစ်ခွန်းလောက်ခေါ်ရင် ဘယ်လောက်ကောင်းမလဲ မောင်ရယ်၊ သမီးက လုံးဝမခေါ်ဘူး"

www.burmeseclassic.com



"ခေါ်မှာပေါ့ကွာ... မမကလည်း စိတ်က စွဲလွန်းတယ် ပြီးရင် ခံစားနေဦးမယ်၊ ကျွန်တော် ကြားက စိတ်ညစ်တယ်"

"မောင်ပဲ ကိုယ်ချင်းစာကြည့်လေ၊ သမီးကို မမ ဘယ်လို စိတ်မျိုးနဲ့ မွေးခဲ့လဲဆိုတာ၊ မမ မီးဖွားရတဲ့ဒုက္ခကိုခံပြီးမှ ခက်ခက် ခဲခဲ မွေးခဲ့ရတာ၊ ဒါပေမယ့် သမီးက ခုချိန်ထိ မအေကို မေမေလို့ တစ်ချက် မခေါ်ဘူး"

မောင်က ကျွန်မကို ပခုံးမှ ညင်သာစွာဖက်ကာ နှစ်သိမ့် ရှာပါသည်။

"ကလေးဆိုတာ ဘာသိမှာလဲ မမရာ"

"ဒါပေမယ့် မောင့်ကိုကျတော့ ဖေလို့ ခေါ်တယ်လေ"

"တစ်ခါတလေကျရင် ကိုယ်လိုချင်တာရဖို့ စိတ်ရှည် သည်းခံပြီး စောင့်ရတယ် မမရဲ့၊ အထူးသဖြင့် သမီးနဲ့ ပတ်သက် လို့ပဲ၊ သမီးကလေးက သာမန် ကလေးတစ်ယောက်နဲ့ မတူတာတွေ အများကြီးရှိတယ်၊ မမ သတိထားမိလား၊ မောင့်ထက် မမကို သမီးက ပိုကပ်နေတာပဲ၊ ညဘက်ဆို မမချော့သိပ်မှ သမီး အိပ်တာ၊ သမီးက မမကို သိပ်ချစ်ပါတယ်၊ မမ စိတ်ထဲမှာ တွေးတာတွေ သိပ်များနေတယ်၊ နည်းနည်းလျှော့တွေးပါကွာ"

"မသိတော့ပါဘူး မောင်ရယ်"

သမီး စကားကို ရေရေလည်လည် ပြောတတ်လာ သည့်နောက်ပိုင်း သမီးနှင့် ကျွန်မ၊ နှစ်ယောက်တည်း သမီးကို ရေချိုးပေးနေစဉ် သမီးက ကျွန်မကို သူ့မျက်လုံးဝိုင်းဝိုင်းများနှင့် မော့ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ယုလာ... မန့်ကို အရမ်းချစ်လား"

သမီးအသံက သိပ်ပီသလွန်းသဖြင့် ကျွန်မ လန့်ဖျပ်ပြီး လက်ထဲက ရေပိုက်တောင် ပြုတ်ကျသွားသည်။

သမီးကို ကြည့်နေရင်း မဖြစ်နိုင်ဘူးဟု စိတ်ထဲမှာရော ဦးနှောက်ထဲမှာပါ ဆူညံစွာ အော်ဟစ်နေပေမယ့် ကျွန်မ နှုတ်ကတော့ ဘာသံမှထွက်မလာ။

"မာန်လေ...မာန်... ယုလာကို ချစ်လွန်းလို့ လာပြန်နေတာ၊ ယုလာက မသိဘူး"

ကျွန်မ အသက်ရှူသံကို ကျွန်မဘာသာ ပြန်ကြားလိုက်ရသည်။ ကျွန်မ ယောင်ယမ်း၍ ထိုင်ရာမှ မတ်တတ် ထရပ်လိုက်သည်။ သမီးသည် ရေချိုးကန် အတွင်းတွင် အပြစ်ကင်းမဲ့သော မျက်လုံးများဖြင့် ကျွန်မ ဖြစ်ပုံတွေကို ကြည့်နေသည်။

"မောင်ရေ...မောင်..."

ကျွန်မ အော်သံကြောင့် အိမ်ရှေ့ခန်းမှာ တီဗွီကြည့်နေသော မောင် ကမန်းကတန်းပြေးလာပြီး ဘာဖြစ်လဲ ဘာဖြစ်လဲဟု မေးသည်။

"သူ...သူ... ဘာတွေပြောနေလဲ မသိဘူး"

"သမီး ဘာဖြစ်လို့လဲ၊ သမီး ဘာမှမဖြစ်ပါလား၊ အကောင်း အတိုင်းပါပဲ"

"မဟုတ်ဘူး ... မဟုတ်ဘူး မောင်၊ သူပြောနေတာယ်"

"မာန် ဘာမှမပြောပါဘူး။ မာန် ယုလာဆီ ခေါ်လို့ပြန်လာတာလို့ပဲ ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ သူတို့ သားအဖနှစ်ယောက်ကို ထားခဲ့ပြီး အိမ်ရှေ့ကို ပြေးထွက်လာခဲ့သည်။ နားထဲမှာ Reincarnation ဆိုတာ တကယ်ရှိတယ် ဆိုသော မာန် မဆုံးမိညက ကျွန်မကို ပြောခဲ့သံအား ထပ်တလဲလဲ ကြားယောင်မိသည်။

"နောင်ဘဝဆိုတာ တကယ်ရှိတယ် ယုလျှာ၊ နင် Fluke ကားကို ကြည့်ဖူးသားပဲ၊ ဒေါ်သနဲ့ မောဟ ပေါင်းပြီး သေခါနီး အစွဲပါတော့ မင်းသားက ခွေးဖြစ်ပြီး သူ့အိမ်သူ ပြန်လာတာလေ၊ ငါလည်း နင့်ဆီ အဲသလိုမျိုး ရောက်လာမလားဘဲ"

"သေတယ်ဆိုတာ မဆန်းပါဘူးဟာ၊ သေကြောင်းကြံတယ်ဆိုတာက အရှုံးပေးတာ၊ လက်မြှောက်တာ၊ ကံကြမ္မာရေ... ငါတော့ ခန္ဓာမရှိရင် ဒုက္ခ မရှိလောက်ဘူးဆိုပြီး လက်နက်ချတာ၊ ဗုဒ္ဓဘာသာ အရဆို အဲဒါတွေက သက္ကာယဒိဋ္ဌိတွေပဲ၊ ခန္ဓာမရှိလို့ ဒုက္ခငြိမ်းမှ မငြိမ်းတာ၊ ဝိညာဉ်က ဒုက္ခ ရောက်နိုင်တာပဲ"

"Reincarnation ဆိုတာက တကယ် ရှိတယ်၊ အဲဒါ သံသရာလို့ ခေါ်တယ်၊ လူဟာ စွဲလမ်းမှုတွေငြိပြီး ဘဝမပြတ် ကျင်လည်ရတယ်၊ သေပြီးတဲ့အခါ တိရစ္ဆာန်လည်း ပြန်ဖြစ်နိုင်တယ်၊ လူလည်း ပြန်ဖြစ်နိုင်တယ်၊ ဝိညာဉ်ဘဝနဲ့လည်း ကျင်လည်နေနိုင်တယ်၊ ဗုဒ္ဓဘာသာမှာ သံသရာစက်ဝန်းဆိုတာ လည်နေတာတဲ့"

ကျွန်မသည် မျက်ရည်ကျသော အလုပ်ကို ဘာကြောင့်မှန်း မသိဘဲ ဘယ်တော့မှ လက်တွေ့ မကျင့်သုံးခဲ့သော မိန်းမတစ်ယောက် ဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မာန်က ကျွန်မနှင့်ယှဉ်လျှင် ငိုလွယ်သူ။ ကျွန်မကတော့ ကြိတ်မှိတ်ခံစားသူ။ မာန်က အန်ထုတ်လွယ်ပြီး ကျွန်မက မျိုချလွယ်သူ။ ထို့ကြောင့် ကျွန်မသည် အရာရာကို ပို၍ နာကျင်စွာ ခံစားရသည်။

သမီးကို ရေသုတ်ပေး၍ မောင်က သနပ်ခါးလိမ်းပေးပြီး အိပ်ရာထဲမှာ သိပ်ပြီးနောက် သွေးပျက် ချောက်ချားနေသော ကျွန်မနားမှာ လာထိုင်သည်။

"ကျွန်တော်က စာသိပ်မဖတ်တော့ ဒီကိစ္စတွေကို သိပ်ရှည်ရှည် ဝေးဝေး မရှင်းပြနိုင်ဘူး။ ဒါပေမယ့် ဖြစ်နိုင်ခြေတွေ ဘယ်လောက်များလဲ ဆိုတာ မမကိုယ်တိုင် သိပါတယ်၊ ရုတ်တရက်တော့ လက်ခံဖို့ ခက်ခဲလိမ့်မယ်၊ အချိန်ကြာလာတော့ သမီးလည်း ဘဝသစ်မှာ နေသားတကျ ဖြစ်သွားတဲ့အခါ မမလည်း စိတ်အနည်ထိုင် သွားလိမ့်မယ်၊

ဒါကြောင့် ဒီလောက်ကြီး သွေးပျက်စရာမလိုဘူး။ ဒီကိစ္စဟာ ကျွန်တော်တို့ထက် အများကြီးသာတဲ့ သိပ္ပံပညာရှင်တွေတောင် တချို့ လက်ခံတယ်၊ တချို့က ငြင်းတယ်၊ အများစုကတော့ ယုံကြည်ကြတယ်၊ မမ မယုံချင်ရင်တောင် အခြေအနေမှန်ကို လက်ခံပေးရမယ့် တာဝန်ရှိတယ်၊ ဘာလို့လဲဆိုတော့ မမက သူ့အမေလေ"

ကျွန်မ ခေါင်းကို ဖြည်းညှင်းစွာ ညိတ်ပြလိုက်သည်။ ကျွန်မတို့ လိုက်မမီနိုင်သော ထူးဆန်း အံ့သြဖွယ်ရာ အဖြစ်အပျက်များသည် နေ့စဉ် ဖြစ်ပျက်နေကြသည် မဟုတ်လား။ ဒါကို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ လက်ခံပါသည်။ ရုတ်တရက်မို့ သိပ်အံ့အားသင့်သွားပြီး ထိတ်လန့်စိတ်ကြောင့်သာ ကျွန်မ ရုပ်ပျက်ဆင်းပျက် ဖြစ်သွားခဲ့ခြင်း ဖြစ်သည်။

"မာန်သာ တကယ်ဖြစ်နေရင် ကိုယ် သူ့ကို သာမန်လူပဲ လုပ်နိုင်းတော့မယ်၊ ဘာလို့လဲဆိုတော့ သာမန်လူ ဖြစ်ရတဲ့အခါ သိပ်ထူးချွန် ထက်မြက်စရာ မလိုတော့ဘူး၊ အဲဒီအခါ တော်အောင် လုပ်ရလို့ ပင်ပန်းတဲ့ဒုက္ခလည်း မရှိတော့ဘူး။ ဒါကြောင့် မအေ့ အနေနဲ့ သမီးအပေါ်မှာရှိတဲ့ ကိုယ့်လောဘကို သတ်ရလိမ့်မယ်၊ မာန်က တော်အောင်လုပ်နေရလို့ ပင်ပန်းပြီး ဘဝဆုံးသွားခဲ့တာ၊ အဲဒါကို ကိုယ် မမေ့ဘူး။ ဘာပဲဖြစ်ဖြစ် သူ ဘယ်လိုပုံစံမျိုးနဲ့ဖြစ်ဖြစ် သူ့ကို ကိုယ် သိပ်ချစ်တာပါ၊ ကိုယ် သူ့ကို သိပ်ချစ်တာပါ မောင် ရယ်"

မောင်က ကျွန်မ ပြောသမျှကို နားလည်နိုင်သော အကြည့် မျိုးဖြင့် ကျွန်မကို ကြည့်လျက်ရှိသည်။

မြလွန်းချို(ဆေးတက္ကသိုလ်)

www.burmeseclassic.com